# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


KBZ BANK
STRENGTH OF MYANMAR

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်　　၂၀၁၆ ခုနှစ်၊ ဧပြီ ၂ ရက်၊ စနေနေ့　　အတွဲ (၅၅)၊ အမှတ် (၁၈၅)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု



**နေပြည်တော်　ဧပြီ　၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းရာတွင် ယခုဥပဒေကြမ်းကို ပါတီစုံဒီမိုကရေစီစနစ် တည်တံ့ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံး၍ ငြိမ်းချမ်းသာယာပြီး *စာမျက်နှာ ၈ ကော်လံ ၁* ■

## အစိုးရသစ်လက်ထက်၌ ရန်ကုန်သင်္ကြန် မဏ္ဍပ်ဈေးကွက်များ စတင်ပြောင်းလဲတော့မည်

**ရန်ကုန်　ဧပြီ　၁**

ယခု ဒီမိုကရေစီအစိုးရလက်ထက်၌ ရိုးရာပျော်ပွဲရွှင်ပွဲများတွင် ကနဦးပြောင်းလဲမှုတစ်ရပ်အနေဖြင့် လာမည့်ရန်ကုန်သင်္ကြန်ကာလတွင် ယခင်နှစ်များက ဆောက်လုပ်ခဲ့သော စီးပွားဖြစ်ဈေးကွက်မဏ္ဍပ်များတည်ဆောက်ဆော့ကစားခွင့်ပြုတော့မည်မဟုတ်ဘဲ မိသားစုနှင့် ကုမ္ပဏီဆိုင်ရာရေကစားမဏ္ဍပ်များသာ ဆောက်လုပ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကတော့ အရင်နှစ်တွေကလို မြန်မာတို့ရဲ့ရိုးရာသင်္ကြန်ပွဲတော်မှာ စီးပွားဖြစ်မဏ္ဍပ်တွေ တည်ဆောက်ခွင့်ပြုတော့မှာမဟုတ်ပါဘူး။ အဓိကကတော့ ရိုးရာသင်္ကြန်ကိုအကြောင်းပြပြီး စီးပွားရှာတဲ့ကိစ္စ၊ ရေကိစ္စ၊ အယ်နီညိုကိစ္စ၊ *စာမျက်နှာ ၉ ကော်လံ ၁* ✻



# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အစိုးရသစ် အရည်အချင်းရှိသလား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရသည့်အခါ ဆန္ဒမဲပေးသူပြည်သူလူထုတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ NLD ၏ အောင်ပွဲသည် မိမိတို့၏ အောင်ပွဲဟု ထပ်တူမှတ်ယူကြသကဲ့သို့ NLD အစိုးရသစ်ပေါ်ထွက်လာမည့် နေ့ရက်ကိုလည်း စိတ်ရှည် လက်ရှည် စောင့်မျှော်ကြသည်။

သို့သော် တစ်ဖက်တွင်လည်း မေးခွန်းထုတ်သံတစ်ခု ကြားလာရသည်။

အဲဒါက အစိုးရလုပ်မည့်သူတွေအရည်အချင်းရှိသလား ဟူ၍ ဖြစ်သည်။

မေးခွန်းထုတ်သူများက NLD ကို မယုံကြည်သူ၊ NLD အစိုးရတက်လာမည်ကို မနှစ်သက်သူတွေဖြစ်သည်။ သူတို့မေးခွန်းကြောင့် NLD လိုလားသော ပြည်သူအချို့ထဲမှာပါ စိုးရိမ်ပူပန်မှုများ ရှိခဲ့သည်။

အကြောင်းက တစ်ခါမှ အုပ်စိုးသူမဖြစ်ဖူးဘဲ နှစ်ပေါင်းများစွာ အတိုက်အခံဘဝမှာ နေလာသူတွေသည် အစိုးရအလုပ်ကို လုပ်နိုင်ပါမည်လား၊ လုပ်ကော လုပ်တတ်မည်လား ဟူသော ဆင်ခြေကန် စဉ်းစားနည်းကြောင့် ဖြစ်သည်။

စင်စစ်နိုင်ငံရေးသမားဆိုသည်မှာ အာဏာမရသည့်အခါ အတိုက်အခံဖြစ်သော်လည်း အာဏာရအောင် လုပ်နိုင်လျှင်ကား အစိုးရအလုပ်ကို လုပ်နိုင်စမြဲဖြစ်သည်။

နှစ်တစ်ရာကျော် ကိုလိုနီနယ်ချဲ့အောက်မှာ ကျွန်ဘဝကျရောက်ခဲ့သည့် မြန်မာတွေ လွတ်လပ်ရေးရသည့်အခါ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်အစိုးရဖြစ်လာခဲ့သည် မဟုတ်လား။ တို့ဗမာတွေ အစိုးရမလုပ်ဖူးလို့ လုပ်တတ်သော နယ်ချဲ့များကိုပဲ ဆက်လက်အပ်နှံထားရမည်ဟု ဘယ်သူစဉ်းစားဖူးသလဲ။

ယခုလည်း ထိုနည်းအတိုင်းပါပဲ။ ယခင် မအုပ်စိုးဖူးသော်လည်း ယခုတော့ပြည်သူက တင်မြှောက်သဖြင့် အစိုးရလုပ်ကြတော့မည်။ အရေးကြီးတာ တိုင်းပြည်အတွက်ထားရှိသည့် စေတနာပါပဲ။ သို့သော် ထားပါတော့။ မေးမြန်းသူတို့ ပြောသောစကားကို ပြန်ကောက်ပါမည်။

NLD တွေမှာ ဘာအရည်အချင်းရှိသလဲ။

NLD မှာ ကြီးမားသောအရည်အချင်းနှစ်ရပ် ရှိပါသည်။

တစ် ။ နှစ်ပေါင်းများစွာ ချေမှုန်းတိုက်ဖျက်သည့်ကြားက၊ စိတ်ဓာတ်မပျက်၊ လမ်းစဉ်မပျက်၊ အဖွဲ့အစည်းမပျက်အောင် ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့သည့် ဇွဲသတ္တိရှိသည်။

နှစ် ။ အခြေအနေ အခွင့်အခါပေးသည်နှင့် တစ်ပြိုင်နက် စုစည်းညီညွတ်စွာ စည်းရုံးလှုပ်ရှားကာ အောင်ပွဲရယူနိုင်သော အစွမ်းသတ္တိရှိသည်။

ဇွဲနှင့်စွမ်းရည်။

အဲဒါသည်။ အားလုံးသိပြီးဖြစ်သည့် NLD ၏အရည်အချင်းများဖြစ်သည်။

အဲသည် အရည်အချင်းနှစ်ရပ်နှင့် တိုင်းပြည်အတွက်ထားရှိသည့် စိတ်စေတနာတို့ ပေါင်းစပ်ကာ NLD အစိုးရတာဝန်ယူဆောင်ရွက်ကြတော့မည်။

သို့သော် လက်တွေ့လောကကတော့ စိတ်စေတနာတို့ အရည်အချင်းတို့ထက် အကျိုးရလဒ်ကို ကြည့်ကာသာ အစိုးရသစ်၏ စွမ်းရည်ကိုအကဲဖြတ်ကြမည်ဖြစ်သည်။

သည်တွင်၊ မျှတစွာ အကဲဖြတ်မည့်သူတို့အတွက် တိုင်းတာရန် စံ-ပေတံနှစ်ခုရှိသည်ဟု မြင်ပါသည်။ တစ်ခုက၊ ယခင်နှစ် ၅၀ ကာလတစ်လျှောက် တိုင်းပြည်ကို စီမံအုပ်ချုပ်ခဲ့သည့် အစိုးရအဆက်ဆက်တို့၏ စွမ်းရည်ဖြစ်သည်။ ထိုအစိုးရအဆက်ဆက်တို့ တိုင်းပြည်တိုးတက်အောင် မည်မျှလုပ်ဆောင်နိုင်ခဲ့ပါသလဲ။ အဲဒါသည် နှိုင်းယှဉ်တိုင်းတာစရာ စံ တစ်ခုဖြစ်သည်။

နောက်စံ-ပေတံတစ်ခုကတော့ ပြည်သူအသိအမှတ်ပြုမှုဖြစ်သည်။

အစိုးရသစ်၏ ဆောင်ရွက်မှုတွေအပေါ် ၄င်းအား တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူတွေ ကျေနပ်အားရမှုရှိသလား မရှိဘူးလားဟူသော အချက်ဖြစ်သည်။

အဆိုပါ ဒုတိယ ပေတံသည်ပင် အစိုးရသစ်အရည်အချင်းရှိမရှိ အကဲဖြတ်နိုင်မည့် ပို၍အရေးကြီးသော စံ-ပေတံဖြစ်သည်ဟု ဆိုချင်သည်။




## ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝက်ဘ်ဆိုက်လွှင့်တင်

**နေပြည်တော် ဧပြီ ၁**

မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း (Myanmar Climate Change Alliance) ဝက်ဘ်ဆိုက်ကို ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းများ၊ မဟာဗျူဟာများ၊ အရင်းအမြစ်များ အကြောင်း၊ ဝေါဟာရအဘိဓာန်နှင့် MCCA လုပ်ဆောင်ချက်များအကြောင်းတို့ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် လွှင့်တင်ပြီးဖြစ်ကြောင်း Chief Technical Advisor Mr.Pasquale Capizzi (UN-Habitat & UNEP) က ပြောသည်။

ယင်း http://myanmarccalli-ance.org လိပ်စာ၌ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်ပြီး MCCA တွင် Europian Commission နှင့် Global Climate Change Alliance+ တို့က အဓိကထောက်ပံ့ ကူညီပေးထားပြီး UN-Habitat & UNEP ပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ဖိုးသန့်**

## ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် သိမ်ဇရပ်မြို့တို့၌ ၄၁ ဒီဂရီစင်တီဂရိတ်စီ၊ နေပြည်တော်(ပျဉ်းမနား)၊ ရမည်းသင်းမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ တောင်ငူမြို့၊ ရွှေကျင်မြို့၊ ညောင်လေးပင်မြို့နှင့် ဘော်လခဲမြို့တို့၌ ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

## သုံးခွမြို့နယ်၌ ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေး

**သုံးခွ ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဧပြီ ၁ ရက် နံနက် ၁၀ နာရီက မြို့ပေါ်ရပ်ကွက်များမှ ကလေးငယ်များအား ရောဂါငါးမျိုးကင်းဝေးစေရေးအတွက် ကာကွယ်ဆေးများထိုးနှံပေးကြောင်း သိရသည်။

မိခင်နှင့်ကလေးကျန်းမာရေးဌာနမှဝန်ထမ်းတစ်ဦးက ကလေးငယ်များအား လစဉ် ၁ ရက်မှ ၇ ရက်အထိ ဦးနှောက်အမြေးရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများ၌လည်း ထိုးနှံပေးကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကိုလည်း လစဉ်မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး သိသင့်သိထိုက်သည်များ၊ သတိပြုလုပ်ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၄-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၇၀ / ၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၃၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)

| | |
|---|---|
| ဒီဇယ် | ၉၁၀၀၀/၉၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၀၀၀၀/၁၀၂၀၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၆.၀ |
| ဥရောပ | တစ်ယူရို | ၁၃၇၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၅.၇၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၃၈၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၇၄ |
| တရုတ် | တစ်ယွမ် | ၁၈၆.၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂.၄၉ |

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ဒီမိုကရေစီပညာရေးအတွက် လေးပွင့်ဆိုင်သဘောတူညီမှုကို ဖော်ဆောင်နိုင်မည်ဟု ကျောင်းသားခေါင်းဆောင်များမျှော်လင့်

**ရန်ကုန် ဧပြီ ၁**

အစိုးရသစ်နှင့်ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသစ်က ပညာရေးနှင့်ပတ်သက်ပြီး လေးပွင့်ဆိုင် သဘောတူညီမှုကို အကောင်အထည်ဖော်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဒီမိုကရေစီပညာရေးသပိတ်စစ်ကြောင်းမှ ဖမ်းဆီးခံခဲ့ရသည့် ကျောင်းသားခေါင်းဆောင်များကပြောသည်။

ဒီမိုကရေစီပညာရေးသပိတ်စစ်ကြောင်းကို ထောက်ခံကြောင်း ဆန္ဒဖော်ထုတ်မှုဖြင့် ဧပြီ ၁ ရက်က ပန်းဘဲတန်းတရားရုံးသို့ ရုံးထုတ်လာခဲ့သည့် ဗ. က. သ (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ) ကျောင်းသားခေါင်းဆောင်များက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပညာရေးဝန်ကြီးသစ်(ဒေါ်အောင်ဆန်းစုကြည်)က လေးပွင့်ဆိုင်ဆွေးနွေးပွဲ ဆက်လက်အကောင်အထည်ဖော်ပေးရေး ကျောင်းသားထုတောင်းဆိုမှုကို လက်ခံလိမ့်မယ်ထင်ပါတယ်"ဟု ကျောင်းသားခေါင်းဆောင် ကိုနန္ဒာစစ်အောင်က ပြောသည်။

ဒီမိုကရေစီပညာရေးသပိတ်စစ်ကြောင်း၏ အကျိုးဆက်ကြောင့် အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ကျောင်းသားကိုယ်စားလှယ်များပါဝင်သော လေးပွင့်ဆိုင်ဆွေးနွေးပွဲက သဘောတူညီချက် ၁၁ ချက် ထွက်ပေါ်ခဲ့သည်။ အဆိုပါအချက်များတွင် ဒေသအလိုက်၊ ကျောင်းအလိုက် လွတ်လပ်စွာစီမံခန့်ခွဲနိုင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရန် (ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရန်)နှင့် ကျောင်းသားသမဂ္ဂများ၊ ဆရာသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်တို့ပါဝင်သည်။

ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ မဖြိုးဖြိုးအောင်က "ပညာရေးဝန်ကြီးသစ်ရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ သဘောထားက ကျွန်မတို့နဲ့ကွာခြားမှုမရှိတဲ့အတွက် ဒီမိုကရေစီပညာရေးဖြစ်လာနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟုဆိုသည်။

လေးပွင့်ဆိုင်သဘောတူညီချက် ၁၁ ချက်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက အတည်ပြုခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင် ပြင်ဆင်ရေးဆွဲအတည်ပြုလိုက်သည့် အမျိုးသားပညာရေးဥပဒေတွင်မူ ကျောင်းသားအရေးအခင်းများကြောင့် ကျောင်းထုတ်ခံရသည့်



ကျောင်းသားများ ကျောင်းပြန်တက်ရောက်နိုင်ခွင့်ဟူသည့် အချက်တစ်ခုသာ သဘောတူညီချက်အတိုင်း ပြင်ဆင်ပါရှိခဲ့သည်။

"ကျွန်တော်ကတော့ ပညာရေးဝန်ကြီးသစ်ဟာ ပြည်သူတွေရဲ့ဆန္ဒနဲ့ ဒီမိုကရေစီပညာရေးကို လျစ်လျူရှုမှာမဟုတ်ဘူးလို့ ယုံကြည်ထားပါတယ်။ ကျွန်တော်တို့ကို ဘာတောင်းဆိုချင်လဲလို့မေးရင် လွတ်လပ်တဲ့ဒီမိုကရေစီပညာရေးစနစ်ကိုသွားနိုင်မယ့် ပြည်သူတွေ၊ ကျောင်းသားတွေလက်ခံနိုင်တဲ့ပညာရေး၊ ဥပဒေသစ်တစ်ခုကို လိုချင်ပါတယ်"ဟု ကျောင်းသားခေါင်းဆောင် ကိုကျော်ကိုကိုက ပြောသည်။

လေးပွင့်ဆိုင်သဘောတူညီမှုတွင် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ ဆက်စပ်ဥပဒေများ ရေးဆွဲရာတွင် ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များ၊ ဆရာ ဆရာမ ကိုယ်စားလှယ်များပါဝင်ရန် အမျိုးသားပညာရေးကော်မရှင်နှင့် တက္ကသိုလ်များပေါင်းစပ်ညှိနှိုင်းရေးကော်မတီတို့ကို ဖျက်သိမ်းရန်၊ လက်ရှိကျင့်သုံးနေသည့် စာမေးပွဲစနစ်နှင့် တက္ကသိုလ်ဝင်စနစ်များကို ပြင်ဆင်ရန်၊ ကျောင်းသားများ လွတ်လပ်စွာ တွေးခေါ်စဉ်းစားနိုင်ပြီး ကိုယ်ပိုင်လေ့လာစူးစမ်းသင်ယူနိုင်သည့် သင်ကြားနည်းစနစ်များ ပြောင်းလဲရန်၊ တိုင်းရင်းသားဘာသာများ၏ ဘာသာစကားလွတ်လပ်ခွင့်နှင့် မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေးစနစ်၊ မသန်စွမ်းကလေး ငယ်များအပါအဝင် ကလေးများအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)ဖြစ်ရန်၊ ပညာရေးအသုံးစရိတ်ကို တစ်နိုင်ငံလုံးအသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်းသတ်မှတ်ရန်၊ အခမဲ့ မသင်မနေရ ပညာရေးစနစ်ကို မူလတန်းအဆင့်သာမက အလယ်တန်းအဆင့်အထိ တိုးမြှင့်ကျင့်သုံးရေးတို့ပါဝင်သည်။

**မော်လေး**

## ပြည်တော်ဝင်ကဗျာ

ချိုးငှက်တွေလိုပေါ့
လှောင်ရုံကို ခြေစုံချပြီး
ပြည်တော်ဝင်တေးကိုဆိုတယ်
အကျယ်ချုပ်ကျသူကြီးနဲ့အတူတူ
အကျဉ်းကျခံများနဲ့အတူတူ။

အခုလည်း... ချိုးငှက်တွေလိုပါပဲ
အိမ်တော်မြက်ခင်းကို ခြေစုံနင်းပြီး
ပြည်တော်ဝင်တေး ဟစ်ကြွေးကြတယ်
လူထုခေါင်းဆောင်နဲ့အတူတူ
လူထုသမ္မတကြီးနဲ့အတူတူ။

"ကျုပ်တို့နဲ့အတူတကွ
လိုက်ပါနိုင်စေ
အောင်စည်ရှမ်းသံ
ကြားရင်ဖြင့် ပြည်တော်ဝင်မယ်လေ။"

ဂျင်မီ

# ကျောင်းသားခေါင်းဆောင်များ အမှုထပ်တိုးပြန်ပြီ

**ရန်ကုန် ဧပြီ ၁**

အစိုးရသစ် တာဝန်စတင်ထမ်းဆောင်သည့်နေ့တွင် ဗ. က. သ ကျောင်းသားခေါင်းဆောင်လေးဦးကို ၂၀၁၅ ခု မတ် ၂၇ ရက်က ပြုလုပ်သည့်ဆန္ဒပြမှုဖြင့် တရားစွဲဆိုရုံးထုတ်ခဲ့သည်။

အမှုထပ်မံဖွင့်ဆိုခံရသူ ကိုနန္ဒာစစ်အောင်က "ကျွန်တော့်မှာ ရုံးချိန်းထွက်ရင် ဘယ်အမှုအတွက်ထွက်တာလဲ၊ တရားရုံးတစ်ရုံးထဲမှာတောင် စစ်မယ်လို့ခေါ်ရင် ဘယ်အမှုအတွက်စစ်မှာလဲ မသိတော့လောက်အောင်ကို အမှုတွေက များပြားလွန်းတယ်" ဟုဆိုသည်။

ဗ. က. သကျောင်းသားခေါင်းဆောင်ဖြစ်သူ ၎င်းသည် လက်ရှိအချိန်တွင် အမှုပေါင်း ၈၀ ကျော်ဖြင့် တရားစွဲခံထားရသူဖြစ်သည်။ အမှုအများစုမှာ ပုဒ်မ(၁၈)နှင့် ၅၀၅(ခ)တို့ ဖြစ်ကြသည်။ ယခင်အမှုဟောင်းကို တရားစွဲဆိုခြင်းဖြစ်သောကြောင့် အစိုးရသစ်၏ လုပ်ဆောင်မှုမဟုတ်သော်လည်း တာဝန်စတင်သည့်နေ့တွင် ဦးဦးဖျားဖျားတရားစွဲခံရခြင်းကြောင့် အံ့ဩမိသည်ဟု ဆိုသည်။

တရားစွဲဆိုထားသည့် အကြောင်းကို ပန်းဘဲတန်းတရားရုံးသို့ ဧပြီ ၁ ရက်က ရုံးချိန်းထွက်လာသော ဗ. က. သ ကျောင်းသား၊ ဗ. က. သ များအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုကျော်ကိုကိုထံသို့ ပန်းဘဲတန်းရဲစခန်းမှ တာဝန်ရှိသူရောက်ရှိလာပြီး ၂၀၁၅ ခုနှစ် မတ် ၂၇ ရက် သိမ်ကြီးဈေးလှုပ်ရှားမှုနှင့်စပ်လျဉ်းပြီး ပုဒ်မ(၁၈)ဖြင့် ဗကသလေးဦးအား တရားစွဲဆို ထားကြောင်း လာရောက်အကြောင်းကြား၍ စစ်ချက်လာယူကြောင်း ဗကသများအဖွဲ့ချုပ် (ဗဟိုလုပ်ငန်းကော်မတီ)ဥက္ကဋ္ဌ ကိုကျော်ကိုကိုက ပြောကြားသည်။

တရားစွဲဆိုခံရသော ဗကသ လေးဦးမှာ ကိုကျော်ကိုကို၊ ကိုရှိန်းရာဇာထွန်း၊ ကိုနန္ဒာစစ်အောင်၊ ကိုအောင်ထက်အောင်တို့ဖြစ်သည်။ အစိုးရသစ်စတင်တာဝန်ထမ်းဆောင်သော ဧပြီ ၁ ရက်တွင် နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွတ်မြောက်နိုင်သည်ဟု မျှော်လင့်မှုများလည်းရှိခဲ့ကြသည်။ **ဆိုင်ယန်**

# ၂၀၁၆ ခုနှစ် အခြေခံ စာတတ်မြောက်ရေး လှုပ်ရှားမှုဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁**

၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအနော်ရထာခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်သီတာက အမှာစကားပြောကြားသည်။

ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က ၂၀၁၆ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ ကုန်ထုတ်ဓာတုဗေဒအထူးပြုကျောင်းသားမောင်ထွန်းလင်းနိုင်က စာတတ်မြောက်ရေးလုပ်ငန်း၏တာဝန်များကို လက်ခံကြောင်းရှင်းလင်းတင်ပြသည်။

အဆိုပါ ၂၀၁၆ ခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းကို တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၀ ၌ ဆောင်ရွက်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် တိုက်ကြီးမြို့နယ်၌ စာသင်သား ၄၀ ရှိပြီး စာသင်ဝိုင်းလေးဝိုင်းဖြင့် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်သွပ်မိုးများလန်

**ကလေး ဧပြီ ၁**

ကလေးမြို့နယ် နတ်ကြီးကုန်း(ကာ)ကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်ထားသည့် လူနေအိမ်တစ်လုံး မတ် ၃၁ ရက် ညက လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးတစ်ခြမ်းလုံး သွပ်မိုးများလန်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွပ်မိုးလန်သည့်နေအိမ်ကို ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ဦးဆောင်မှုဖြင့် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူကာ သွပ်မိုးအသစ်များဖြင့် ပြန်လည်အစားထိုး၍ အမိုးမိုးပေးလျက်ရှိသည်။ ယင်းလုပ်ငန်းဆောင်ရွက်မှုများကို နေ့ချင်းပြီးဆောင်ရွက်နိုင်ရန် ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိများက ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ဧပြီ ၁ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ယူကရိန်းသို့ ယူရေနီယံတင်ပို့ရောင်းချရန် ဩစတြေးလျ သဘောတူလက်မှတ်ရေးထိုး

**ကန်ဘာရာ မေ ၁**

ဩစတြေးလျအနေဖြင့် ယူကရိန်းသို့ ယူရေနီယံတင်ပို့ရန် ယူကရိန်းနှင့်နျူကလီးယား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘီးရှော့က သောကြာနေ့တွင် ကြေညာခဲ့သည်။

ယူကရိန်းသည် ကမ္ဘာ့အဏုမြူစွမ်းအင်ထုတ်လုပ်သည့် ထိပ်သီး ၁၀ နိုင်ငံတွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘီးရှော့က ယင်းသဘောတူညီချက်ကို ယူကရိန်းစွမ်းအင်နှင့် စက်မှုဝန်ကြီးဒမ်ချိုင်ရှန်နှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ကျင်းပသော နျူကလီးယားလုံခြုံရေးအစည်းအဝေးကျင်းပနေသည့် ကာလအတွင်း လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သဘောတူညီချက်တွင် ဩစတြေးလျနိုင်ငံ၏ နျူကလီးယားဆက်စပ်ပစ္စည်းများကို လက်နက်နှင့်ပေါက်ကွဲစေတတ်သောပစ္စည်းများတွင် အသုံးပြုခြင်းမှ ပြင်းထန်စွာတားမြစ်ကြောင်း ပါရှိသည်။ **(ဆင်ဟွာ)**





# အမေရိကန်အပါအဝင် သုံးနိုင်ငံ ဖိအားပေးနေသည့်ကြားမှ မြောက်ကိုရီးယား ဒုံးကျည်ပစ်ခတ်မှု ထပ်မံပြုလုပ်

**ဆိုးလ် မေ ၁**

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်တို့က ပြုယမ်းကို ရန်စမှုများ အဆုံးသတ်ရန် သတိပေးလိုက်ပြီး နာရီပိုင်းအကြာ မြောက်ကိုရီးယားက ဒုံးကျည်တစ်စင်းကို အရှေ့ပင်လယ်ဆီသို့ သောကြာနေ့တွင် ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောသည်။

အဆိုပါဒုံးကျည်ကို မြောက်ကိုရီးယား အရှေ့ဘက်ကမ်းရိုးတန်းအနီးမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားစစ်ဘက်အရာရှိတစ်ဦးက တယ်လီဖုန်းဖြင့် ပြောသည်။

အဆိုပါဒုံးကျည်မှာ တာတိုပစ်ဒုံးကျည်ဖြစ်ပြီး ပူးတွဲစစ်ဦးစီးချုပ်ရုံးမှ အခြားအရာရှိတစ်ဦးက ပြောသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် မြောက်ကိုရီးယား၏ လုပ်ရပ်များအပေါ် ဖိအားပေးရန် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေး၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့နှင့်အတူ အစည်းအဝေးတက်ရန်ရောက်ရှိလာပြီး နာရီပိုင်းအကြာ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးသည် ဝါရှင်တန်၌ ကမ္ဘာ့နျူကလီးယားလုံခြုံရေး အစည်းအဝေးသီးခြားအစည်းအဝေးအဖြစ် ခေါင်းဆောင်သုံးဦးက ကျင်းပခြင်းဖြစ်သည်။ **(ရိုက်တာ)**

# ကယ်လီဖိုးနီးယား၌ ၂၀၂၀တွင် တစ်နာရီ အနည်းဆုံးလုပ်အားခ ၁၅ ဒေါ်လာဖြစ်မည်

**ကယ်လီဖိုးနီးယား မေ ၁**

ကြာသပတေးနေ့က ကယ်လီဖိုးနီးယား ဥပဒေပြုပညာရှင်များက လာမည့် ၂၀၂၀ တွင် တစ်နာရီအနည်းဆုံးလုပ်အားခအဖြစ် ၁၅ ဒေါ်လာသတ်မှတ်ရန် သဘောတူခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လက်ရှိကယ်လီဖိုးနီးယား၏ တစ်နာရီလုပ်အားခမှာ ၁၀ ဒေါ်လာရှိပြီး မက်ဆာချူးဆက်တွင်ပေးသော တစ်နာရီလုပ်အားခနှင့် တန်းတူဖြစ်ကြောင်း သိရသည်။

ပြည်နယ်ဥပဒေပြုလွှတ်တော်တွင် အမတ်နေရာအများစုရရှိထားသော ဒီမိုကရက်များက တင်သွင်းသော အနည်းဆုံးလုပ်အားခဥပဒေပါ တစ်နာရီ အနည်းဆုံးလုပ်အားခ ၂၆ ဒေါ်လာကို အမေရိကန်အထက်လွှတ်တော်က ၁၂ ဒေါ်လာအထိ လျှော့ချကာ အမေရိကန်ကိုလံဘီယာ တက္ကသိုလ်၏ပြည်သူ့မူဝါဒဆိုင်ရာ အင်စတီကျု (သည်အက်စ်ဆမ်ဘလီ) က တစ်နာရီ အနည်းဆုံးလုပ်အားခကို ၄၈ ဒေါ်လာမှ ၂၆ ဒေါ်လာအထိ သတ်မှတ်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးတွင် တစ်နာရီအနည်းဆုံးလုပ်အားခ ၁၅ ဒေါ်လာသတ်မှတ်သော ဥပဒေကို မြို့တော်ဝန် ဂျယ်ရီဘရောင်းက တနင်္လာနေ့တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

# ကိုရီးယားကျွန်းဆွယ်အရေး သဘောထားပျော့ပြောင်းရန် တောင်ကိုရီးယားကို တရုတ်တိုက်တွန်း

**ဝါရှင်တန် မေ ၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်က တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးကို ကိုရီးယား ကျွန်းဆွယ်အရေးတင်းမာမှုများ မြင့်တက်လာနိုင်သည့် အရေးယူမှုများမပြုလုပ်ရန် တိုက်တွန်းလိုက်သည်။

ခေါင်းဆောင်နှစ်ဦးသည် နျူကလီးယားလုံခြုံရေးညီလာခံ၏ သီးခြားအစည်းအဝေးတွင် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်အနေဖြင့် မြောက်ကိုရီးယားအပေါ် ချမှတ်ထားသော ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန်နှင့် ဖြစ်ပေါ်နေသော ပြဿနာများကိုဖြေရှင်းရန် စားပွဲဝိုင်းဆွေးနွေးမှုများပြုလုပ်ရန် တိုက်တွန်းလိုက်သည်။ **(အင်န်အိတ်ချ်ကေ)**

# အယ်နီညိုကြောင့် မြစ်ရေကြီးမှု ဖြစ်ပေါ်နိုင်

**ဂူဟုမ် မေ ၁**

ပြင်းထန်သောအယ်နီညို၏ အကျိုးသက်ရောက်မှုကြောင့် ယန်စီမြစ်အတွင်း ယခုနှစ်တွင် အချိန်ကြာမြင့်စွာ ရေကြီးမှုဖြစ်နိုင်ကြောင်း ရေကြီးမှုထိန်းချုပ်ရေး အာဏာပိုင်များက ကြာသပတေးနေ့တွင် သတိပေးလိုက်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလမှ စတင်ခဲ့သည့် အယ်နီညိုဖြစ်စဉ်သည် ၁၉၅၁ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံးနှင့်အရှည်ကြာဆုံး ဖြစ်ပွားမှုဖြစ်ကြောင်း တရုတ်နိုင်ငံ ဟူဘေးပြည်နယ်အစည်းအဝေး၌ ရေအရင်းအမြစ် ဒုတိယဝန်ကြီးရှုနင်က ပြောသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ယန်စီမြစ်တစ်လျှောက် ရေကြီးမှု ဆိုးဆိုးရွားရွားဖြစ်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။ ပြင်းထန်သောအယ်နီညိုသည် မေလတွင် အဆုံးသတ်လိမ့်မည်ဟု မျှော်လင့်ရသော်လည်း ၁၉၉၈ ခုနှစ်က ယန်စီမြစ်ရေလျှံတက်မှုကြောင့် လူပေါင်း ၁၃၂၀ သေဆုံးခဲ့မှုအပေါ် သတိပြုရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ မတ်လအတွင်းက ယန်စီမြစ်လက်တက်များ၌ ရေကြီးမှုအချို့ ဖြစ်ပေါ်ခဲ့သည်။ **(ဆင်ဟွာ)**

# တူရကီတွင် ကားပုံးတိုက်ခိုက်မှုကြောင့် ရဲလေးဦး သေဆုံး၊ ၁၄ ဦး ဒဏ်ရာရ



**အန်ကာရာ မေ ၁**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကြာသပတေးနေ့က သံချပ်ကာရဲကားတစ်စီးကို ကားပုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ရဲလေးဦးသေဆုံးသွားခဲ့ပြီး အခြား ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရဖက်စပ် အနာဒိုလူသတင်း အေဂျင်စီက မေ ၁ ရက်က ထုတ်ပြန်ကြေညာသည်။

ဒီယာဘာကာ မြို့ယာဉ်ရပ်နားကွင်းအနီး ဗုံးပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူ ခြောက်ဦးမှာ အရပ်သားများဖြစ်ပြီး အခြားဒဏ်ရာရရှိသူများမှာ ရဲအရာရှိများဖြစ်ကြောင်း ယင်းသတင်းအေဂျင်စီ၏ သတင်းဖော်ပြချက်အရ သိရသည်။

သံချပ်ကာရဲကားက ယာဉ်ရပ်နားကွင်းအနီး ဖြတ်သန်းမောင်းနှင်စဉ် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းအေဂျင်စီက ဖော်ပြသည်။

ဒဏ်ရာရရဲအရာရှိများအား ဆေးကုသမှုခံယူရန် ဒီယာဘာကာ တပ်မတော်ဆေးရုံသို့ပို့ဆောင်နေစဉ် လူနာတင်ကားများသည် အခင်းဖြစ်ပွားရာသို့ ချက်ချင်း ရောက်လာခဲ့ကြောင်း အနာဒိုလူသတင်းဖော်ပြချက်တွင် ဖော်ပြခဲ့သည်။ ပေါက်ကွဲမှုအရှိန်ပြင်းထန်သောကြောင့် အနားရှိ လူနေအိမ်ပြတင်းပေါက်များ ပျက်စီးသွားခဲ့ကြောင်း၊ ကားအများစုလည်း ပျက်စီးခဲ့ကြောင်း ဒေသတွင်းသတင်းကြေညာသူ ကန်တက်ခ်က ပြောခဲ့သည်။

တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုဂလူသည် သောကြာနေ့တွင် အခင်းဖြစ်ပွားရာ ဒီယာဘာကာသို့ လာရောက်ရန်စီစဉ်ထားကြောင်း သိရသည်။ အစိုးရနှင့် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)တို့ကြား နှစ်နှစ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် လွန်ခဲ့သော ဇူလိုင်လကတည်းက ပျက်စီးသွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



## ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E. Mr. Christian- Ludwig Weber- Lortsch အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ဒေါက်တာမျိုးအောင် ကို ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၈/၂၀၁၆**
**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်)**

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာမျိုးအောင် ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျာမနီနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Mr. Christian-Ludwig Weber-Lortsch အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



## ဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ မျှော်လင့်ချက်များကို အစဉ်အမြဲအလေးထားဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဧပြီ ၁**

ယခုအစိုးရအဖွဲ့အနေဖြင့် မူဝါဒများချမှတ်ထားရှိပြီး အဓိက ပြည်သူ့အကျိုးအတွက် ထိရောက်စွာ ပြောင်းလဲရမည့်အရာများ၊ လုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ရာထူးထက် တာဝန်သည် ပိုအရေးကြီးသည်ကိုသိရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုပါကြောင်း၊ ဝန်ထမ်းများသည် အတွေ့အကြုံများ ရှိပြီးဖြစ်သည့်အတွက် မိမိတာဝန်ကို ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား သိရန်လိုကြောင်းနှင့် လုပ်ငန်းများ သွက်လက်မြန်ဆန်ထိရောက်ရန် ချုပ်ကိုင်မှုများကိုလည်း လျှော့ချရန်လိုကြောင်း၊ လုပ်ငန်းများ ထိရောက်အောင်မြင်စေရန် အခြားဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏အသံကို နားထောင်ခြင်း၊ ပြည်သူတို့၏ဆန္ဒကို အမှန်တကယ်သဘောပေါက်နားလည်ခြင်း၊ ပြည်သူတို့၏မျှော်လင့်ချက်များကို ထိရောက်စွာဖော်ဆောင်ပေးနိုင်ခြင်းစသည်တို့ကို အစဉ်အမြဲအလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် ပြည်သူနှင့် အနီးစပ်ဆုံးနေရာတွင် ရှိနေရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူ၏ အားကိုးယုံကြည်မှုကို ရယူနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ မျှော်လင့်ချက်သည် အလွန်မြင့်မားသဖြင့် ထိုမြင့်မားသော မျှော်လင့်ချက်များကို ပြည်သူ့အားဖြင့်ပင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ အားလုံးမှ သိရှိသဘောပေါက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြည်သူ၏ လိုအပ်ချက်များကို အကောင်းဆုံးဖြစ်အောင် ဝန်ကြီးဌာနအနေဖြင့် ကြိုးစားဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများအားလုံး အဂတိတရားကင်းရှင်းပြီး တစ်ဦးချင်း စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်တို့က သက်ဆိုင်ရာဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ်တော် ဒုတိယဥက္ကဋ္ဌ Federica Mogherini မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအသစ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ်တော် ဒုတိယဥက္ကဋ္ဌ Federica Mogherini မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအသစ်နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ကြေညာချက်ကို မတ်လ ၃၀ ရက်ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

**ထိုထုတ်ပြန်ချက်အပြည့်အစုံမှာ-**

"၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်မြင်ပြီးနောက် မြန်မာနိုင်ငံတွင် ဒီမိုကရေစီနည်းလမ်းကျကျရွေးချယ်တင်မြှောက်ထားသော အစိုးရသို့ အာဏာလွှဲပြောင်းမှု အောင်မြင်စွာ ပြီးဆုံးသွားခြင်းသည် နိုင်ငံ၏



**EU အထူးကိုယ်စားလှယ်တော် Federica Mogherini**

ထူးခြားကောင်းမွန်သော ပြောင်းလဲမှုသမိုင်းတွင် အရေးပါသော မှတ်ကျောက်တစ်ခုပင်ဖြစ်သည်။

သမ္မတကြီး ဦးထင်ကျော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အစိုးရအသစ်ကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

လွန်ခဲ့သော နှစ်များအတွင်း ပြောင်းလဲမှုများစွာ သိသိသာသာဖြစ်ထွန်းခဲ့သော်ငြားလည်း အပြည့်အဝ အေးချမ်းသာယာသော နိုင်ငံတစ်ခုဖြစ်လာရန် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများစွာကျန်ရှိနေပါသေးသည်။ ဤခရီးတွင် ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံနှင့် ပြည်သူအပေါင်းတို့၏ဘေးမှ အကူအညီပေးရန် အမြဲပင် အသင့်ရှိနေပါသည်။ မြန်မာပြည်သူ ပြည်သားအားလုံးအတွက် ဒီမိုကရေစီနှင့် လူမှုစီးပွားအကျိုးဖြစ်ထွန်း စေရန် အစိုးရအသစ်နှင့် အတူတကွ လက်တွဲဆောင်ရွက်နိုင်ရန် ဥရောပသမဂ္ဂမှမျှော်လင့်မိပါသည်" ဟု European Union in Myanmar Facebook Page မှာ ဖော်ပြထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူမှ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မတ်လ ၃၀ ရက်နေ့မှာ ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူမှ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မတ်လ ၃၀ ရက်နေ့မှာ ထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ထားသည်။

**ထိုထုတ်ပြန်ချက်အပြည့်အစုံမှာ-**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သမ္မတတာဝန် စတင်ထမ်းဆောင်ခြင်းအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသမိုင်းတွင် ကြီးမားထင်ရှားသော မှတ်တိုင်တစ်ခုအဖြစ် ဒီမိုကရေစီနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများအပေါ်ထားရှိသော ကတိကဝတ်ကို ဖော်ဆောင်မှု သက်သေဖြစ်သည့်



**UN Secretary-General Ban Ki-moon**

တည်ငြိမ်အေးချမ်းစွာဖြင့် အာဏာလွှဲပြောင်းခြင်းအားလည်း ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးချုပ်က ကြိုဆိုခဲ့ပါသည်။

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံ၏ခေါင်းဆောင်အသစ်နှင့် အခြားအရေးပါသော တာဝန်ရှိသူများအနေဖြင့် စုစည်းပါဝင်မှုရှိသည့် ဒီမိုကရေစီ လမ်းကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုစီးပွားတိုးတက်မှုတို့အား အောင်မြင်တိုးတက်စေရန် လုပ်ဆောင်သွားမည်ဟု မျှော်လင့်ကြောင်းကိုလည်း ထပ်လောင်းပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံး၏ အကျိုးအတွက် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ လူ့အခွင့်အရေးမြှင့်တင်မှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ လုပ်ဆောင်မှုတို့တွင် ဆက်လက်၍ ကူညီသွားရန် အဆင်သင့်ရှိနေကြောင်းကိုလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မှ ထပ်လောင်းပြောကြားခဲ့သည်ဟု UNO CHA Facebook Page မှာ ဖော်ပြထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ရောင်နီသန်း နိုင်ငံတော်

နိုင်ငံတော်ဟုဆိုလျှင် အစိုးရအဆက်ဆက်က မောင်ပိုင်စီးထားသော အသုံးအနှုန်းဖြစ်ခဲ့သည်မှာ ကြာပြီ။ အမှန်စင်စစ် အစိုးရဆိုသည်မှာ နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုမျှသာ။ ပထဝီနယ်နိမိတ်၊ ၎င်းနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများ၊ အစိုးရ၊ အချုပ်အခြာအာဏာ အင်္ဂါလေးရပ်ပေါင်းစည်းထားမှသာ နိုင်ငံတော်ဟု ခေါ်ဝေါ်သမုတ်နိုင်သည်။ အစိုးရဆိုရာတွင်ပင် နိုင်ငံသားတို့၏ သဘောဆန္ဒကို ကိုယ်စားမပြုသော၊ နိုင်ငံသားတို့နှင့် တသီးတခြားဖြစ်နေသော၊ ထို့ထက်ပို၍ဆိုရလျှင် နိုင်ငံသားတို့ကို ဖိနှိပ်ညှဉ်းပန်းသော အစိုးရအဆက်ဆက်က "နိုင်ငံတော်"ကို ပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့ကြသည်။ "နိုင်ငံတော်"သည် နိုင်ငံသားများနှင့် တစိမ်းပြင်ပြင်ဖြစ်ခဲ့ရသည်။ ယခုရာစုနှစ်ဝက်ကျော်ကြာပြီးသည့်နောက် နိုင်ငံတော်သည် နိုင်ငံသားများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာမည့် လမ်းစပေါ်သို့ ရောက်ရှိလာပြီဖြစ်သည်။

ဤအခြေအနေလောက် ရောက်ရှိဖို့သည်ပင် မျိုးဆက်ပေါင်းများစွာ စတေးခဲ့ကြရသည်။ နိုင်ငံနှင့်အဝန်း၊ တိုင်းရင်းသားဒေသများအနှံ့၊ ပြည်တွင်းစစ်ဒဏ်၊ ဆင်းရဲမွဲတေမှု၊ ပညာရေး၊ ကျန်းမာရေး ချို့တဲ့နိမ့်ကျမှု ဒဏ်ရာအချက်များနှင့် အပြည့်ဖြစ်သည်။ နိုင်ငံသားများ၏ မဆုတ်မနစ်ကြိုးပမ်းမှုသည် ရောင်နီသန်းစပြုလာပြီဖြစ်သည်။

နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်သည် လူပုဂ္ဂိုလ်အပြောင်းအလဲ၊ အစိုးရအဖွဲ့၊ လွှတ်တော်အပြောင်းအလဲ စသည်များအပါအဝင် အလွန်လေးနက်သည့် နိုင်ငံတော်၏ဖြစ်စဉ် ဖြစ်သည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ယခင်အစိုးရ၊ လွှတ်တော်၏ကောင်းမွေဆိုးမွေများကို ဆက်ခံရသည်။ အသိအမှတ်ပြုရသည်။ မိမိတို့လက်ထက် (မိမိတို့မျိုးဆက်)တွင် ပစ္စုပ္ပန်အခွင့်အလမ်းများကို အမြင့်ဆုံးရလဒ်ကောင်းများ ပေါ်ပေါက်လာစေရန် အားထုတ်ကြရသည်။ လာမည့်မျိုးဆက်အတွက် အစဉ်အလာကောင်းများ လွှဲပြောင်းပေးနိုင်ကြရမည်။ နိုင်ငံသားများ၏ လက်ဝယ်သို့ နိုင်ငံတော် အပြည့်အဝပြန်လည်ရောက်ရှိရန် ကြိုးပမ်းကြရမည်။ ကျွန်တော်တို့က လွှဲပြောင်းပေးမည့် "နိုင်ငံတော်"သည် လွတ်လပ်သော၊ ငြိမ်းချမ်းသော၊ တရားမျှတသော ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရမည်။

နေ့သစ်၊ ခေတ်သစ် နိုင်ငံတော်ကို ဦးတည်လျက် လူသစ်၊ စိတ်သစ်ဖြင့် နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်းနှင့် သက်ဆိုင်သော၊ ပိုင်ဆိုင်သော၊ အဆင့်အတန်းခွဲခြားမှုမရှိသော နိုင်ငံတော်ကြီးအား ဂုဏ်ပြုဦးညွှတ်လျက်။

**ကိုကိုကြီး**

## ချင်းပြည်နယ်ရှိ သဘာဝမြေပြိုဆည်မှာ မြေသားကြွခိုင်မှု မရှိသဖြင့် ဖြိုချရလိမ့်မည်ဟု သုံးသပ်ပြောကြား

**နေပြည်တော် ဧပြီ ၁**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ရာဇဂြိုဟ်ဆည် အထက် ၃၂ မိုင်ခန့်အကွာ တွိလီ ချောင်းဖျားရှိ သဘာဝမြေပြိုဆည်မှာ ကွင်းဆင်းကြည့်ရှု တိုင်းတာမှုများအရ တမံမြေသားကြွခိုင်မှုမရှိသဖြင့် မိုးမကျမီ ဖောက်ချရန်များသည်ဟု GIS team အဖွဲ့ခေါင်းဆောင် အငြိမ်းစား သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းက ပြောသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိရာ အစီရင်ခံစာများကို ဖေဖော်ဝါရီလက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားပြီး အဆိုပါကော်မတီက မတ်လလယ်တွင် ပြန်လည်အကြောင်းကြားထားကြောင်း အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနမှ သိရသည်။

"ကန်ရေထုထည်တိုင်းတာခြင်း၊ကန်ရဲ့ခံနိုင်မှု၊ ပတ်ဝန်းကျင် ချင်းရွာက လူမှုစီးပွားကောက်ယူပါတယ်။ မြေတိုင်းဦးစီးဌာနကို ပို့ပေးတယ်။ အကျယ် ဧက ၁၀၀၊ ရေထုထည် ဧကပေ ၁၂၀၀၀ ရှိတယ်။ ရာဇဂြိုဟ်ဆည်ရေထုက ဧကပေ ငါးသောင်းထုထည်ရှိတယ်။ အခု တမံမြေထုထည်ကကြီးပေမယ့် အောက်က ရေစိမ့်ထွက်နေတယ်။ အပေါ်မှာလည်း တောင်ယာတွေက အများကြီးရှိတော့ အဲဒီကကျလာတဲ့ရေတွေကြောင့် မိုးလယ်လောက်မှာ ကျိုးနိုင်တယ်လို့ ခန့်မှန်းထားတယ်။ ရှုံ့ညွန်တမံကြီးကျိုးခဲ့ရင် ကလေးလွင်ပြင်အထိ ရေသွားနိုင်တယ်။ ကလေးလွင်ပြင်ကလည်း ထုံးစံအတိုင်း မိုးလယ်ဆို ရေကြီးတာများတယ်။ ဖောက်ချရမလား၊ ဘာဆက်လုပ်ရမလဲဆိုတာ အမိန့်ကို စောင့်နေရတယ်"ဟု ဦးမောင်မောင်သန်းက ပြောကြားသည်။

**ဖိုးသန့်**





ပြီးခဲ့သည့်နှစ်က မန္တလေးသင်္ကြန် ပျော်ရွှင်ဆင်နွှဲနေသည့် မြင်ကွင်းကို တွေ့ရစဉ်။

## မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အား မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဟု ပြောင်းလဲသတ်မှတ်

**မန္တလေး ဧပြီ ၁**

ယခုနှစ်သင်္ကြန်ပွဲတော်တွင် ယခင်အသုံးပြုခဲ့သည့် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဆိုသည့် အမည်အစား မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဟု အမည်ပြောင်းလဲအတည် ပြုသတ်မှတ်ခဲ့ကြောင်း ဧပြီ ၁ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သင်္ကြန်ကျင်းပရေး ကော်မတီတို့ တွေ့ဆုံပြုလုပ်သည့် အစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က "ပြည်သူတွေမျှော်လင့်နေတဲ့ ကိစ္စတွေကို ကတိပေးထားတဲ့အတိုင်း အတတ်နိုင်ဆုံး ကြိုးစားပြီး လုပ်ပေးပါ့မယ်။ အရင်အစိုးရစီမံသွားတဲ့ သင်္ကြန်ပွဲတော်ကို အခု ကျွန်တော်တို့အစိုးရအသစ်က အကောင်အထည်ဖော်ရတော့မှာပေါ့။ ကျွန်တော်ကတော့ Win-Win ပေါ်လစီပေါ့နော်။ အရင်ကလုပ်သွားတာလည်း မပျက်စေချင်ဘူး။ နောက်ပြီး မန္တလေးကိုချစ်တဲ့သူတွေက ရိုးရာသင်္ကြန်ဖြစ်ချင်တယ်။ ဒီတော့ ခေတ်လူငယ်တွေရဲ့ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်တယ်။ ဒါကြောင့် ရိုးရာသင်္ကြန်ချစ်သူတွေအတွက် မနက်ပိုင်းမှာ ဆွမ်းကပ်မယ်၊ ဆွမ်းလောင်းမယ်၊ ပဌာန်းရွတ်မယ့် အစီအစဉ်လေးတွေ ထည့်ပေးမယ်။ ငွေအကုန်အကျခံပြီး လုပ်တာကိုတော့ နည်းနည်းပြောချင်တယ်။နောင်နှစ်တွေမှာတော့ ဒါကို ပြန်ပြီး စဉ်းစားရတော့မှာပေါ့"ဟု ၎င်းက ပြောသည်။

ထို့နောက် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အစား မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဟု အတည်ပြုသတ်မှတ်ခြင်း၊ မဏ္ဍပ်၏ ဒီဇိုင်းပန်းခက်များကို အင်ဂျင်နီယာများနှင့် ပြင်ဆင်မည့်အခြေအနေ၊ သင်္ကြန်အကြိုနေ့တွင် ဆရာတော်ကြီးများနှင့် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်းနှင့် မနက်ပိုင်းတွင် ဆွမ်းကပ်လှူမည့် အစီအစဉ် စသည့် အချက်သုံးချက်ကို အဓိကထား ဆုံးဖြတ်ခဲ့ကြကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောကြားသည်။

"မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အစား ဝန်ကိုဖြုတ်ပြီး အမည်ပြောင်းလဲဖို့ အတည်ပြုခဲ့ကြပါတယ်။ နောက်ပြီး အကြိုနေ့မှာ ပြုလုပ်မယ့် အစီအစဉ်တွေနဲ့ ဘုံဆွမ်းလောင်းမယ့် အစီအစဉ်တွေလည်း တိုးလုပ်ဖို့ အစီအစဉ်ရှိပါတယ်"ဟု ၎င်းက ဆိုသည်။

ထို့ပြင် ယခင်ကကျုံးဘေးတွင် ရေစုပ်စက်များဖြင့် ရေပတ်ကစားခြင်း မပြုလုပ်ရန် ကြေညာချက် ထုတ်ပြန်ထားသော်လည်း ယခုနှစ်တွင်ပြန်လည် ခွင့်ပြုမည်ဖြစ်ကာ သတ်မှတ်ချက်များအနေဖြင့် နှစ်လက်မရေစုပ်စက်များဖြင့် ကစားခွင့်ပြုမည်ဖြစ်ပြီး ယခင်က ငွေကျပ် တစ်သိန်း ကောက်ခံခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ်နှစ်သိန်း ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သင်္ကြန်အကြို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**ရေစကြို ဧပြီ ၁**

မကြာမီ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရောက်တော့မည်ဖြစ်ရာ အတာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး၊ ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဖြတ်သန်းနိုင်ကြစေရန် ရေစကြိုမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး စည်သူအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များသည် ဧပြီ ၁ ရက် နံနက်က ရေစကြိုမြို့အဝင် ရွှေကူကြီး လမ်းဆုံနှင့် အမှတ်(၇)ရပ်ကွက် လမ်းဆုံတို့တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ စည်းကမ်းလိုက်နာရေးနှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

*✻ ကျောဖုံးမှ*

**မေး။ အစိုးရအဟောင်းနဲ့ အသစ်အကြား အဆင်ပြေပြေ တာဝန်လွှဲပြောင်းနိုင်ဖို့အတွက် ဆောင်ရွက်ခဲ့တဲ့ အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ကျွန်တော်က ၂၀၁၅ ရွေးကောက်ပွဲမှာ ကျန်းမာရေးကြောင့် ရွေးကောက်ပွဲမဝင်ဘူး၊ မပါဘူး။ ဒါပေမယ့် ရွေးကောက်ပွဲအောင်နိုင်ရေးအဖွဲ့မှာ အရေးပါတဲ့ နေရာကနေ ပါဝင်ခဲ့တယ်။ အခု ရွေးကောက်ပွဲမှာ အနိုင်ရပြီးတဲ့အခါမှာ အစိုးရအဟောင်းနဲ့ အစိုးရအသစ် အကူးအပြောင်းမှာ အဆင်ပြေစွာ တာဝန်လွှဲပြောင်းနိုင်ရေးအတွက် ကျွန်တော့်ကို တာဝန်ပေးခံရတယ်။

အစိုးရအဟောင်းကတော့ နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းရေးအဖွဲ့လို့ သုံးနှုန်းပြီးတော့ ကျွန်တော်တို့ကတော့ အသွင်ကူးပြောင်းရေးအဖွဲ့လို့ သုံးနှုန်းပါတယ်။ အစိုးရဟောင်းရဲ့ နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းရေးအဖွဲ့မှာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ခေါင်းဆောင်ပြီးတော့ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ ငါးဦး ပါပါတယ်။

ကျွန်တော်တို့ဘက်ကတော့ ကျွန်တော် ခေါင်းဆောင်ပြီး ဒေါက်တာမျိုးအောင်၊ ဒေါက်တာအောင်သူတို့ ပါပါတယ်။ ပံ့ပိုးကူညီဖို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်းနဲ့ ဦးကျော်သီဟ၊ ပြည်သူ့လွှတ်တော်က ဒေါ်ခင်စန်းလှိုင်ဆိုပြီး ဖွဲ့စည်းခဲ့ပါတယ်။

**မေး။ အသွင်ကူးပြောင်းရေးမှာ အေးအေးချမ်းချမ်းနဲ့ ကူးပြောင်းနိုင်ဖို့က အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါနေပါတယ်။ ဒီလိုကူးပြောင်းနိုင်ဖို့ ဆရာတို့အနေနဲ့ ဘာတွေ ဘယ်လိုညှိနှိုင်းဆောင်ရွက်ခဲ့ကြပါသလဲ။**

ဖြေ။ ဒီအသွင်ကူးပြောင်းရေးဟာ အေးအေးချမ်းချမ်းနဲ့ အသွင်ကူးပြောင်းနိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ပထမအကြိမ် အသွင်ကူးပြောင်းရေးမှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သမ္မတကြီး ဦးသိန်းစိန်ကို လွှဲတာ၊ သူတို့တုန်းက အဆင်ပြေတယ်။ ဒါက မဆန်းဘူး။ ဘာကြောင့်လဲဆိုရင် သမ္မတဦးသိန်းစိန်ကိုယ်တိုင်က ဗိုလ်ချုပ်ကြီးဟောင်း၊ ပါဝင်တဲ့ ပုဂ္ဂိုလ်တော်တော်များများကလည်း တပ်မတော်ကဆိုတော့ သိပ်မထူးဆန်းဘူး။ ဒါပေမယ့် ပြည်သူလူထု အဆုံးအဖြတ်နဲ့ ရွေးကောက်ပွဲအောင်နိုင်တဲ့ ကျွန်တော်တို့ကို ဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရက တာဝန်လွှဲတဲ့အခါကျတော့ အရပ်သားအစိုးရကို တာဝန်လွှဲတာ၊ သမိုင်းဝင်တဲ့ဖြစ်ရပ်ပါ။

ဒီသမိုင်းဝင်ဖြစ်ရပ်မှာ ကျွန်တော်တာ ဝန်ထမ်းဆောင်ခွင့်ရတာ ဂုဏ်ယူတယ်။ ကျွန်တော့် အရည်အချင်းကို ယုံကြည်ပြီး ဒီတာဝန်ကိုပေးတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။ ချီးမြှင့်တယ်လို့လည်း ထင်မြင်မိပါတယ်။

အပြောင်းအလွှဲကိစ္စတစ်လျှောက်မှာ ပြီးခဲ့တဲ့အပတ်ကထိ သမ္မတရုံးမှာ အစည်းအဝေး ငါးကြိမ်လုပ်ခဲ့တယ်။ အသွင်ကူးပြောင်းရေးကို အဆင်ပြေပြေနဲ့ ကူးပြောင်းချင်တယ်။ ဒါကြောင့် သူတို့ကို ဘာမှထွေထွေထူးထူး မတောင်းဆိုဘူး။ ကျွန်တော်တို့ဘက်က ဝန်ကြီးဌာန ၃၆ ခုကို ပေါင်းမယ်၊ ပေါင်းတဲ့ဌာနတွေကို သူတို့ကိုပြောမယ် ဆိုပြီးတော့ ဆွေးနွေးခဲ့တယ်။ သူတို့ဘက်ကလည်း ဝန်ကြီးဌာနတိုင်း အဆောက်အအုံကအစ ဘတ်ဂျက်တွေ၊ နောက်လုပ်မယ့်စီမံကိန်းတွေအားလုံးပဲ သူတို့ ပြင်ဆင်ထားတယ်။ ပြင်ဆင်ထားတဲ့အကြောင်းလည်း ကျွန်တော်တို့ကို ပြောတယ်။

သူတို့ ပြင်ဆင်ထားမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်တယ်။ သူတို့ဘက်ကလည်း ဘာမှ အထွေအထူး မတောင်းဆိုဘူး။ အသွင်ကူးပြောင်းမယ့် ၃၀ ရက်နေ့ မတိုင်ခင်မှာ ကျွန်တော်တို့ ဝန်ကြီးတွေက တာဝန်ယူရတော့မှာဖြစ်တဲ့အတွက် ဟိုဘက်က ဝန်ကြီးတွေနဲ့တွေ့ဖို့ အစီအစဉ်ဆွဲတယ်။ ကျွန်တော်တို့ဝန်ကြီးတွေ နေဖို့၊ ထိုင်ဖို့အတွက် နေရာထိုင်ခင်းတွေ သွားကြည့်တယ်။ ဒီကိစ္စကတော့ အထွေအထူး ပြောစရာမရှိလှပါဘူး။

**မေး။ အစိုးရနှစ်ရပ်အကြား အဆင်ပြေပြေနဲ့ တာဝန်တွေ လွှဲပြောင်းနိုင်ခဲ့တယ်၊ ဒီအပေါ်မှာ တာဝန်လွှဲပြောင်းပေးသွားတဲ့ အစိုးရဟောင်းရဲ့ အခန်းကဏ္ဍ ပါဝင်မှုကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ အေးအေးချမ်းချမ်းနဲ့ တာဝန်လွှဲပြောင်းတဲ့ ဖြစ်စဉ်ဟာ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၅၀ လောက် ဆိတ်သုဉ်းခဲ့တယ်။ အဲဒီလို ဆိတ်သုဉ်းတဲ့ ဖြစ်စဉ်ကနေ အခုလို အဆင်ပြေပြေနဲ့ လွှဲပြောင်းနိုင်တာ အတူပါဝင်ကြတဲ့သူတွေရဲ့ ပံ့ပိုးမှုတွေကြောင့်ပါ။

ပြီးတော့ တစ်ဖက်ကပါဝင်တဲ့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးရဲထွဋ်တို့ရဲ့ ပူးပေါင်းကူညီမှုကိုလည်း တန်ဖိုးထားပါတယ်၊ အသိအမှတ်ပြုပါတယ်၊ ချီးကျူးမိပါတယ်။ အဓိကကတော့ သမ္မတဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရက သမ္မတဦးထင်ကျော် ခေါင်းဆောင်တဲ့ အစိုးရထံကို အဆင်ပြေပြေနဲ့ တာဝန်လွှဲပြောင်းနိုင်ခဲ့ပါတယ်။ ကောင်းမွန်တဲ့သင်ခန်းစာတွေ ရရှိခဲ့ပါတယ်။

**မေး။ အစိုးရသစ်အတွက် စိန်ခေါ်မှုဖြစ်စေနိုင်တဲ့ အခြေအနေတွေကိုလည်း သုံးသပ်ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ဒီလိုသမ္မတတာဝန်အလွှဲအပြောင်းကို လွှတ်တော်ချန်နယ်ကနေလည်း တိုက်ရိုက်ထုတ်လွှင့်တဲ့အတွက် လွှတ်တော်လိုင်းကိုကြည့်တဲ့သူတွေ များလာတယ်လို့ သိရပါတယ်။ ဒါကဘာလဲဆိုတော့ အစိုးရဖြစ်စဉ်ကို ပြည်သူတွေ စိတ်ဝင်စားကြတယ်ဆိုတဲ့ သိသာစေတဲ့ အချက်တစ်ခုပါ။

ကျွန်တော်တို့ ရွေးချယ်ထားတဲ့ အစိုးရအဖွဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပုဂ္ဂိုလ်တွေဟာ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေပါ။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ ရွေးချယ်ထားတဲ့ ပြည်ထောင်စုဝန်ကြီးတွေ တွေ့ဆုံတဲ့အခါ တိုင်းပြည်အတွက် အစိုးရတာဝန်စယူတဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ သိသာထင်ရှားတဲ့အလုပ်တွေ ကြိုးစားလုပ်မယ်။ နောက်ပြီးတော့ ခြောက်လ၊ တစ်နှစ်အဖြစ် ဦးစားပေးဆောင်ရွက်မယ်။ ဌာနတိုင်း ပြင်ဆင်တာတွေရှိနေပါပြီ။**

ဒါပေမယ့် တချို့ကတော့ အတွေ့အကြုံ သိပ်မရှိသေးဘူး။ ဒီထဲမှာ တိုင်းပြည်ကို တိုးတက်စေချင်တဲ့ စေတနာကတော့ အဓိကပါနေပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အဂတိလိုက်စားမှုကင်းရှင်းရေးကို အဓိကမှာကြားထားပါတယ်။ ဒါတွေဟာ ရည်ရွယ်ချက်ကောင်းတွေ ဖြစ်တဲ့အတွက် ပြည်သူလူထုက ကျွန်တော်တို့ရဲ့ ခေါင်းဆောင်တွေကို နားလည်လိမ့်မယ်လို့ ထင်ပါတယ်။

နောက်တစ်ချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ရွေးချယ်ထားတဲ့ ပြည်ထောင်စုဝန်ကြီးတွေ တွေ့ဆုံတဲ့အခါ တိုင်းပြည်အတွက် အစိုးရတာဝန်စယူတဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ သိသာထင်ရှားတဲ့အလုပ်တွေ ကြိုးစားလုပ်မယ်။ နောက်ပြီးတော့ ခြောက်လ၊ တစ်နှစ်အဖြစ် ဦးစားပေးဆောင်ရွက်မယ်။ ဌာနတိုင်း ပြင်ဆင်တာတွေ ရှိနေပါပြီ။

ပြုပြင်ပြောင်းလဲမှုကို သမ္မတဦးသိန်းစိန် လက်ထက်ကတည်းက လုပ်ခဲ့ပါတယ်။ သူ့လက်ထက်မှာ နိုင်ငံရေး၊ စီးပွားရေး ပွင့်လင်းမှုတွေရှိလာတယ်။ မီဒီယာ ပွင့်လင်းမှုတွေ ရှိလာတယ်။ ဒါတွေကို ပြုပြင်ပြောင်းလဲနိုင်ခဲ့တယ်။ ဒါပေမယ့် အုပ်ချုပ်ရေး ယန္တရားပြုပြင်ဖို့နဲ့ အဂတိတရား လျှော့ပါးရေးမှာ အထိုက်အလျောက် မအောင်မြင်ခဲ့ဘူး။ ဒါကို သူတို့ကို အပြစ်တင်လို့ မရဘူး။ သူတို့ တတ်နိုင်သမျှ လုပ်ခဲ့တယ်။

သူတို့ အထိုက်အလျောက် အောင်မြင်ခဲ့တဲ့ အုပ်ချုပ်ရေးယန္တရားပြုပြင်ဖို့နဲ့ အဂတိတရား လျှော့ပါးရေးမှာ ကျွန်တော်တို့က ဆက်ပြီး အောင်မြင်အောင် လုပ်ဆောင်ရမယ်။

ပြီးတော့ အမျိုးသားရင်ကြားစေ့ရေးပါ။ အမျိုးသားရင်ကြားစေ့ရေးမှာ တပ်မတော်ရော၊ တိုင်းရင်းသားအဖွဲ့တွေရော အားလုံးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တပ်မတော်ကို သံယောဇဉ်ရှိတယ်။ တပ်မတော်နဲ့ ပူးပေါင်းဆောင်ရွက်မယ်။ တပ်မတော်ခေါင်းဆောင်ကလည်း ပူးပေါင်းဆောင်ရွက်မယ်လို့ ကတိပေးတယ်။ နိုင်ငံတိုးတက်ဖို့အတွက် ဆောင်ရွက်တဲ့အခါ ပြည်သူလူထု စားဝတ်နေရေး အဆင်ပြေဖို့ ဆောင်ရွက်တာဟာ စိန်ခေါ်မှုတစ်ခုထဲမှာ ပါပါတယ်။

**မေး။ ဒီနေ့ တွေ့ဆုံမေးမြန်းမှုကနေ ဆရာရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့မှာ ပါဝင်မှုဖြစ်စဉ်ကိုလည်း သိရှိလိုပါတယ်။**

ဖြေ။ ကျွန်တော်က ၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှာ မိတ္ထီလာမြို့နယ် အလယ်ရွာမှာ မွေးဖွားခဲ့ပါတယ်။ မိတ္ထီလာ အထက(၁)ကနေ အထက်တန်းအောင်မြင်ပြီးတော့ စစ်တက္ကသိုလ် အပတ်စဉ်(၅)မှာ တက်ရောက်ခဲ့ပါတယ်။ စစ်တက္ကသိုလ်ကနေ အောင်စစ်သည်ဆု၊ စာပေထူးချွန်ရွှေတံဆိပ်ဆု နှစ်ခုရရှိခဲ့တယ်။ စစ်တက္ကသိုလ် သမိုင်းမှာ အောင်မြင်မှုရရှိခဲ့တဲ့ မှတ်တမ်းတစ်ခုပေါ့။

တာဝန်ထမ်းဆောင်တဲ့အခါ မြစ်ဝကျွန်းပေါ်တပ်ကို ရောက်တယ်။ ဒီအချိန်မှာ တော်လှန်ရေးကောင်စီတက်တဲ့အတွက် အသက်ငယ်ငယ်နဲ့ တာဝန်ကြီးကြီးတွေ ထမ်းဆောင်ခဲ့ရတယ်။ ခြေလျင်တပ်မှာ ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့ပြီးတော့ မြစ်ဝကျွန်းပေါ်၊ ပဲခူးရိုးမ၊ အရှေ့မြောက်ဒေသစစ်ဆင်ရေးတွေမှာ ပါဝင်ထမ်းဆောင်ခဲ့ရတယ်။ အသက်မသေရုံ အန္တရာယ်ကြား ကျရောက်ခဲ့တာတွေ ရှိခဲ့ပါတယ်။

အဲဒီကမှ လူကြီးတွေ ရွေးချယ်လို့ စစ်ရုံးရောက်ပြီး ၁၉၆၉ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒီကနေ တပ်ရင်းပြန်ပြီး တာဝန်ထမ်းဆောင်ချင်တယ်ဆိုတော့ လူကြီးတွေက ခွင့်မပြုဘူး။

နောက်ဆုံးကျတော့ အုန်းကျော်မြင့်နဲ့ အပေါင်းအသင်းတွေက လူကြီးတွေကို လုပ်ကြံမယ်ဆိုတဲ့အထဲမှာ ကျွန်တော်ပါတယ်ဆိုပြီး ခြောက်လအချုပ်နဲ့ တပ်ကနေထုတ်ခံရတယ်။ တကယ်တော့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေ သဘောမကျလို့ မပါဝင်ခဲ့ပါဘူး။ ဒါပေမယ့် သူတို့ လုပ်မယ်ဆိုတာတော့ သိတယ်။ သိတဲ့ဟာကို သတင်းမပို့ခဲ့ဘူး။

ဥပဒေအရ အပြစ်ရှိတယ်။ နိုင်ငံတော်လုပ်ကြံမှုကို ကြားရင် သတင်းပို့ရမယ်၊ မပို့ရင် ကြံရာပါဆိုတာကို မသိခဲ့ဘူး။ နောက်တစ်ချက်က ကိုယ်ပြောလိုက်လို့ သူတို့တွေလည်း ဒုက္ခရောက်မလားဆိုပြီး စာနာမှုကြောင့်လည်းပါတယ်။

၁၉၇၇ ခုနှစ်ကနေ တပ်ကထွက်ပြီး ၁၉၈၈ ခုနှစ်ထိ စီးပွားရေးလုပ်တယ်။ စီးပွားရေးက အောင်မြင်ခဲ့တယ်။ ၁၉၈၈ ခုနှစ် ပြည်သူလူထုအုံကြွတဲ့အခါ အဲဒီတုန်းက မျိုးချစ်ရဲဘော်ဟောင်းများခေါ်တဲ့ အဖွဲ့ထဲကနေ အရေးတော်ပုံထဲ ပါခဲ့တယ်။

နောက် NLD ဖွဲ့တဲ့ အချိန်ကစပြီး ပါခဲ့တယ်။ အဲဒီကနေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စည်းရုံးရေးခရီးစဉ်တိုင်းမှာ ပါဝင်ခဲ့တယ်။ ဘာလို့လဲဆိုတော့ အဲဒီအချိန်တုန်းက နဝတခေတ်ဖြစ်တဲ့အတွက် တပ်ပိုင်းဆိုင်ရာနဲ့ ဆက်ဆံဖို့အတွက် ကျွန်တော့်ကို တာဝန်ပေးထားတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံကို ခေါင်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်မယ်ဆိုတာ သူ့ရဲ့ အရည်အချင်းတွေကနေ တစ်ဆင့် ယုံကြည်လို့ ရာထူးမပါဘဲနဲ့ ရုံးဝန်ထမ်းအနေနဲ့ အစအဆုံး ပါဝင်ဆောင်ရွက်ပေးခဲ့တယ်။ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှာ ထောင်ချခံရတယ်။ ငါးနှစ်ခွဲကြာခဲ့တယ်။ ၁၉၉၅ ခုနှစ် ပြန်လွတ်တဲ့အခါမှာလည်း ဒေါ်အောင်ဆန်းစုကြည်အတွက် ပြန်ပြီးလုပ်ဆောင်ပေးတယ်။

၁၉၉၆ ခုနှစ် ရွေးကောက်ပွဲလုပ်မယ်ဆိုတဲ့အချိန်မှာ NLD အားလုံး အဖမ်းခံရတဲ့အတွက် ထောင်ထဲ ပြန်ရောက်သွားတယ်။ ၁၉၉၆ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ ၁၄ နှစ်အတွင်း အင်းစိန်၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေးနဲ့ ကသာ ထောင်ငါးခု ပြောင်းရွှေ့ခံရတယ်။ ထူးခြားတာတစ်ခုက ၂၀၀၈ ခုနှစ် စက်တင်ဘာမှာ ကသာထောင်ကနေ ကျွန်တော့်ကို လွှတ်ပြီဆိုပြီးတော့ အပြင်က တည်းခိုခန်းမှာ ထားတယ်။ နောက်နေ့မှာ ဆွေးနွေးစရာရှိတယ်လို့ လာခေါ်သွားပြီး ထောင်ထဲပြန်ရောက်သွားခဲ့တယ်။

ကျွန်တော် ထူးခြားပြီး စိတ်ထိခိုက်မှု မဖြစ်ပေါ်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ အဲဒီလို လုပ်နိုင်စွမ်းရှိတယ်ဆိုတာ ကျွန်တော်သိပြီးသားမို့ပါ။ ကျွန်တော့်မိသားစုက စိတ်ထိခိုက်တာပေါ့လေ။ လူတစ်ယောက်ကို ဒီနေ့ထောင်ကလွှတ်ပြီး နောက်နေ့ထောင်ထဲ ပြန်ထည့်တယ်ဆိုတာ အင်မတန်မဖြစ်သင့်တဲ့ကိစ္စပါ။ နိုင်ငံရေးအရကြည့်ရင် ဆိုးရွားပေမယ့် စိတ်ထိခိုက်မှုနည်းခဲ့တယ်။

သူတို့ ထောင်ချတာ ၁၄ နှစ် ဆိုပေမယ့် ၁၄ နှစ်ကျော်နေခဲ့ရပြီးတော့ ၂၀၁၀ ပြည့်နှစ်မှာ ထောင်ကလွတ်တယ်။ လွတ်တဲ့အခါမှာလည်း ဒေါ်အောင်ဆန်းစုကြည်ဆီပဲ ပြန်ပြီးလုပ်တယ်။ သူတို့ကတော့ အမှတ်မရှိဘူး ပြောကြတယ်။ နိုင်ငံရေးသမားတွေ ထောင်ကျပြီး ပြန်လွတ်လာတဲ့အခါ စီးပွားရေး၊ လူမှုရေး စသဖြင့် ဆုံးရှုံးမှုတွေ အများကြီးရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်မှာကို ကျွန်တော့်ဆီ မောင်နှမသားချင်းတွေ မလာရဲကြဘူး။ လာရင်ပြုတ်မှာကိုး။ နိုင်ငံရေးသမားတွေ ထောင်ကထွက်တဲ့အခါ နိုင်ငံရေးယုံကြည်ချက်တွေ ပြောင်းသွားတာ၊ စီးပွားပျက်သွားတာ၊ ရူးသွားတာ အများကြီးရှိပါတယ်။

ကျွန်တော်ကတော့ ကံအားလျော်စွာ ဘာသာရေးအမြင်၊ နိုင်ငံရေးအမြင်နဲ့ လူမှုရေးအမြင်တွေနဲ့ ယုံကြည်မှုကို ထိန်းသိမ်းနိုင်တဲ့အတွက် ပြန်လွတ်တိုင်း ဒေါ်အောင်ဆန်းစုကြည်ဆီမှာပဲ ကူညီခဲ့တယ်။ ၂၀၁၂ ရွေးကောက်ပွဲဝင်တဲ့အထိ ကျွန်တော်တို့ NLD ဟာ အချိန်မရွေး ခြိမ်းခြောက်ခံရနိုင်တဲ့အနေအထား၊ နောက်တော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးသိန်းစိန်တွေ့တယ်၊ လိုချင်တဲ့အချက်တွေ ပြင်ပေးတယ်။ ၂၀၁၂ ကြားဖြတ်ကနေ လွှတ်တော်ထဲဝင်တဲ့အခါ အစိုးရနဲ့ပေါင်းသွားပြီဆိုပြီး ပြောခံရတာတွေ ရှိတယ်။

ကျွန်တော်ကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောကို သိတယ်။ သူ့ရဲ့ အနာဂတ်မြန်မာနိုင်ငံမှာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကို မမှိတ်မသုန်ဆောင်ရွက်တယ်ဆိုတာ သိတယ်။ ဒါကြောင့်သာ လွှတ်တော်မှာရော၊ အစိုးရအဖွဲ့မှာပါ အများစုပါဝင်နိုင်တဲ့အနေအထားနဲ့ တာဝန်ယူနိုင်ခဲ့တာဖြစ်တယ်။

ဒီလိုတာဝန်ယူတဲ့အခါ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးရရှိရေးနဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေး အခြေအနေ မြင့်မားတိုးတက်ဖို့ ရည်မှန်းချက်ထား ဆောင်ရွက်သွားမယ်။

အခုလို စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။

# မြန်မာ့ရုပ်မြင်သံကြား News Channel

၂-၄-၂၀၁၆(စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ ： မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၃၅ ： ခါသကြိ်န်အဆိုအကများ
၁၀း၃၅ ： မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၅၀ ： တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃း၂၀ ： တစ်ပတ်အတွင်း လွှတ်တော်သတင်းစဉ်

**ညပိုင်း**

၁၅း၄၅ ： Ooredoo MNL-1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ FC Vs ရန်ကုန်ယူနိုက်တက် FC
၁၉း၁၅ ： ရင်တွင်းရေးပြဿနာ (အပိုင်း-၃) (နိုင်းနိုင်း၊ သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဟိန်းစိုး)
၂၀း၀၀ ： ပြည်တွင်းသတင်း
၂၀း၃၅ ： ပုဂံ၏ကျက်သရေ တင့်တယ်စေ

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ခိုင်ပြည်နယ်တို့တွင်နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

■ ရှေ့ဖုံးမှ

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်နိုင်ရေး၊ စစ်မှန်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တင်သွင်းခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များထဲတွင် အကြံပြုချက်များ ပေးအပ်ခြင်းသာ ပါရှိပြီး ယင်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လမ်းညွှန်မှုပြုခြင်း မဟုတ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည့် အကြံပြုချက်များ ပေးအပ်၍ အဆိုပါ အကြံပြုချက်များနှင့် ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည် ဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း ရှင်းလင်းသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တင်သွင်းထားသည့် **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် လေးဦးနှင့် တပ်မတော်သားကိုယ်စားလှယ် သုံးဦးတို့က ဆွေးနွေးကြသည်။



**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်**



**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေး**



**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်**

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ခင်မောင်အေးက ယခု ဆွေးနွေးလျက်ရှိသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ(မူကြမ်း)သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းသည်ဆိုသော်လည်း ပါတီအမည်ဖော်ပြထားသော လူပုဂ္ဂိုလ်တစ်ဦးတည်းအား ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာနှစ်ရပ်စလုံးကို အပ်နှံသည့် သဘော သက်ရောက်နေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိက အခြေခံမူတစ်ရပ်ဖြစ်သည့် ပုဒ်မ ၁၁(က)ပါ "နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်"ဟူသည့် ပြဋ္ဌာန်းချက်ကို ထိခိုက်ပျက်ပြားစေခြင်း၊ ယခုဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ၏ အနက်အဓိပ္ပာယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများနှင့် ဆန့်ကျင်ကွဲလွဲနေခြင်းတို့ကြောင့် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲပြီးမှသာ ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်းက ဤဥပဒေသည် ဥပဒေတစ်ရပ်၏ အင်္ဂါရပ်နှင့် မညီညွတ်ဟု ယူဆရပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်လည်း ပတ်သက်ဆက်နွယ်နေသဖြင့် ဤဥပဒေကိုပြဋ္ဌာန်းရန် သင့်၊ မသင့်ကို အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရန် တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ယခုဥပဒေကြမ်းကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းခြင်းမပြုဘဲ အမိန့်ညွှန်ကြားချက်ထုတ်ပြန်ပြီး ဆောင်ရွက်သင့်ပါကြောင်း၊ ဥပဒေပညာရှင်များနှင့် တိုင်ပင်နှီးနှောပြီး စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးထံမှ အကြံဉာဏ်ရယူသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ဆွေက အမျိုးသားလွှတ်တော်သို့ တင်သွင်းသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းသည် ဥပဒေအကြောင်းခြင်းရာအရ တည်ဆဲနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျော်လွန်အဓိပ္ပာယ် သက်ရောက်နေသဖြင့်လည်းကောင်း၊ အကြောင်းခြင်းရာအားဖြင့် လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်နေသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲပြီးမှသာ ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်က ဥပဒေကြမ်း၏ စာမျက်နှာ(၂)တွင် ပါရှိသော ပုဒ်မ (၃)(က)ပြဋ္ဌာန်းချက်ပါ စကားရပ်ကို "ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေး"ဟု ပြင်ဆင်လိုပါကြောင်း၊ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရန် လိုအပ်နေသည့်အတွက် "ထွန်းကားရေး" ဆိုသည့် စကားရပ် အစား "ရှင်သန်ဖွံ့ဖြိုးရေး" ဟု ပြင်ဆင်သင့်ကြောင်း၊ စာမျက်နှာ (၂)၏ ပုဒ်မ (၄)တွင် "၂၀၁၅ ခုနှစ် ဆိုသည့် ခုနှစ်သက္ကရာဇ်ကို ဖြုတ်ပြီး "ထောက်ခံမဲရရှိခဲ့သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်" ဟူသော စကားရပ်ကို "ထောက်ခံမဲ ရရှိသည့် အနိုင်ရပါတီ၏ဥက္ကဋ္ဌ"စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း၊ ဥပဒေတစ်ခုကို ပြဋ္ဌာန်းရာတွင် ရေရှည်အတွက်လည်း မျှော်ကိုးရမည်ဖြစ်ပါကြောင်း၊ ပုဒ်မ(၇)၏ ပြဋ္ဌာန်းချက်ကို ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က ဥပဒေများကို ယခုကဲ့သို့ အချိန်တိုကာလအတွင်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် သတ်မှတ်ပြဋ္ဌာန်း ထုတ်ပြန်ခြင်းမျိုး မတွေ့ဖူးကြောင်း၊ ဥပဒေတစ်ရပ်သည် ရေရှည်မျှော်ကိုးပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ရှင်သန်နေသည့် ဥပဒေဖြစ်ခြင်းသည် ပိုမိုသင့်လျော် ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက် ရည်ရွယ်ဖော်ပြထားသော်လည်း ဒေါ်အောင်ဆန်းစုကြည်အတွက် တမင်ဖော်ပြချက်ဟု စွပ်စွဲလာနိုင်ပါကြောင်း၊ ယခု အာဏာရပါတီ NLD အစိုးရလက်ထက်တွင် အစောဆုံးတင်သွင်းလာသည့် ဥပဒေမှာ နိုင်ငံတော်သမ္မတ၏ အတိုင်ပင်ခံလုပ်နိုင်ရန် ဒေါ်အောင်ဆန်းစုကြည်ကို ရည်ရွယ်ပြဋ္ဌာန်းသည့် ဥပဒေဖြစ်နေခြင်းသည် NLD ပါတီ၏ တရားမျှတမှု၊ ဖြောင့်မတ်မှန်ကန်မှုကို ထိခိုက်နေမည်လားဟု စဉ်းစားရန်သင့်ကြောင်း အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး လှဝင်းအောင်က ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၂ (ဇ)တွင် "ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်"ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်ထောင်စုဝန်ကြီး ဖြစ်သူသည် နိုင်ငံတော်သမ္မတကိုသာ တာဝန်ခံရန်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရန် ဖော်ပြချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားချက်အရ နိုင်ငံတော်သမ္မတက လိုအပ်သည့် အကြံဉာဏ်များ ရယူနိုင်ရေးအတွက် အကြံပေးအဖွဲ့ကို သင့်လျော်သည့် လူဦးရေဖြင့် ဖွဲ့စည်းနိုင်မည်ဖြစ်သကဲ့သို့ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်း အမျိုးသားလွှတ်တော်ဥပဒေပုဒ်မ ၃၂ အရ လွှတ်တော်အသီးသီး၏ လုပ်ငန်းများကို အထောက်အကူပြု အကြံဉာဏ်ပေးနိုင်ရန် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့ဝင်များ ဖွဲ့စည်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယခုဥပဒေကြမ်းကို ပြဋ္ဌာန်းရန်ပင် မလိုအပ်သည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ယင်းဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၁၇ တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ကန့်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ် ရှိသည့်အတွက် စက်ခလုတ်အသုံးပြု၍ ဆန္ဒရယူရာ ထောက်ခံမဲ ၁၃၇ မဲ၊ ကန့်ကွက်မဲ ၇၀၊ ကြားနေမဲ နှစ်မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် ယင်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဝန်ထမ်းများအား နှုတ်ခွန်းဆက်အမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဧပြီ ၁ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ရုံးအမှတ် ၃၁ စုပေါင်းခန်းမ(မြေညီထပ်)၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအား နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိရိုသေကြရန် လိုအပ်ကြောင်း၊ ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ လာဘ်ပေးလာဘ်ယူကင်းရှင်းပြီး အဂတိတရားကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း မိသားစုပုံစံဖြင့် စည်းလုံးညီညွတ်စွာ ပျော်ပျော်ရွှင်ရွှင်တာဝန်ထမ်းဆောင်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် မှာကြားသည်။

အခမ်းအနားသို့ အရာထမ်း ၆၇ ဦး၊ အမှုထမ်း ၂၇၁ ဦး စုစုပေါင်း ၃၃၈ ဦး တက်ရောက်ခဲ့ကြောင်းနှင့် ညနေ ၄ နာရီခွဲတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပူတာအိုခရိုင်အတွင်း၌ မျိုးစိတ်အသစ်ဖြစ်နိုင်သော ငှက်မျိုးစိတ်များတွေ့ရှိ

**နေပြည်တော် ဧပြီ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအောက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနသည် နိုင်ငံအတွင်းသစ်တောသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် မျိုးစိတ်သစ်များ ရှာဖွေထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကို ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာပြည် မြောက်ဖျားတောင်ပေါ် ဆက်စပ်သစ်တောဒေသ (NMFC)ကို ကမ္ဘာ့သဘာဝအမွေအနှစ်ဥယျာဉ်အဖြစ် အမည်စာရင်းတင်သွင်းနိုင်ရေး အဆိုပြုလွှာပြုစုနိုင်ရန်အတွက် စံသတ်မှတ်ချက်များ၊ ဂေဟစနစ်တန်ဖိုးများ၊ ထူးခြားသည့် ဇီဝမျိုးစုံမျိုးကွဲများ လေ့လာဖော်ထုတ်ခြင်းကို ပြည်တွင်း ပြည်ပ ပညာရှင်များ ပါဝင်သည့် အဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၃ ရက်အထိ UNESCO ၏ အထောက်အပံ့ဖြင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ခါကာဘိုရာဇီ (တောင်ပိုင်းတိုးချဲ့)တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်မှုတွင် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း၌ မျိုးစိတ်အတိအကျခွဲခြားနိုင်ခြင်း မရှိသည့် မျိုးစိတ်အသစ်ဖြစ်နိုင်သည့် ငှက်မျိုးစိတ်တစ်မျိုးအား လေ့လာတွေ့ရှိခဲ့၍ UNESCO (မြန်မာနိုင်ငံ)၏ ပြည်ပ ပညာရှင် Dr.Swen C.Renner က ယင်းငှက်မျိုးစိတ်နှင့်ပတ်သက်၍ မျိုးခွဲဆန်းစစ်မှု ပြုလုပ်လျက်ရှိသည်။

ယင်းခရီးစဉ်အတွင်း စုဆောင်းရရှိခဲ့သော ငှက်မျိုးစိတ် ၈၆ မျိုး၏ နမူနာ စုစုပေါင်း ၁၂၁၇ ခု၊ လင်းနို့မျိုးစိတ် ၃၂ မျိုး၏ နမူနာ စုစုပေါင်း ၂၀၁ ခု၊ ကြွက်မျိုးစိတ် ၂၁ မျိုး၏ နမူနာ ၃၅ ခုနှင့် ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ်ခုနစ်မျိုး၏ နမူနာ ခုနစ်ခုတို့အား ကမ္ဘာ့သဘာဝအမွေအနှစ် သတ်မှတ်ခြင်းခံရရန် ကမ္ဘာ့အဆင့်ထူးခြားသည့်တန်ဖိုး (OUV) အား လေ့လာဖော်ထုတ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ UNESCO အဖွဲ့သို့ သယ်ယူရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်မောင်းသူများအား အသိပေးနှိုးဆော်

၁။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၃ ရက် ညနေ ၅ နာရီတွင် စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ "Myanmar Event Park" တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ အခမ်းအနားကျင်းပစဉ် ပြည်လမ်းနှင့် ရှင်စောပုလမ်းဆုံမှ ဗဟိုလမ်းနှင့် ရှင်စောပုလမ်းဆုံအထိ ရှင်စောပုလမ်းကို ဧပြီ ၃ ရက် မွန်းလွဲ ၁ နာရီမှစတင်၍ ယာဉ်သွားလာခွင့်အား ယာယီပိတ်ထားမည်ဖြစ်ပါကြောင်း ယာဉ်မောင်းသူများ သိရှိနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ**

**နေပြည်တော် ဧပြီ ၁**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီဖွဲ့စည်း

ရန်ကုန် ဧပြီ ၁

**ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (ဒသမနေ့)တွင် (ယာပုံ) ရန်ကုန်တိုင်းဒေသကြီးဆိုင်ရာ တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ရာ ကော်မတီတွင် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်စာရင်းများ တင်သွင်းခြင်းတို့ကို သဘောတူအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။**




အဆိုပါ ရန်ကုန်တိုင်းဒေသကြီး ဆိုင်ရာ တရားစီရင်ရေး၊ ဥပဒေစိုးမိုး ရေးနှင့် တိုင်ကြားစာများ၊ အသနား ခံစာများ စိစစ်ရေးကော်မတီတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၁ ဦးကို ဖွဲ့စည်း ခဲ့သည်။ ယင်းကော်မတီတွင် ယနေ့ လွှတ်တော်၌ အတည်ပြုထုတ်ပြန်ချက် အရ ဦးမြင့်လွင် (မြောက်ဥက္ကလာပ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၂ )အား ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များအဖြစ် ဦးကျော် ကျော်ထွန်း (လှိုင်မြို့နယ် မဲဆန္ဒနယ် အမှတ်-၁)၊ ဦးရန်အောင်(မင်္ဂလာ တောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်-၂)၊ ဦးသန်းဆွေ(ဆိတ်ကြီး ခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်-၂ )၊ဒေါ်သန္တာအေး ကော့မှူး မြို့နယ် မဲဆန္ဒနယ် အမှတ်-၁)၊ ဦးအောင်ဆန်းဝင်း(မှော်ဘီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်-၁)၊ ဦးသန့်စင် (ဒေါပုံမြို့နယ် မဲဆန္ဒနယ် အမှတ်-၂)၊ ဦးမြတ်မင်းသူ(လှိုင်သာယာမြို့နယ်၊ မဲဆန္ဒနယ် အမှတ်-၂)၊ ဗိုလ်မှူး ဖုန်းဇော်အောင် (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)၊ ဗိုလ်မှူး စံသာနေအောင် (တပ်မတော် သား လွှတ်တော်ကိုယ်စားလှယ်)နှင့် အတွင်းရေးမှူးအဖြစ် ဦးတင့်ဝေ (ကမာရွတ်မြို့နယ် မဲဆန္ဒနယ် အမှတ်-၁)တို့အား လွှတ်တော်၌ သဘောတူညီမှုရယူခြင်းတို့ ဖြစ်သည်။

ယနေ့ကျင်းပသည့် ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ပထမပုံမှန် အစည်းအဝေး (ဒသမနေ့)ကို တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃ အရ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တရားစီရင်ရေး၊ ဥပဒေစိုးမိုးရေးနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီဖွဲ့စည်းရန်အတွက် ကော်မတီများတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး အမည်စာရင်း တင်သွင်းခြင်းနှင့် ပတ်သက်၍ လွှတ်တော်၏သဘော ဆန္ဒကိုရယူကာ အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ယနေ့အစည်းအဝေး၌ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး နှစ်ဦးအဖြစ် တိုင်း ဒေသကြီး ရခိုင်တိုင်းရင်းသား မဲဆန္ဒနယ်မှ ဦးဇော်အေးမောင်အား ရခိုင်တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးအဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသား မဲဆန္ဒနယ်မှ နော်ပန်းသဥ္ဇာမျိုးအား တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးအဖြစ် လည်း ကောင်း လွှတ်တော်သို့တင်ပြ ခန့်အပ်ခဲ့ပြီး ကတိသစ္စာပြုခြင်းတို့ လုပ်ဆောင်ခဲ့ကာ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒသမနေ့) တစ်နေ့တာအတွက် ရရှိမည့် စားသောက်စရိတ်များကို လွှတ်တော် ကိုယ်စားလှယ်များ၏ သဘောဆန္ဒ အရ မှော်ဘီမြို့နယ် အောက်ဝက်လက် ချောင်းကျေးရွာရှိ လေလွင့်ကလေး ငယ်များနှင့် တောင်းရမ်းစားသောက် သော ကလေးငယ်များအတွက် ဖွင့်လှစ်ထားသော လူမှုစောင့်ရှောက် ရေးအခြေအနေမဲ့ ထိန်းသိမ်းစောင့် ရှောက်ရေးစခန်းနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) ၂၁ ရပ်ကွက်ရှိ ရန်ကုန် မြို့တော် စည်ပင်သာယာရေး ကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့် သန့်ရှင်းရေးဌာန ဝန်ထမ်း အိမ်ရာနေ မိသားစုဝင်ကလေးများ အတွက် လိုအပ်သော ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုနိုင် ရန်အတွက် လှူဒါန်းသွားမည်ဖြစ် ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# အများပိုင် BRT ယာဉ်လိုင်း လမ်းကြောင်းသစ်နှစ်ခု တိုးချဲ့ပြေးဆွဲရန်စီစဉ်

**ရန်ကုန် ဧပြီ ၁**




**BRT ယာဉ်လိုင်းမှ ရန်ကုန်မြို့အတွင်း ပြေးဆွဲသည့် ဘတ်စ်ကားတစ်စီးကို တွေ့ရစဉ်။**

လွန်ခဲ့သောနှစ်လက စတင်ပြေးဆွဲ ခဲ့သော ရန်ကုန်ဘတ်စ်ကားအများနှင့် ဆိုင်သော ယာဉ်လိုင်းဖြစ်သည့် BRT ယာဉ်လိုင်းအနေဖြင့် အများပြည်သူ များ၏ တောင်းဆိုချက်အရ လမ်း ကြောင်းသစ်နှစ်ခု ထပ်မံတိုးချဲ့ပြေးဆွဲ သွားရန် စီစဉ်နေပြီဖြစ်ကြောင်း ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က ပြောသည်။

"အဓိကကတော့ ဘတ်စ်ကား စီးတဲ့ပြည်သူတွေ ခံစားနေရတဲ့ဒုက္ခ တွေ ပိုပြီးလျော့နည်းသွားအောင် အများနဲ့သက်ဆိုင်တဲ့ ဒီယာဉ်လိုင်း ကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါ တယ်။ အစပိုင်းမှာတော့ ကျွန်တော်တို့ အနေနဲ့ စိန်ခေါ်မှုတွေရှိခဲ့ပေမယ့် တဖြည်းဖြည်းနဲ့တော့ လူကြိုက်များ ရာကနေ လမ်းကြောင်းသစ်တွေ တိုးချဲ့ပြေးဆွဲသွားဖို့ လေ့လာမှုတွေ စတင်လုပ်ဆောင်နေပါပြီ။ ဒဂုံ တက္ကသိုလ်ကနေ လှိုင်သာယာအထိ ပြေးနိုင်မယ့်လမ်းကြောင်းနဲ့ သီလဝါ အထူးစီးပွားရေးဇုန်ကနေ ဗိုလ် တထောင်ဘုရား လမ်းကြောင်းသစ် တွေ တိုးချဲ့ပြေးဆွဲသွားဖို့ လေ့လာ နေပါပြီ။ ကျွန်တော်တို့ ယာဉ်လိုင်းက အများပိုင်ဖြစ်တဲ့အတွက် အများရဲ့ ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီစနစ်ကို စံပြဖြစ်အောင် အကောင် အထည်ဖော် ဆောင်ရွက်သွားမှာပါ" ဟု ဒေါက်တာ မောင်အောင်က မတ် ၃၁ ရက် နံနက်ပိုင်းက BRT ယာဉ်လိုင်း ထောက်ကြန့်ကားဝင်း ၌ကျင်းပသည့် ရန်ကုန်ဘတ်စ်ကား အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီ မိတက်ဒါရိုက်တာ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနား တွင် ပြောသည်။

အဆိုပါ အခမ်းအနားတွင် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အလှူရှင် များက BRT ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၁၅၀ နှင့် Myanmar Coach Center ကုမ္ပဏီမှလည်း ၂၅ ယောက်စီး ဒေဝူးကားတစ်စီး လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ BRT ယာဉ်လိုင်းမှာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ကို အခြေပြုပြီး ရန်ကုန်-ပြည် လမ်းပိုင်း တွင် ကမ္ဘာအေးဘုရားလမ်းများ အတိုင်း မြို့လယ်သို့ ဦးတည်ပြေးဆွဲ လျက်ရှိသည်။

"ကျွန်တော်တို့ ဒီ BRT ယာဉ် လိုင်းပေါ်လာပြီးကတည်းက ကားစီးရ တာ အတော်လေး အဆင်ပြေပါတယ်။ ကားက အဲကွန်းနဲ့လည်းဖြစ်တယ်၊ ရပ်တဲ့မှတ်တိုင်မှာလည်း အကြာကြီး မရပ်ဘူး။ ရပ်တဲ့မှတ်တိုင်လည်း နည်းတယ်။ မြန်လည်းမြန်တယ်။ ကတ်နဲ့စီးရတယ်ဆိုပေမယ့် ကတ်မပါ လည်း ပိုက်ဆံ ၃၀၀ ပုံးထဲ ထည့် လိုက်ရုံပဲ။ ကျွန်တော်ကတော့ အမြဲစီး တာဆိုတော့ ကတ်လုပ်ထားတယ်" ဟု ကိုကျော်မင်းက ပြောသည်။ အမြန် ဘတ်စ်ကားဖြစ်၍ သီးခြားမှတ်တိုင် ၃၆ ခု တည်ဆောက်ထားပြီး လက်ရှိ ကားသစ်ကြီး ၄၅ စီးဖြင့် ပြေးဆွဲ လျက်ရှိရာ မကြာမီ ကားသစ်အစီး ၂၀ ရောက်ရှိကာ တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။

ရန်ကုန်ဘတ်စ်ကားအများနှင့် သက်ဆိုင်သော ကုမ္ပဏီကို ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး နိုင်ငံတော် ထည့်ဝင်ငွေကျပ် ၁၀ ဘီလီယံ ၄၀ ရာခိုင်နှုန်းနှင့် အများ ပြည်သူ ငွေကျပ် ၁၅ ဘီလီယံ ၆၀ ရာခိုင်နှုန်းတို့ဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိသည်။

**သတင်း- မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**❊ ရှေ့ဖုံးမှ**

ယာဉ်ကျပ်တည်းမှု ကိစ္စတွေအပါ အဝင် သင်္ကြန်ကိုအကြောင်းပြုပြီး သောက်မယ်၊ စားမယ်၊ မူးမယ်၊ ယာဉ် ကြောပြောင်းပြန်မောင်းမယ်၊ ရန်ဖြစ် မယ်၊ အမျိုးသမီးတွေဆိုလည်း ရိုးရာ ယဉ်ကျေးမှုနဲ့လျော်ညီတဲ့ ဝတ်စားဆင် ယင်မှုတွေကို ထိန်းသိမ်းတဲ့အနေနဲ့ အခု ဝန်ကြီးချုပ်သစ်က ညွှန်ကြားမှု ပေးလိုက်တာဖြစ်တယ်"ဟု ယနေ့ ပြုလုပ်သည့် ဒုတိယအကြိမ် ရန်ကုန် တိုင်းဒေသကြီး လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး (ဒသမ)နေ့ အပြီးတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောသည်။

ယခုနှစ် သင်္ကြန်တွင် ရန်ကုန်မြို့ ၌ ယခင်နှစ်များကကဲ့သို့ လူစည်ကား များပြားပြီး ယာဉ်ကျပ်တည်းမှု လွန်စွာဖြစ်ခဲ့သော ကန်တော်ကြီးပတ် လမ်း ရေကစားမဏ္ဍပ်ကြီးများ၊ အင်း လျားကန်ပေါင်တစ်လျှောက်ရှိ စီးပွား ဖြစ် ရေကစားမဏ္ဍပ်ကြီးများကို တွေ့ မြင်ရတော့မည်မဟုတ်ဘဲ မိသားစု ပိုင် ရေကစားမဏ္ဍပ်များ၊ ကုမ္ပဏီပိုင် ရေကစားမဏ္ဍပ်များသာ အစိုးရအနေ ဖြင့် ဆောက်လုပ်ရေကစားခွင့် ပြုသွားမည်ဖြစ်သည်။ ထိုသို့ပြောင်းလဲ လိုက်ခြင်းဖြင့် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ တစ်နေရာတည်း၌ ယခင် နှစ်များကဲ့သို့ စုရုံးစည်ကားနေခြင်း မျိုးမဟုတ်တော့ဘဲ မြို့နယ်အလိုက် စည်ကားစေရန် မြို့နယ်မဏ္ဍပ်များ၊ ခရိုင်မဏ္ဍပ်များကိုလည်း သတ်မှတ် စည်းကမ်းချက်များနှင့်အညီ လွတ်လပ် စွာ တည်ဆောက်ဆော့ကစားနိုင် ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သင်္ကြန်မှာ အခုလို မဏ္ဍပ် တွေ ကန့်သတ်လိုက်တာ ကောင်းပါ တယ်။ သက်ဆိုင်ရာအနေနဲ့ရော လုံခြုံရေးပိုင်းဆိုင်ရာကအစ အဆင် ပြေသွားသလို၊ ယာဉ်ကြောကျပ်တည်း မှုလည်း တော်တော်လေး သက်သာ သွားမယ်လို့မြင်တယ်။ အထူးသဖြင့် ဒီနှစ်မှာ အယ်နီညိုရှိတာကြောင့် ပြည်သူတွေရဲ့ ကျန်းမာရေးကိုလည်း စောင့်ရှောက်မှုပေးတဲ့ အနေအထား ဖြစ်သွားပါမယ်"ဟု တာမွေမြို့နယ်မှ ဦးသိန်းမောင်က ပြောသည်။

ယခုနှစ် သင်္ကြန်တွင်း လုံခြုံရေး ပိုင်းဆိုင်ရာအနေဖြင့်လည်း ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲ၊ အထွေထွေအုပ်ချုပ်ရေး၊ ကြက်ခြေနီ နှင့် လုံခြုံရေးပိုင်းဆိုင်ရာလုပ်ငန်း များကို မြို့နယ်အလိုက်၊ ခရိုင်အလိုက် တာဝန်ချထားပေးမည်ဖြစ်သည့်အပြင် ကင်းလှည့်မော်တော်ယာဉ် ၄၅ စီး ဖြင့်လည်း အချိန်ပြည့်လှည့်လည် စောင့်ကြပ်မှု ပေးသွားမည်ဖြစ် ကြောင်း သိရသည်။




**ပြီးခဲ့သည့်နှစ်က ရန်ကုန်ကန်တော်ကြီးပတ်လမ်း၌ တွေ့ရသော သင်္ကြန်ရေကစားမဏ္ဍပ်။** (ဓာတ်ပုံ- မင်းထက်)

ထို့အပြင် ယခုနှစ် ရန်ကုန်သင်္ကြန် ၌ တစ်မူထူးခြားစွာ ပြောင်းလဲသွား သည်မှာ ယခင်နှစ်များကကဲ့သို့ တိုင်း ဒေသကြီးအစိုးရမဏ္ဍပ်၊ မြို့တော်ဝန် မဏ္ဍပ်တို့ကို သီးခြားတည်ဆောက် သွားမည်မဟုတ်ဘဲ ရန်ကုန်မြို့ ဗဟို မဏ္ဍပ်အဖြစ်သာ မြို့တော်ခန်းမရှေ့ ၌ တည်ဆောက်ကာ မည်သူမဆို လွတ်လပ်စွာ ရေဆော့ ကစားနိုင်ရန် စီစဉ်ထားကြောင်းနှင့် အဆိုပါမဏ္ဍပ် ၌ ရိုးရာတိုင်းရင်းသားယဉ်ကျေးမှု အကပြိုင်ပွဲများလည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင် သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဧပြီ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၆၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၇ ရက်၊ မေ ၁၃ ရက်(သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိရီမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များသည် မေ ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေအောင်မြင်တော်မူကြသော တိပိဋကဓရတစ်ပါး၊ မူလအဘိဓမ္မကောဝိဒနှစ်ပါး၊ မူလအာဘိဓမ္မိကတစ်ပါး၊ ဒီဃဘာဏက နှစ်ပါး၊ ဝိနယကောဝိဒ ၁၀ ပါး၊ ဝိနယဓရ ၁၆ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၃၇ ပါး စုစုပေါင်းစာအောင်သံဃာ ၇၉ ပါး၊ ပင့်သံဃာ ၁၇၅ ပါးအပါအဝင် စုစုပေါင်းသံဃာတော် ၂၅၄ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်သဖြင့် အလှူရှင်များ ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ဖုန်း ၀၁-၆၅၂၇၉၄၊ ၀၁-၆၆၄၅၇၈ နှင့် ၀၁-၆၆၄၄၆၅ တို့သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ပါဠိဂုဏ်ထူး)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၁ ဌာန၌ လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(ပါဠိဂုဏ်ထူး)ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၂၄၈ ပါးအနက် ၁၃၁ ပါး ဖြေဆိုကြသဖြင့် ၅၂ ဒသမ ၈၂ ရာခိုင်နှုန်းဖြေဆိုကြပြီး ၂၀၁၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ပထမငယ်၊ ပထမလတ်၊ ပထမကြီးစာရင်းသွင်း သံဃာ၊ သီလရှင်စုစုပေါင်း ၅၃၁၄၆ ပါးအနက် ၄၁၆၄၁ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၃၅ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပါဠိပထမပြန်စာမေးပွဲ လှိုင်သာယာ၌ ၄၅၆ ပါးဝင်ရောက်ဖြေဆို

**ရန်ကုန် ဧပြီ ၁**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၃၉ ဌာနတို့တွင် ပါဠိပထမပြန်စာမေးပွဲကို မတ် ၃၁ ရက်က စတင်ကျင်းပဆောင်ရွက်ပေးလျက်ရှိရာ လှိုင်သာယာမြို့နယ်ရှိ သာသနမကုဋ အတုလဓမ္မာရုံကြီး၌ ကျောင်းတိုက်ပေါင်း ၁၃၀ မှ သီလရှင် စာသင်တိုက်ခြောက်တိုက်အပါအဝင် စာဖြေသံဃာ ၄၅၆ ပါး ဖြေဆိုလျက်ရှိသည်။

ယမန်နှစ်က ပါဠိပထမပြန်စာမေးပွဲဖြေဆိုသူ ၆၆၆ ပါး ဖြေဆိုခဲ့ပြီး ယခုနှစ်တွင် သီလရှင် ၅၁ ပါး အပါအဝင် စာဖြေသံဃာ ၄၅၆ ပါးဖြေဆိုခဲ့ကာ မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ဖြေဆိုရမည်ဖြစ်ပြီး လှိုင်သာယာမြို့နယ်၌ ၁၉၉၄ ခုနှစ်မှစတင်ကာ အစိုးရပါဠိပထမပြန်စာမေးပွဲကို နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

# ပေါက်တောမြို့နယ်မှ ပညာရေးဝန်ထမ်းများ ဒေသထောက်ပံ့ကြေးအပြည့်အဝမရသေးကြောင်း ပြောဆို

**ပေါက်တော ဧပြီ ၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင် နိုင်ငံတော်အစိုးရမှ ဒေသအခက်အခဲများကြောင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဖေဖော်ဝါရီလကစ၍ ထောက်ပံ့ကြေးများ ချီးမြှင့်ပေးထားရာ ပညာရေးဝန်ထမ်းများအနေဖြင့် မတ်လအတွက်သာရရှိပြီး ဖေဖော်ဝါရီလအတွက် မရရှိသေးကြောင်း ပေါက်တောမြို့နယ်မှ ပညာရေးဝန်ထမ်းများ၏ ပြောပြချက်အရ သိရသည်။

"ကျွန်တော်တို့ကို အစိုးရက ဒေသထောက်ပံ့ကြေးဆိုပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ပေးပါတယ်။ ဒါပေမယ့် ဖေဖော်ဝါရီလကုန်မှာ မရပါဘူး။ မတ်လကုန်မှာ နှစ်လအတွက်ပေးမယ်လို့ပြောပါတယ်။ မတ်လ လစာထုတ်ပေးတဲ့အခါ ထောက်ပံ့ကြေးအတွက် မတ်လတစ်လတည်းသာ ပေးပါတယ်။ ကျွန်တော်တို့မေးတော့ ဧပြီလကုန်မှထုတ်ပေးမယ်လို့ ပြောပါတယ်။ ဧပြီလဆိုရင် ဘတ်ဂျက်အသစ်ဖြစ်သွားပြီ။ ဒါကြောင့် မရမှာစိုးရိမ်မိပါတယ်"ဟု ကန်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးကျော်ကြီးက ပြောသည်။

ဇီးချိုမော်ကျေးရွာ အမကကျောင်းအုပ်ဆရာကြီး ဦးစံလှိုင်က "တခြားဌာနဆိုင်ရာတွေမှာ ထောက်ပံ့ကြေး နှစ်လစာအပြည့်အဝရပါတယ်။ ကျွန်တော်တို့ပညာရေးဌာနကျတော့ အပြည့်အဝမရပါဘူး။ မတ်လအတွက်ပေးပါတယ်။ ဖေဖော်ဝါရီလအတွက် ထုတ်မပေးပါဘူး။ ဒါကို ကျွန်တော်တို့ကလက်မှတ်ထိုးပြီး တိုင်မယ်ဆိုတော့ မြို့နယ်ရုံးက ဧပြီလကျရင်ထုတ်ပေးပါမယ်လို့ ပြောပါတယ်"ဟု ပြောပြသည်။

တပ်မော်ကျေးရွာ အထကကျောင်းအုပ်ဆရာကြီး ဦးမောင်ကျော်နိုင်က စိတ်မကောင်းဖြစ်ရကြောင်း၊ တခြားဌာနဆိုင်ရာများရရှိသကဲ့သို့ အကျိုးခံစားလိုကြောင်း၊ မရရှိပါက အားလုံးစုပေါင်းကာ အထက်အဖွဲ့အစည်းများသို့ တင်ပြသွားမည်ဖြစ်ကြောင်း ပြောပြသည်။

ဤသို့ပညာရေးဝန်ထမ်းများ၏ အခက်အခဲဖြစ်နေမှုနှင့်ပတ်သက်၍ ပေါက်တောမြို့နယ်ပညာရေးမှူး ဦးမောင်ညွန့်အား ဖုန်းဖြင့် မေးမြန်းရာ "ထောက်ပံ့ကြေး မတ်လအတွက်ပေးတာမှန်ပါတယ်။ ဒီကိစ္စက ငွေစာရင်းကိုင်တဲ့ စာရေးဝန်ထမ်းတွေနားမလည်လို့ ဖြစ်သွားတာပါ။ သူတို့က ငွေစာရင်းရေးဆွဲတဲ့အခါ မတ်လအတွက်ပဲပါသွားတာကြောင့် ဖေဖော်ဝါရီလအတွက် မထုတ်ပေးနိုင်သေးတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်နယ်ပညာရေးမှူးကို ဖုန်းနဲ့ ဆက်သွယ်မေးကြည့်တော့ ဆရာကြီးက နောက်လကုန်တဲ့အခါ ထပ်ရေးဆွဲလိုက်ရင်ရပါတယ်လို့ ပြောပါတယ်။ ဒါ့ကြောင့် ကျွန်တော်က ဧပြီလမှပဲ ထုတ်ပေးမယ်လို့ ပြောတာပါ"ဟု ဖြေကြားသည်။



ပေါက်တောမြို့နယ်အတွင်းရှိ ကျွန်းငယ်များသို့ ရေလမ်းခရီးမှ ဤသို့ ခက်ခဲစွာသွားလာနေကြရသည်။

ပေါက်တောမြို့နယ်၌ အထွေထွေလုပ်သားအား ငွေကျပ် ၈၂၀၀၀၊ မူလတန်းပြအားငွေကျပ် ၇၆၀၀၀၊ အလယ်တန်းပြအား ငွေကျပ် ၇၃၀၀၀၊ မူလတန်းကျောင်းအုပ်များအား ငွေကျပ် ၇၀၀၀၀နှင့် အခြားဆရာ ဆရာမများနှင့် ဝန်ထမ်းများကိုလည်း ရာထူးအဆင့်အတန်းအလိုက် လစဉ်ထောက်ပံ့ကြေးငွေများ ချီးမြှင့်ပေးထားသည်။

ပေါက်တောမြို့နယ်သည် ဖရုံကာကျွန်းသုံးကျွန်းအပါအဝင် အခြားကျွန်းငယ်များဖြင့် ဖွဲ့စည်းထားပြီး သွားလာမှုခက်ခဲကာ ပေါက်တောမြို့မှ ငါးမိုင်အထက်ကွာဝေးသော ဒေသများကို ထောက်ပံ့ကြေးချီးမြှင့်ပေးထားကြောင်း သိရသည်။

**သတင်း-အာရက္ခဩရသ၊ ဓာတ်ပုံ-ဖရုံကာသား**

# သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ ကျောင်းသား ကျောင်းသူ ၅၀၀၀ ကျော် ဖြေဆိုမည်

**ရန်ကုန် ဧပြီ ၁**

ယဉ်ကျေးလိမ္မာပြီး လူတော်လူကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်သူ အရှင်ပဏ္ဍိတာဘိကျှုက ပြောသည်။

"ဦးပဉ္ဇင်းတို့အနေနဲ့ ဒီပြိုင်ပွဲကြီးကိုကျင်းပလာတာ ငါးနှစ်ရှိခဲ့ပါပြီ။ အခုကျင်းပမယ့်ပြိုင်ပွဲက ပဉ္စမအကြိမ်ပါ။ မြန်မာတစ်နိုင်ငံလုံးက ပဉ္စမတန်းနဲ့အဋ္ဌမတန်း ဖြေဆိုထားတဲ့ ကလေးတွေအားလုံး ဖြေဆိုခွင့်ရရှိမှာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာကို အခြေခံသိရှိပြီး လူတော်လူကောင်းတွေ ပေါ်ထွက်လာဖို့ ရည်ရွယ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ စာဖြေဌာန ၁၂ ခုဖွင့်လှစ်ပြီး စိစစ်ရွေးချယ်သွားမှာဖြစ်ပါတယ်" ဟု ဆရာတော် အရှင်ပဏ္ဍိတာဘိကျှုက မတ် ၃၁ ရက် ညနေပိုင်းက စမ်းချောင်းမြို့နယ် အရှေ့ဥယျာဉ်တိုက်ဓမ္မဒူတ ကောလိပ်၌ ကျင်းပသော အဆိုပါ ပြိုင်ပွဲကြီးအတွက် အလှူပေးအပ်ပွဲ အခမ်းနားတွင် မိန့်ကြားသည်။



ပြီးခဲ့သည့်နှစ်က ကျင်းပသည့် သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ၌ ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

လာမည့် ဧပြီ ၉ ရက်မှ စတင်ကာ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ စာစစ်ဌာနများဖွင့်လှစ်၍ စာမေးပွဲများကျင်းပကာ အမှတ်အများဆုံး ကလေး ၅၀ ကို ရွေးချယ်ကာ မေ ၂၁ ရက်၊ ၁၃၇၈ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီရွေးချယ်ထားတဲ့ကလေး ၅၀ ကို ရန်ကုန်ကို ခေါ်ယူပြီး မင်းကွန်းဆရာတော်ကြီး ရေးသားတော်မူတဲ့ ဗုဒ္ဓဝင်ခြောက်တွဲ၊ ရှစ်အုပ်၊ စာမျက်နှာပေါင်း ၄၀၀၀ ကျော်ကို သတ်မှတ်လေ့လာပြီး ဖြေဆိုရမှာ ဖြစ်ပါတယ်။ ပဏာမစိစစ်စာမေးပွဲကိုတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးက ဓမ္မစကူးသင်တန်းကျောင်းတွေ၊ ယဉ်ကျေးလိမ္မာ သင်တန်းကျောင်းတွေက ကလေးပေါင်း ၅၀၀၀ ကျော်ဝင်ရောက်ဖြေဆိုနိုင်ဖို့ စီစဉ်ထားပါတယ်" ဟု ဆရာတော် အရှင်ပဏ္ဍိတာဘိကျှုက ဆက်လက်ရှင်းပြသည်။

အဆိုပါ ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသော ကလေးများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ဟူ၍ မြန်မာလို ရိုက်ထည့်၍ ရှာဖွေနိုင်သည့်အပြင် ရန်ကုန်(ဗဟို) သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ဖုန်း ၀၉-၄၅၁၁၅၃၅ သို့လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲမှ နောက်ဆုံးအဆင့်ထူးချွန်ကျောင်းသား ကျောင်းသူများကို ပထမဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဆုငွေကျပ် ၁၅ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆုငွေကျပ် ခြောက်သိန်းနှင့် ပဉ္စမဆု ငွေကျပ်ငါးသိန်းနှင့် အခြားဆုပေါင်းများစွာ ရေးဖြေဂုဏ်ထူးအောင် ကျောင်းသားကျောင်းသူများကို ဂုဏ်ထူးအောင်လက်မှတ်နှင့်အတူ ဆုငွေကျပ်သုံးသိန်းချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီးအတွက် အလှူရှင်အသီးသီးမှ လှူဒါန်းလျက်ရှိရာ မတ် ၃၁ ရက် ညနေပိုင်းက အလှူငွေကျပ်သိန်း ၁၅၀ ရရှိခဲ့ပြီး စုစုပေါင်းငွေကျပ်သိန်း ၁၅၀၀ အထိ အကုန်အကျခံကာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်တို့တွင် ဦးနှောက်အမြှေးရောင်ရောဂါ ၁၆ ဦး ဖြစ်ပွားကာ ၁၂ ဦး သေဆုံးခဲ့

**မိတ္ထီလာ မေ ၁**

မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ် နှစ်မြို့နယ်တွင် မတ် ၅ ရက်မှ မေ ၁ ရက်အတွင်း ဦးနှောက်အမြှေးရောင် ရောဂါ ကလေးငယ် ၁၆ ဦးတွင် ဖြစ်ပွားခဲ့ပြီး ၁၂ ဦး သေဆုံးခဲ့ကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်ထံမှ သိရသည်။

"မိတ္ထီလာခရိုင် အတွင်းမှာ သာစည်မြို့နယ်အတွင်းက ကျေးရွာတချို့က ကလေးငယ် ၁၄ ဦး၊ မိတ္ထီလာမြို့နယ် အတွင်းက ကလေးငယ် နှစ်ဦး စုစုပေါင်း ၁၆ ဦး ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားပြီး သာစည်မြို့နယ်က ၁၀ ဦး၊ မိတ္ထီလာမြို့နယ်က နှစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့ပါတယ်။ အခုလောလောဆယ် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဖက်တောကျေးရွာက ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦးကို ဦးနှောက်အမြှေးရောင်ရောဂါ သံသယရှိသူအဖြစ် ခရိုင်ပြည်သူ့ဆေးရုံကြီးမှာ ဆေးကုသမှုခံယူနေပါတယ်။ ကလေးငယ်က ဖက်တောကျေးရွာမှ ဦးဝင်းနိုင်ရဲ့ သမီး ၁၃ နှစ်အရွယ် မစုမြတ်မွန် ဖြစ်ပါတယ်။ မတ် ၂၂ ရက်က မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးတွင် စတင်ဆေးကုသမှုခံယူနေကာ ကျန်းမာရေး အခြေအနေ ကောင်းမွန်လျက်ရှိပြီး ၁၄ ရက်ကြာ စောင့်ကြည့်ကြပ်မတ် ကုသပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မိတ္ထီလာမြို့နယ် ကုန်းတန်းကျေးရွာတွင် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားပြီး သေဆုံးသည့် ကလေးငယ်မှာ အသက် ခြောက်လအရွယ် မောင်ဟိန်းသူဖြစ်ပြီး မတ် ၁၄ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီးမှ တစ်ဆင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သည်။ ကုန်းတန်းရွာ၌ ဦးနှောက်အမြှေးရောင်ရောဂါ ဆက်လက်မပြန့်ပွားစေရေးအတွက် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင် ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ယင်းရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးဝန်ထမ်းများက ၁၀ ရက်တာကာလအတွင်း ယင်းကျေးရွာ၌ ၂၄ နာရီ ဆေးခန်းဖွင့်၍ ရောဂါဖြစ်ပွားမှု ရှိမရှိ စောင့်ကြည့်ကြပ်မတ် ကုသဆောင်ရွက်ခြင်းတို့ကြောင့် ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှု မရှိတော့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် အတွင်း ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားသေဆုံးသည့် အခြားကလေးငယ်မှာ တပျော်ကျေးရွာမှ ဦးညွန့်နိုင်၏ သမီး အသက် ၁၀ နှစ်အရွယ် မဝင်းပပမျိုးမြင့်မောင် ဖြစ်ပြီး ၎င်းမှာ မတ် ၃၀ ရက် ညပိုင်းက ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူပြီး မတ် ၃၁ ရက် နံနက်ပိုင်းတွင် မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကုသရန် သွားရောက်စဉ် လမ်းခရီး၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ မတ် ၅ ရက်မှစတင်၍ သာစည်မြို့နယ် ပြွန်ကန်၊ ဘုရားလေးကုန်း၊ သမန်းကစသည့်ကျေးရွာ တချို့မှ ကလေးငယ် စုစုပေါင်း ၁၄ ဦး ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားခဲ့ပြီး ကလေးငယ် ၁၀ ဦးမှာ ယင်းရောဂါဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။



**ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားနေသော ကလေးငယ်တစ်ဦး ဆေးကုသမှုခံယူနေစဉ်။**

ဦးနှောက်အမြှေးရောင်ရောဂါပိုးမှာ တိရစ္ဆာန်များ၏ မစင်စွန့်ပစ်ရာမှ မြေကြီးပေါ်တွင်ရောက်ရှိပြီး မြေကြီးပေါ်မှတစ်ဆင့် သဲမှုန့်၊ ဖုန်မှုန့်များဖြင့်ရောထွေးကာ ကလေးငယ်များ၏ အသက်ရှူလမ်းကြောင်းအတိုင်း ဝင်ရောက်ကူးစက်ဖြစ်ပွားခြင်း ဖြစ်ပြီး ပူပြင်းခြောက်သွေ့သော ဒေသများတွင် ဖြစ်လေ့ရှိကာ ရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် လူထူထပ်သော နေရာများ၊ ပွဲလမ်းသဘင်များသို့ သွားရောက်လည်ပတ်ခြင်းမျိုးကို ရှောင်ရှားသင့်ကြောင်း ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးက အကြံပြုပြောကြားခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

# အသီးအထွက်နှုန်းနည်းပြီး ထုတ်လုပ်မှုစရိတ်မြင့်နေသောကြောင့် ပေါင်မြို့နယ်မှ မရန်းခြောက်လုပ်ငန်းများ အခက်တွေ့

**ပေါင် မေ ၁**

ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် မရန်းသီးများအထွက်နှုန်းနည်းပြီး ထုတ်လုပ်မှုစရိတ်လည်း မြင့်တက်လာရာ လုပ်ငန်းများ အရှုံးပေါ်မည့်အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ တစ်နိုင်တစ်ပိုင် မရန်းခြောက်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

"ဒီနှစ်မှာ အပွင့်ဖြစ်တဲ့အချိန်နဲ့ သီးကင်းထွက်ခါနီးမှ မိုးကရုတ်တရက် ရွာချလိုက်တော့ အသီးအထွက်နည်းသွားတယ်။ ဒါကြောင့် ဝယ်တဲ့အခါလည်း ဈေးမြင့်လာတယ်။ နောက်ပြီး ကျွမ်းကျင်လုပ်သားရှားပါးတော့ ဈေးပိုပေးပြီးခေါ်ယူနေရတယ်။ ဒီတော့ ထုတ်လုပ်မှုအပိုင်းမှာ စရိတ်တွေမြင့်လာတယ်။ အသီးနည်းတော့ ပစ္စည်းက အများကြီး မထုတ်နိုင်ဘူး။ ဒီနှစ်က ဖောက်သည်မပျက်အောင် ဆက်လုပ်နေရုံကလွဲပြီး အကျိုးအမြတ်က သိပ်မျှော်လင့်လို့မရဘူး"ဟု ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာမှ တစ်နိုင်တစ်ပိုင် မရန်းခြောက်လုပ်ငန်း လုပ်ကိုင်သူ ဒေါ်စန်းယုံက ပြောသည်။

ယခင်နှစ်က မရန်းသီးအစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ခန့်ဖြင့်ဝယ်ယူရပြီး အလုပ်သမားတစ်ဦးလျှင် နေ့တွက်စရိတ် ငွေကျပ် ၃၈၀၀ နှင့် ၄၀၀၀ ဝန်းကျင်ခန့်သာ ပေးရသော်လည်း ယခုနှစ်တွင် မရန်းသီးအစိမ်း တစ်ပိဿာ ငွေကျပ် ၅၀၀ ဈေးပေါက်နေကာ အလုပ်သမားတစ်ဦးလျှင် နေ့တွက်စရိတ် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ ဝန်းကျင် ပေးနေရကြောင်း၊ မရန်းသီးအစိမ်း ငါးပိဿာတွင် အခြောက် တစ်ပိဿာခန့်သာ ထွက်ရှိပြီး မရန်းခြောက်များ ဈေးနှုန်းမတက်ဘဲ ထုတ်လုပ်နိုင်မှုလည်း နည်းသဖြင့် တွက်ခြေမကိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ကုန်ဈေးနှုန်းများ မြင့်တက်နေပြီး အိမ်အသုံးစရိတ်များ မြင့်နေရာ နေ့တွက်စရိတ် ငွေကျပ် ၄၀၀၀ နှုန်းမှာ မိသားစု စားဝတ်နေရေးအတွက် လောက်ငရုံသာရှိကြောင်း မရန်းခြောက်လုပ်ငန်းတွင် နေ့စားလုပ်ကိုင်သူ အလုပ်သမားတစ်ဦးက ပြောသည်။

မရန်းခြောက် တစ်နိုင်တစ်ပိုင် လုပ်ငန်းများမှာ မတ်လဆန်းပိုင်းမှ ဧပြီလဝက်လောက်အထိ တစ်လခန့်သာ လုပ်ငန်းလုပ်ကိုင်ရပြီး ပေါင်မြို့နယ်အတွင်း ထွက်ရှိသော မရန်းခြောက်များကို ရန်ကုန်ဒိုင်များသို့ မရန်းယိုထုတ်လုပ်ရန် အများဆုံး တင်ပို့ရကာ အခြောက် တစ်ပိဿာလျှင် ယခင်နှစ်က ငွေကျပ် ၂၆၀၀ မှ ၃၀၀၀ ဝန်းကျင်သာရရှိခဲ့ပြီး ယခုနှစ်တွင် ငွေကျပ် ၃၅၀၀ ဝန်းကျင်ခန့် ရရှိရန် မျှော်မှန်းနေကြောင်း ပေါင်မြို့နယ်အတွင်းရှိ မရန်းခြောက်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

**သက်ဦး(သထုံ)**

# ဟသ္သာတမြို့နယ်၌ မူခင်းကျဆင်းရေး ဟောပြော

**ဟသ္သာတ မေ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးဝင်းသည် မတ်လနောက်ဆုံးပတ်က ထိန်ကုန်းကျောင်းကျေးရွာ အုပ်စု ရွာဦး ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး မီးလောင်မှု ဖြစ်ပွားခြင်းများ၊ လူကုန်ကူးမှု တားဆီးရေးနှင့် မူခင်းမဖြစ်ပွားစေရေးနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ရေးတို့ကို ပညာပေးဟောပြောပြီး ကျေးရွာပြည်သူများက သိလိုသည်များ မေးမြန်းခြင်းများ ပြုလုပ်ကြသည်။

**အေးထွန်း(ဟသ္သာတ)**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော လျှပ်ကာကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ် လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများ လဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်၍ ၂-၄-၂၀၁၆ ရက်နေ့တွင် သဃ်န်းကျွန်း၊ ဒဂုံအရှေ့၊ ဒဂုံ (တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ မြောက်ဥက္ကလာ၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ လှိုင်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ တွံတေး၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ သုံးခွ၊ ကျိုက်ထော်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ အင်းတိုင်၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၃-၄-၂၀၁၆ ရက်နေ့တွင် ဒဂုံဆိပ်ကမ်း၊ ဗဟန်း၊ စမ်းချောင်း၊ မရမ်းကုန်း၊ အင်းစိန်၊ တိုက်ကြီး၊ ဥက္ကံ၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။

၄။ မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မေ ၁ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် မေ ၁ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၄၃၀၀၀ |
| ၂။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၃၀၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄၅၀၀ မှ ၂၅၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၅၃၀၀၀ |
| ၇။ | ကြက်သွန်နီ | ဆိပ်ဖြူ တောင်တွင်း၊ မုံရွာ၊ မင်းလှ၊ မြစ်သား၊ မြင်းခြံ(ကံဆင့်) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၅ မှ ၅၇၅ |
| ၈။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀ |
| ၉။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၄၀၀ |
| ၁၀။ | ငရုတ်(မိုးထောင်) | ညောင်ရမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀ မှ ၃၀၀၀ |
| ၁၁။ | အာလူး | တပ်ကုန်း၊ ဆင်ဖြူကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၈၀၀ |
| ၁၂။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀ မှ ၁၆၀၀ |
| ၁၃။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၆၀၀ မှ ၂၅၀၀ |
| ၁၄။ | စတော်ဘယ်ရီသီး | | တစ်ဘူး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၄၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**

# မဟာမြတ်မုနိဘုရားကြီး အထက်ဌာပနာသွင်းလှူဒါန်းခြင်းနှင့် တောင်တန်းသာသနာပြု ဓမ္မပိမာန်တော်ကြီးသို့ပင့်ဆောင်

**မြစ်ကြီးနား ဧပြီ ၁**

မဟာမြတ်မုနိဘုရားကြီး အထက်ဌာပနာသွင်းလှူဒါန်းခြင်းနှင့် ကိန်းဝပ်စံပယ်တော်မူမည့် တောင်တန်းသာသနာပြု ဓမ္မပိမာန်တော်ကြီးပလ္လင်တော်ပေါ်သို့ ပင့်ဆောင်ခြင်းအခမ်းအနားကို မတ် ၃၁ ရက်က မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် အံတော်ရှင်တောင်တန်းသာသနာပြု (ဗဟို)ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးတွင် အထက်ဌာပနာသွင်းမည့် ဓာတ်တော်၊ မွေတော်များအား လက်ယာရစ်သုံးပတ်လှည့်၍ အပူဇော်ခံပြီး ဆရာတော်နှင့်သံဃာတော်များက ဇယန္တော ဗောဓိယာမူလေဂါထာကို ရွတ်ဆိုပေးခဲ့ပြီး ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်မည့် အထက်ဌာပနာတော်၌ ဓာတ်တော်၊ မွေတော်များကို ဆရာတော် အရှင်ဉာနဓဇနှင့် အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များက ထည့်သွင်းကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ယင်းနောက် ရုပ်ရှင်တော်မြတ်ကြီးကို ကရိန်းများဖြင့် ကိန်းဝပ်စံပယ်တော်မူမည့် တောင်တန်းသာသနာပြုဓမ္မပိမာန်တော်ကြီးရှိ ပလ္လင်ပေါ်သို့ ပင့်ဆောင်ခဲ့ကြသည်။

အဆိုပါ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးကို ကြေးပိဿာချိန် ၁၂၀၀၊ ဉာဏ်တော် ၁၂ ပေခွဲ၊ အောက်ခြေ ကိုးပေပတ်လည်၊ မျက်နှာတော် ၃၃ လက်မ ပတ်လည်ရှိပြီး မူလရွှေပိဿာချိန် နှစ်လက်မပတ်လည် ၅၅ ဆိုဒ်ဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောတွင်းကျေးရွာအုပ်စု ထုံးဘိုကျေးရွာနေ ကြေးပညာရှင် ဦးကျော်ဝင်းက သုံးလကြာ သွန်းလုပ်ခဲ့သည်။ အဆိုပါ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးကို ငွေကျပ် ၅၁၅ သိန်းခန့် အကုန်အကျခံပြီး အလှူရှင် ဦးလောဆန်-ဒေါ်ရွှယ်ဂျီ (ရတနာတက်ချမ်းကျောက်မျက်ကုမ္ပဏီ)က လှူဒါန်းထားခြင်းဖြစ်သည့်အပြင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူမည့် အလျား ပေ ၉၀၊ အနံ ပေ ၆၀ ရှိ တောင်တန်းသာသနာပြု ဓမ္မပိမာန်တော်ကြီးကိုလည်း ငွေကျပ် သိန်းပေါင်း ၂၅၀၀ ခန့် အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရသည်။



**မင်းရာဇာ(မြစ်ကြီးနား)**

# မြို့တွင်း ရေမြောင်းများပိတ်ဆို့၍ ခြင်ပေါက်ဖွားခြင်းကြောင့် သွေးလွန်တုပ်ကွေးအန္တရာယ်စိုးရိမ်ရ



**မြင်းမူ ဧပြီ ၁**

မုံရွာ-မြင်းမူ-မန္တလေး ကားလမ်းဘေးရှိ မြင်းမူ မြို့မဈေးတောင်ပေါက်ရှေ့ ရေမြောင်းအတွင်း၌ အမှိုက်များပိတ်ဆို့၍ ခြင်များပေါက်ပွားကာ သွေးလွန်တုပ်ကွေးအန္တရာယ် စိုးရိမ်နေကြရကြောင်း သိရသည်။

ထိုရေမြောင်းအတွင်း ရောင်း၍ မကုန်သောသီးနှံများ အမှည့်လွန်၊ ပုပ်သိုးသွားသည့် အသီးများ စွန့်ပစ်ခြင်း၊ အမှိုက်များချခြင်း၊ မြေပို့ခြင်းတို့ကြောင့် နှစ်စဉ် မိုးတွင်းတစ်လျှောက် ရေလျှံခြင်း၊ လမ်းဘေးဝဲယာ လူနေတိုက်တာ ဆိုင်များရှေ့ ရေဝပ်ခြင်း၊ ကားများ ရေထဲဖြတ်မောင်းနှင်သည့်အခါ လမ်းသွားလမ်းလာများ၊ စက်ဘီး၊ ဆိုင်ကယ်စီးသွားသူများကို ရေဝင်ခြင်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကြရကြောင်း အနီးရှိနေထိုင်သူများက ပြောသည်။

ယင်းရေမြောင်းဘေးရှိ ဆိုင်များ နေ့စဉ် မကောင်းသောအနံ့သက်များကို ရှူရှိုက်နေရခြင်း၊ ခြင်ပေါများခြင်းကြောင့် မိုးတွင်းကာလရောက်လျှင် သွေးလွန်တုပ်ကွေးရောဂါဖြစ်မည်ကို စိုးရိမ်ရခြင်းတို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ရေမြောင်းအတွင်း စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များပြည့်နှက်နေမှု၊ မြေပို့နေမှုကို အမြန်ဆုံးရှင်းလင်းပေးပါရန် မြောင်းဘေးရှိ ဈေးဆိုင်များက မျှော်လင့်လျက်ရှိကြောင်း သိရသည်။ (၀၇၇)

# နမ့်ဆန်၌ မီးဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေး ရန်ပုံငွေခွဲဝေပေးအပ်

**ကျောက်မဲ ဧပြီ ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့တွင် မီးဘေးသင့်ပြည်သူများအား မတ် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရန်ပုံငွေခွဲဝေပေးအပ်သည်။

မီးဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၂၀၉ စုအတွက် တစ်အိမ်ထောင်လျှင် ၄၆၆၇၁၂ ကျပ်နှုန်းနှင့် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းသည့် ရန်ပုံငွေများမှ အိမ်ခန်းတစ်ခန်းလျှင် ငွေကျပ် ၅၈၀၀၀ နှုန်းဖြင့် အိမ်ခန်း ၁၂၁၂ ခန်းအတွက် ငွေကျပ် ၇၀၂၉၆၀၀၀ ကို ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# သင်္ကြန်အကြို မှုခင်းကျဆင်းရေး အသိပညာပေး

**မန္တလေး ဧပြီ ၁**

၂၀၁၆ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် အကြိုကာလမှုခင်းကျဆင်းရေးအတွက် မန္တလေး အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး၏ အစီအမံဖြင့် စခန်းပိုင်အလိုက်၊ အသိပညာပေးဟောပြောခြင်း၊ မှုခင်းကျဆင်းရေးလုပ်ငန်းကာကွယ်ရေးအတွက် စိတ်ကြွဆေးပြားများရောင်းချမှု ရှိ မရှိ စစ်ဆေးခြင်း၊ လမ်းပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် ည ၈ နာရီက မြို့မရဲစခန်းပိုင်အတွင်း ရှာဖွေစစ်ဆေးကြသည်။

အဆိုပါရှာဖွေစစ်ဆေးရာ မြို့မရဲစခန်းမှူး အောင်မြင့်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအတွင်း တုတ်ဓား၊ လက်နက်များရှာဖွေ စစ်ဆေးခဲ့ကြောင်း သိရသည်။

(၀၃၈)

# ဝမ်းတွင်းမြို့နယ်တွင် ကျေးလက်ပြည်သူများအား ထင်းအခမဲ့ဖြန့်ဝေ

**ဝမ်းတွင်း ဧပြီ ၁**

မယ်ညိုတောင်ကြိုးဝိုင်းအတွင်းရှိ သဘာဝတောထိန်းကာကွယ်ခြင်း ဧက ၁၀၀၀ မှ ဓမ္မတာမျိုးစပ်ခြင်း၊ ဧက ၁၀၀ ၏ ပင်ပူးခွာခြင်း၊ ပင်စည်မှ အကိုင်းအလက်များရှင်းလင်းခြင်း ထွက်ရှိသည့် ထင်း ၁၁ ဒသမ ၄ ကုဗတန်ကို တောင်ဆည်ကျေးရွာအုပ်စု တောင်ညိုကျေးရွာမှ အိမ်ထောင်စု ၉၅ စုတို့အား မတ် ၂၉ ရက်က မယ်ညိုတောင်သဘာဝထိန်းသိမ်းရေးစခန်း၌ ထင်းများဖြန့်ဝေပေးခဲ့သည်။

လျှပ်စစ်မီးမရရှိသေးသည့်အတွက် ချက်ပြုတ်စားသောက်ရေးတွင် ထင်းကိုအသုံးပြုနေရကြောင်း၊ ထင်းကိုလောင်စာအဖြစ် အသုံးပြုရာတွင် စနစ်တကျမရှိခြင်းကြောင့် သစ်ပင်၊ သစ်တောများပြုန်းတီးနေရကြောင်း၊ သစ်ပင်များ ပြုန်းတီးသွားတာနှင့်အညီ ရာသီဥတုဖောက်ပြန်ခြင်းများ ဖြစ်ပေါ်လာရကြောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် လစဉ်ကျေးရွာများအရောက် ကွင်းဆင်း၍ သစ်ပင်စိုက်ပျိုးရေး၊ ထင်းအစား အခြားလောင်စာများ အသုံးပြုရေး၊ မီးဖိုများကို အခမဲ့ဖြန့်ဝေပေးနေသည့်အပြင် ယခုလို ထင်းအခမဲ့ဖြန့်ဝေပေးသည့်အတွက် ကျေးရွာလူထုကိုယ်စား ကျေးဇူးတင်ကြောင်း ကျေးရွာနေသူတစ်ဦးက ပြောကြားသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝန်ထမ်းများက သစ်ပင်၊ သစ်တောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ စည်းကမ်းမဲ့ခုတ်ယူခြင်းမှ ရှောင်ကြဉ်ရေး၊ ထင်းကို စနစ်တကျသုံးစွဲရေးတို့ကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အိမ်ထောင်စု ၉၅ စုတို့ အား ထင်းများအခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

# ရောဝတီမြစ်ရေ ရုတ်တရက်တိုးနိုင်

**နေပြည်တော် ဧပြီ ၁**

ဧရာဝတီမြစ်ရေသည် မတ် ၃၀ ရက်တွင် မြစ်ကြီးနားမြို့၌ ၁၈ နာရီအတွင်း ခြောက်ပေခွဲခန့်မြင့်တက်ခဲ့ပြီး ဧပြီ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ လေးပေခွဲခန့် ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့တွင် နှစ်ရက်အတွင်း လေးပေခွဲခန့်နှင့် ကသာမြို့တွင် တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ကသာမြို့တွင် သုံးပေခွဲခန့်၊ နောက်နှစ်ရက်မှ ငါးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်းသွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# အလုပ်ရှင်နှင့် အလုပ်သမားများအကြား အငြင်းပွားမှုများအား ဖြေရှင်းပေး

**တာချီလိတ် ဧပြီ ၁**

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC) လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၃၁ ရက်က တာချီလိတ်မြို့ တာလေ့ရပ်၌ ကျင်းပသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးစည်သူမောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး ဆုံးဖြတ်ချက် ရှစ်ရပ်အား ချမှတ်ကာ အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် လုပ်ငန်းကော်မတီကို တိုးချဲ့ဖွဲ့စည်းကြသည်။

အဆိုပါ ကော်မတီကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် စတင်ဖွဲ့စည်းကာ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ၏ ဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေးများကိုရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း၊ ထိုင်းနိုင်ငံတာဝန်ရှိသူများ၏ တရားမဲ့ပြုကျင့်ခံရမှုများအပေါ် ဥပဒေဘောင်အတွင်းမှ ကာကွယ်ပေးခြင်း စသည့်လုပ်ငန်းရပ်များကို စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# လိုင်စင်မဲ့ယာဉ်များကြောင့် ယာဉ်တိုက်မှုမကြာခဏဖြစ် ထိရောက်စွာအရေးယူပေးနိုင်ရန် ဒေသခံများလိုလား

**တာချီလိတ် ဧပြီ ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများ၌ လိုင်စင်မဲ့မော်တော်ယာဉ်များ သုံးစွဲမှု မြင့်တက်လျက်ရှိရာ ယာဉ်တိုက်မှုများအပါအဝင် တရားဥပဒေစိုးမိုးရေးအတွက် အဟန့်အတားတစ်ခု ဖြစ်လျက်ရှိသည်ကို တွေ့ရှိနေရသည်။

မတ် ၃၁ ရက် ညနေ ၅ နာရီခန့်က တာချီလိတ်မြို့နှင့် လေးမိုင်ခန့်အကွာ ဖန်မင်ကျေးရွာအုပ်စု ဝမ်ကောင်းမွန်းကျေးရွာ တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်၌ ကျော်ဝင်း မောင်းနှင်လာသည့် ဗီဂိုအမျိုးအစား လိုင်စင်မဲ့ယာဉ်သည် ရှေ့မှမောင်းနှင်သောယာဉ်ကို ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ မောင်းနှင်လာသည့် အိုက်ဆိုက်၏ Wave အမျိုးအစား မော်တော်ဆိုင်ကယ်ကို မျက်နှာချင်းဆိုင်တိုက်မိသည့်အပြင် အရှိန်လွန်ပြီး လမ်းဘေးတွင် ဆော့ကစားနေသော မနန်းဖိုက်နှင့် မနန်းဝမ်တို့အား တိုက်မိကာ နေအိမ်ရှေ့ တံခါးမကြီးကိုပါ ဆက်လက် တိုက်မိခဲ့သည့်အတွက် တာချီလိတ်မြို့ ဝမ်မိုင်ရပ်ကွက်နေ အိုက်ဆိုက်(၂၈ နှစ်)မှာ နေရာတွင်ပင် သေဆုံးသွားခဲ့ပြီး ဝမ်ကောင်းမွန်းကျေးရွာနေ မနန်းဖိုက် (၁၃နှစ်)မှာ ဆေးရုံ၌ သေဆုံးခဲ့သည်။ မနန်းဝမ်(၁၀နှစ်)အား ဆေးကုသမှုခံယူရန်အတွက် ထိုင်းနိုင်ငံ ချင်းရိုင်မြို့ရှိဆေးရုံသို့ ဆက်လက်ပို့ဆောင်ထားကြောင်းနှင့် ယာဉ်ကို မဆင်မခြင် မောင်းနှင်သည့်အပြင် လိုင်စင်မဲ့မော်တော်ယာဉ်အား အသုံးပြုသူ ကျော်ဝင်း (၄၂ နှစ်)အား သက်ဆိုင်ရာက အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

"လိုင်စင်မဲ့ယာဉ်တွေက တစ်စီးလျှင် ဘတ်ခြောက်သောင်း(ကျပ်သိန်းနှစ်ဆယ်)လောက် ရှိတာဆိုတော့ လူတိုင်းနီးပါး ဝယ်နိုင်ကြတယ်လေ၊ ဒီတော့ ယာဉ်မောင်းလိုင်စင်တွေ၊ ယာဉ်စည်းကမ်းတွေ ခေါင်းထဲ မထည့်တော့ဘူး၊ စက်နှိုးတတ်၊ ဂီယာအသုံးပြုတတ်ရင်ပဲ ကားမောင်းတတ်ပြီဆိုတဲ့ သဘောထားတွေနဲ့ တက်မောင်းကြတော့ ဖြစ်လိုက်ပြီဆို မကြားဝံ့ မနာသာတွေပါပဲ"ဟု မယ်ခေါင်ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။



အလားတူ မတ် ၂၅ ရက်ည ၇ နာရီခွဲခန့်ကလည်းမိုင်းဖြတ်မြို့နယ် ပါဆန်း ကျေးရွာအနီးမိုင်းဖြတ်-မိုင်းယောင်းလမ်းမကြီးပေါ်၌ ဗီဂိုအမျိုးအစား လိုင်စင်မဲ့ယာဉ်တစ်စီးက မော်တော်ဆိုင်ကယ်ကို မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းသူ တောညကျေးရွာနေ လီရှီး (၃၀ နှစ်)သည် ဒဏ်ရာများရရှိကာ ဆိုင်ကယ်၏ နောက်တွင် လိုက်ပါစီးနင်းသူ ဦးခေါင်ဟိုမှာဒဏ်ရာများ ရရှိခဲ့သည်။ ဝင်တိုက်ခဲ့သည့်လိုင်စင်မဲ့ကားမှာ မောင်းပြေးသွားသည့်အတွက် မိုင်းဖြတ်ရဲစခန်းက အမှုဖွင့်စုံစမ်း လျက်ရှိသည်။

လိုင်စင်မဲ့ယာဉ်များ အသုံးပြုပြီး ယာဉ်မဆင်မခြင် မောင်းနှင်ခြင်း၊ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်း သယ်ဆောင်ခြင်း၊ သစ်မှောင်ခိုသယ်ပို့ခြင်းစသည့်တို့ကို မကြာခဏ ကြုံတွေ့ရလျက်ရှိရာ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့်အပြင် တရားဥပဒေစိုးမိုးမှုကိုလည်း ယုတ်လျော့စေနိုင်သည့်အတွက် တရားမဝင် လိုင်စင်မဲ့ယာဉ်များကို ထိရောက်စွာ ဟန့်တားအရေးယူပေးရန် တင်ပြလိုက်ရပါသည်။ **မောင်ယဉ်ကျေး**

# ကားပေါ်ပါပစ္စည်းများအား ခိုးယူမောင်းနှင်ထွက်ပြေးသူကို ရဲတပ်ဖွဲ့၏ ကြိုးပမ်းမှုဖြင့် ၂၄ နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၉)ရပ်ကွက်နေ ဦးဖြိုးဟိန်းကျော်သည် မတ်၂၉ ရက် မွန်းလွဲ ၁ နာရီခန့်က ယခင်ကခင်မင်ရင်းနှီးသူ ဟိန်းဇော်၏ ဟွန်ဒါဖစ်အဖြူရောင် အငှားယာဉ်ဖြင့် အလုံမြို့နယ်တွင် ကုန်ဖိုးငွေရယူရန် သစ်တောရပ်ကွက်အလုံတာဝါရှိ ရွှေတောင်ကုမ္ပဏီသို့ ဝင်ရောက်ပြီး အဆိုပါကားနှင့်ပင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စက်မှုဇုန် (၃)သို့ ပြန်လာစဉ် အလုံမြို့နယ် အလုံလမ်းရှိ အေးချမ်းစေ စတိုးဆိုင်တွင် ကားကိုခေတ္တရပ်ပြီး အအေးဝယ်စဉ် ကားပေါ်တွင် ကျန်ရှိခဲ့သော ငွေကျပ် ၇၆ သိန်းနှင့်အတူ ကျောပိုးအိတ်ဟောင်းတစ်လုံး၊ KBZ ဘဏ်စာအုပ်နှစ်အုပ်၊ YOMA ဘဏ်စာအုပ်နှစ်အုပ်၊ ဧရာဝတီဘဏ်စာအုပ်တစ်အုပ်၊ CB ဘဏ်စာအုပ်တစ်အုပ်၊ ဧရာဝတီဘဏ် ATM




ကတ်တစ် ကတ်၊ KBZ ဘဏ် ATM ကတ်တစ်ကတ်၊ မှတ်ပုံတင်တစ်ခု၊ ယာဉ်မောင်းလိုင်စင် တစ်ခုနှင့် ကျောပိုးအိတ်နှင့်အတူ ခိုးယူမောင်းနှင် ထွက်ပြေးသွားသဖြင့် အလုံမြို့မရဲစခန်းသို့ မတ် ၂၉ ရက်ည ၁၀ နာရီ ၁၀ မိနစ်က လာရောက် တိုင်တန်းသည်။

အမှုအား အလုံမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူး တင်လှက စစ်ဆေးပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်စဉ် တာဝန်သိပြည်သူ၏သတင်းပေးချက်အရ သာကေတမြို့နယ် အမှတ်(၈) ရပ်ကွက်၌ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် သာကေတမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဖမ်းဆီးရမိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ကရသူရိမြို့၌ ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကရသူရိ ဧပြီ ၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်း-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး ကရသူရိမြို့အနီးတွင် မတ် ၃၁ ရက်နှင့် ညနေပိုင်းက ကော့သောင်းမှ မြိတ်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီး တိမ်းမောက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမှ မြိတ်မြို့သွားရောက်မည့် ယာဉ်မောင်း ဦးအောင်ဝင်းဆိုသူ မောင်းနှင်လာသည့် ကောင်းသစ်စံ ခရီးသည် ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းမှ ယာဉ်အမှတ် 4B/----သည် ပြည်ထောင်စုလမ်းမကြီး လမ်းပိုင်းမိုင်တိုင်အမှတ် ၁၈၄ အနီး ကုန်းအဆင်းတစ်ခုအရောက် တစ်ဖက်မှ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးကိုရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဖြစ်ကာ လမ်းယာဘက်ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် ၄၇ ဦးဒဏ်ရာရရှိခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ကော့သောင်းနာရေးကူညီမှုအသင်းမှ လူနာတင်ယာဉ်နှင့် အခြားယာဉ်နှစ်စီးဖြင့် သွားရောက်ကာ ဒဏ်ရာရရှိသည့် ခရီးသည်များအား အနီးရှိ တပ်မတော် (ရေ )တပ်ရင်း ဆေးခန်းနှင့် စိုးရိမ်ရသူများအား ကရသူရိပြည်သူ့ဆေးရုံနှင့် ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံများသို့ ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြပြီး ယာဉ်တိမ်းမှောက်မှုကြောင့်သေဆုံးသူမရှိကြောင်း ယာဉ်မောင်းနှင်သူ ဦးအောင်ဝင်းအား ယာဉ်မဆင်မခြင်မောင်းနှင်မှုဖြင့် သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**




## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှဆောင်ရွက်မည့် ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေး၊ ချင်းတွင်း၀-မုံရွာရေလမ်းကောင်းမွန်ရေး၊ မုံရွာရေကာဟောင်းအမှတ်(၁)အား စွမ်းအားမြှင့်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၁။ ဝါးထရံ
၂။ ကျောက်ကြီး
၃။ နိုင်လွန်ပိုက်

**တင်ဒါပုံစံရယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
**တင်ဒါပုံစံရယူရမည့်ရက်** - ၁-၄-၂၀၁၆ ရက်မှ ၇-၄-၂၀၁၆ရက်အထိ(ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၇-၄-၂၀၁၆ ရက် (ကြာသပတေးနေ့)
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၈-၄-၂၀၁၆ ရက် (သောကြာနေ့)
**တင်ဒါဖွင့်လှစ်မည့်နေရာ** - သစ်တောလမ်း၊ ဒေသ(၆)၊ တိုင်းဒေသကြီး ရေမြစ်ဖြိုးဦးစီးဌာနရုံး

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး ဖုန်း ၀၇၁-၂၁၁၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**Oke Soe Han @ Steven**
Diploma in TESOL (Landon Teacher Training College, UK)
Diploma in English ( YUFL )
B.Sc (Honors), MSc (Thesis) Zoology , YU
Email : okesoehan.steven 1970@gmail.com
+95-9-254386387 , +95-9-799840300

**အမည်ပြောင်း**
ဟသ်ာတမြို့၊အမက(၁၁)မှလွှန်၊ ပထမတန်း(B)မှ ဦးတက်နေလင်း၏သမီး မခွန်ဖူးမြတ်ကို မထက်အိမြွေလင်းဟု ပြောင်းလဲခေါ်ပါရန်။ မထက်အိမြွေလင်း

**အမည်ဖြည့်စွက်ခြင်း**
ဦးသန်းဟန်၏သမီး မော်လမြိုင်မြို့၊ မြိုင်သာယာရပ်နေ ဒေါ်ယဉ်ယဉ်ထွေး ၁၀/မလမ(နိုင်)၀၃၆၂၉၅အား ဒေါ်ယဉ်ယဉ်ထွေး(ခ)ဒေါ်ရင်ရင်ထွေးဟု အမည်ဖြည့်စွက်ခေါ်ပါရန်။
ဒေါ်ယဉ်ယဉ်ထွေး(ခ)ဒေါ်ရင်ရင်ထွေး

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း**
ကလေးမြို့နယ်၊ သာစည်ကျေးရွာအုပ်စု၊ ချင်းဆိုင်ရွာ၊ အမှတ် ၃၀နေ ကျွန်တော် ဦးနီတာ ၅/ကလထ(နိုင်)၀၇၀၄၇၆နှင့် ကျွန်မ ဒေါ်စစ်ရီ ၅/ကလထ(နိုင်)၀၇၀၁၆၉တို့၏သား မောင်မြင့်တင် ၅/ကလထ(နိုင်)၀၇၀၄၄၀သည် မိဘများ၏ ဆိုဆုံးမစကားအား လိုက်နာခြင်းမရှိသည့်အပြင် မိဘများကို ဆဲဆိုရန်ပြုမှုများ ပြုလုပ်သည့်အတွက် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းသွားမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
**ဦးနီတာ-ဒေါ်စစ်ရီ**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ထွန်းလှိုင်စိုး ၁၂/သဃက(နိုင်)၁၅၅၃၅၆၏ နိုင်ငံကူးလက်မှတ် A-247628သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၃၆၅၉၀၂

**လူပျောက်ကြော်ငြာ**

သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ ၅ လမ်းအရှေ့၊ အမှတ် ၄၂နေ ဦးသိန်းအောင်၏သား ဦးခင်အောင် (ကျန်းမာရေးမကောင်း) ၁၂/သကတ(နိုင်)၀၇၇၁၂၀သည်လွန်ခဲ့သော တစ်ပတ်ခန့်ကနေအိမ်မှထွက်ခွာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၉-၇၃၀၁၅၆၈၂

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**
ယာဉ်အမှတ် 9E/1397 LEXUS S/W (4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၁၂/ဒဂန(ဧည့်)၀၀၀၀၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)


**လူပျောက်ကြော်ငြာ**
(၄၉) ရပ်ကွက်၊ အမှတ် ၆၀၄၊ ဒူးယားလမ်းနေ ဒေါ်ခင်စောဝင်း အသက်(၇၆)နှစ် (ကျန်းမာရေးမကောင်း) ဖော်ပြပါ ဓာတ်ပုံရှင်သည် ၂၆-၃-၂၀၁၆ ရက် နံနက်ပိုင်းတွင် နေအိမ်မှထွက်ခွာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
(ကျေးဇူးဆပ်ပါမည်။)
ဖုန်း-၀၉-၇၃၀၃၃၉၈၄၊ ၀၉-၇၃၀၆၆၅၀၂

# ကျွန်တော်အားလုံးအတွက် ရင်ခုန်နေပါတယ်
ဒါရိုက်တာ အကယ်ဒမီဝိုင်း

# ရုပ်ရှင်အနုပညာရှင်တိုင်း လိုချင်တဲ့ဆုပါ
အကယ်ဒမီ ဖွေးဖွေး


ဒါရိုက်တာ အကယ်ဒမီဝိုင်း


အကယ်ဒမီနေတိုး


အကယ်ဒမီဝတ်မှုန်ရွှေရည်


အကယ်ဒမီဖွေးဖွေး

**ရန်ကုန် မေ ၁**

မြန်မာ့ရုပ်ရှင် အကယ်ဒမီချီးမြှင့်မှုက နှစ် ၆၀ ကျော်တိုင်ခဲ့ပြီ။ ၁၉၅၂ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆုများကို ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် စတင်ချီးမြှင့်ခဲ့သည်။ ယခု မေ ၃ ရက်တွင်ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲက ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့အတွက် နှစ်နှစ်စာ ပေါင်းပြီး အကယ်ဒမီဆုများ ချီးမြှင့်မည်ဖြစ်သည့်အတွက် ထူးခြားသည်။ ဒီမိုကရေစီအစိုးရတာဝန်ယူပြီး ပထမဆုံး အကယ်ဒမီချီးမြှင့်ပွဲလည်းဖြစ်သည်။

ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ မြန်မာအီးဗင်းပတ်ခ်၌ ကျင်းပမည့် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် အကယ်ဒမီရရှိမည်ဟု သတင်းပြေးနေသော ရုပ်ရှင်သရုပ်ဆောင်မင်းသား၊ မင်းသမီးများ၏ အမည်များလည်း ထွက်ပေါ်လျက်ရှိနေသည်။ ရုပ်ရှင်သရုပ်ဆောင်မင်းသား၊ မင်းသမီးများကိုယ်တိုင် အကယ်ဒမီရင်ခုန်သံမြန်နေသလို ပရိသတ်များကလည်း မိမိတို့ချစ်ခင်အားပေးနေသော ရုပ်ရှင်အနုပညာရှင်များကို အကယ်ဒမီ ရွှေစင်ရုပ်တုများ ကိုင်မြှောက်ပိုင်ဆိုင်စေလိုလျက်ရှိနေကြသည်။

"၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တွေမှာ ကျွန်တော်ရိုက်ကူးခဲ့တဲ့ **ကျွန်မက နှင်းဆီပါမောင်**နဲ့ **ကျူးပစ်ရဲ့ ကျေးကျွန်များ** ရုပ်ရှင်ဇာတ်ကားတွေရှိတယ်။ ဒီဇာတ်ကားတွေအတွက်ရော အားလုံးအတွက်ပါ ကျွန်တော်ရင်ခုန်နေပါတယ်" ဟု ဒါရိုက်တာဝိုင်းက ပြောသည်။ နာမည်ကြီးနေသော **နှလုံးသားဖြင့်ပြုလုပ်သည်** ရုပ်ရှင်ဇာတ်ကားသည်လည်း ဒါရိုက်တာဝိုင်း ရိုက်ကူးခဲ့သော ဇာတ်ကားဖြစ်သည်။

အမျိုးသား သရုပ်ဆောင်များတွင် အကယ်ဒမီဆုရရှိနိုင်သည်ဟု ရေပန်းစားနေသော ရုပ်ရှင်သရုပ်ဆောင် နေတိုးကလည်း "ကျွန်တော့်ကို အားပေးတဲ့ ချစ်ခင်တဲ့ ပရိသတ်တွေဆီက အကယ်ဒမီရစေချင်တဲ့ စိတ်အားထက်သန်မှုတွေ ကြားရတာ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဇာတ်ကားတိုင်းကို အားထည့်ပြီး ဇာတ်ဝင်ခန်းတွေနဲ့ သရုပ်ဆောင်မှုတစ်ထပ်တည်းကျအောင် ကြိုးစားနေဆဲပါ။ **နက္ခတ်တာရာတိုက်ပွဲ** ဇာတ်ကားနဲ့ **ကျွန်မကနှင်းဆီပါမောင်** ဇာတ်ကားတွေမှာ သရုပ်ဆောင်ခဲ့တာ အားရပါတယ်။ အကယ်ဒမီဆုက ကုသိုလ်ကံလည်းပါမှရတာပါ။ မျှော်လင့်မထားပါဘူး" ဟု ပြောကြားသည်။

ထို့အတူ အကယ်ဒမီဆုရရှိမည်ဟု ထင်ကြေးပေးခံထားရသည့် အမျိုးသမီးသရုပ်ဆောင် ဝတ်မှုန်ရွှေရည်ကလည်း "အကယ်ဒမီပွဲနီးလာလေ ရင်ခုန်စရာကောင်းလေပါပဲ။ ဇာတ်ကားတိုင်းတော့ ကြိုးစားပြီး သရုပ်ဆောင်ခဲ့တာမို့ ဘယ်သူအကယ်ဒမီရရ ဝမ်းသာနေမှာပါ။ ရုပ်ရှင် အနုပညာရှင်တွေအတွက် အကယ်ဒမီဆိုတာ တန်ဖိုးအထားရဆုံးဆုပါပဲ"ဟု ပြောကြားသည်။

တစ်ဖန် အမျိုးသမီးသရုပ်ဆောင်များတွင် အကယ်ဒမီဆုရရှိမည်ဟု သတင်းထွက်နေသော ရုပ်ရှင်သရုပ်ဆောင် ဖွေးဖွေးကလည်း "အကယ်ဒမီဆုရဖို့ဆိုတာ အနုပညာရှင်တိုင်း လိုချင်ကြတဲ့အရာပါ၊ ဒါပေမယ့် မျှော်လင့်တိုင်းရရှိတဲ့ဆုမဟုတ်သလို ရုပ်ရှင်အနုပညာရှင်ညီအစ်ကို မောင်နှမတွေထဲက ဘယ်သူရရ ဝမ်းမြောက်ဝမ်းသာဖြစ်ရမှာပါ။ ပရိသတ်တွေက ဖွေးကိုရစေချင်တဲ့ ဆန္ဒတွေရှိနေတာသိရတော့ ဝမ်းသာကြည်နူးရပါတယ်" ဟု ပြောသည်။

**အမေး/အရေး-ဆောင်းဦးနှင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ကမ္ဘာ့ အော်တစ်ဇင် အထိမ်းအမှတ်နေ့
၂၀၁၆ ခုနှစ်၊ ဧပြီလ (၂) ရက်
World Autism Awareness Day
2nd April, 2016

## ကံထူးရှင်များ ထွက်ပေါ် ၁-၄-၂၀၁၆

မေ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲမှ (၃၂၇) ကြိမ် ထွက်ပေါ်လာသော ဆုမဲများမှာ အောက်ပါအတိုင်းဖြစ်သည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း ၁၅၀၀**

ပ-၇၀၁၈၉၂

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၁၀၀၀**

| | |
|---|---|
| က-၂၄၇၉၀၁ | ယ-၇၃၆၇၉၄ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၅၀၀ ဆုများ**

ကဃ-၂၂၄၀၂၈
န-၄၂၇၂၁၉
ခ-၅၈၂၉၇၀
ဇ-၆၅၈၀၉၆
ကဂ-၈၆၉၂၈၀

**ဆုကြီးတစ်ဆုချင်းကျပ်သိန်း ၃၀၀ ဆုများ**

| | |
|---|---|
| ခ-၂၆၉၁၅၈ | ဝ-၄၉၅၈၉၉ |
| ယ-၃၇၈၃၂၆ | ဗ-၆၄၆၈၇၃ |
| ကဂ-၄၅၉၅၁၈ | ကဃ-၈၀၄၉၈၆ |

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း ၂၀၀ ဆုများ**

| | |
|---|---|
| ကဂ-၁၉၉၅၄၀ | ပ-၅၄၄၄၅၆ |
| ဠ-၃၂၅၇၀၂ | မ-၉၅၇၅၄၃ |
| ဖ-၃၈၆၂၈၂ | ထ-၉၆၂၁၂၅ |
| ကခ-၅၃၅၄၈၀ | |

**ဆုတစ်ဆုချင်း ကျပ်သိန်း ၁၀၀ ဆုမဲများ**

| | | | |
|---|---|---|---|
| ဝ-၁၀၆၇၂၄ | ကစ-၃၆၉၅၉၈ | အ-၆၀၀၅၉၅ | အ-၈၀၆၈၉၀ |
| ဆ-၂၀၂၄၀၃ | ဌ-၃၈၀၅၂၁ | ဍ-၆၂၂၁၂၅ | ဖ-၈၃၀၂၅၁ |
| ဍ-၂၂၃၀၁၉ | ည-၄၃၃၉၈၂ | ဍ-၆၆၇၉၃၄ | ည-၈၉၀၆၈၂ |
| ဘ-၂၃၄၃၇၂ | လ-၅၄၆၉၁၈ | ကဃ-၇၃၆၁၁၀ | |
| မ-၃၄၀၅၀၇ | က-၅၅၃၅၁၀ | ဝ-၇၅၁၆၄၂ | (မြန်မာ့အလင်း) |

**7Stars** (ရာထူးဝင်သင်တန်းကြီး)
☆ နေ့စားလစေး ဆရာ/ဆရာမဝင်ခွင့်
( ပုံမှန်တန်းခွဲများ / အနီးကပ်တန်းခွဲများ )
အပြည့်စုံဆုံးမှတ်စုများကို ရောင်းချပေးနေပါပြီ။ နယ်သို့ပို့ပေးသည် ။
အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ ။
နယ်မြို့များမှ ကိုယ်စားလှယ်ယူ၍ရောင်းချလိုသူများ ဆက်သွယ်နိုင်ပါသည်။
တိုက်(18 / 3B)၊ သပြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09.789107733, 09.799860155, 09421052736, 09.780080052

ဆရာမွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ)
အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ၊ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်၊
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
မေ (၂/၇)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၆၃၃၁၆ Nambo-110 MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ထွေး ၉/မထလ(နိုင်)၀၇၂၀၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3372 Toyota Ipsum ACM 21 S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျိုးကုတ်စိန် TMN-008805 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မူဆယ်)၊ မူဆယ်မြို့**

နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်နှင့်ဇနီးဒေါ်စုစုလွင်အား
လှိုက်လှဲစွာကြိုဆိုပါသည်။
အဘမင်းသဝဏ်နှင့်
သူ၏ဆရာများ ဒလဘန်း
မေ (၄) ရက်နေ့ပြန်ချိပါမည်။ - နဝင်းတင

### ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ၊ ၂၀၁၆ခုနှစ်၊ မတ်လ(၁၈)ရက်နေ့ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၄-၂၀၁၅ အခွန်စည်းကြပ်နှစ်အတွက်၊ တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူ လုပ်ငန်းရှင် (၁၀၀၀)ဦးအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် ဝင်ငွေခွန် ၂၂ ဘီလီယံကျော်ပေးသွင်းပြီး **"ပထမနေရာ"** မှ ဝင်ငွေခွန်အများဆုံး (၄)နှစ် ဆက် ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ** အသင်းချုပ် (UMFCCI)၏ နာယက၊ **ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း** အား အထူးပင်လေးစားလျက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင် လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍ အသီးသီး၌ ဆတက်ထမ်းပိုးတို့၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

CEO & MD
SUPER ONE CO., LTD.
Super One Dragon Co., Ltd.

# သင်္ကြန်ကာလရေကြောင်းခရီးစဉ်အချို့ ခေါက်ရေလျှော့ချပြေးဆွဲမည်


ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ယူပြေးဆွဲပေးနေသော ရေယာဉ်အချို့။

**ရန်ကုန် ဧပြီ ၁**

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ သင်္ကြန်ကာလတွင်ရေကြောင်း ခရီးစဉ်များ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ကာလတွင် ဧပြီ ၁၂ ရက်မှ ၁၇ ရက်အတွင်း ဌာနခရီးစဉ်ပြေးဆွဲမှုအနေဖြင့် ရန်ကုန်-ကျုံမငေး၊ ရန်ကုန်-လပွတ္တာ (အပြင်/ငှား)၊ ရန်ကုန်-မော်ကျွန်း(ငှား)နှင့် ရန်ကုန်-လပွတ္တာ(အတွင်း/ငှား)တို့ဖြစ်သည်။ ရန်ကုန်-ကျုံမငေးခရီးစဉ်ကို ဧပြီ ၉ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာပြီး ရေယာဉ်ခရီးဆုံးတွင် ညအိပ်ရပ်နားပြီး ဧပြီ ၁၈ ရက်တွင် ကျုံမငေးမှ ပြန်လည်ထွက်ခွာမည် ဖြစ်သည်။ ရန်ကုန်-လပွတ္တာ(အပြင်/ငှား) ခရီးစဉ်ကို ဧပြီ ၈ ရက် ရန်ကုန်မှ စတင်ထွက်ခွာမည်ဖြစ်ပြီးရေယာဉ် ခရီးဆုံးတွင် ညအိပ်ရပ်နားကာ ဧပြီ ၁၈ ရက်တွင် လပွတ္တာမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ယင်းအပြင် ရန်ကုန်-လပွတ္တာခရီးစဉ်ကို ဧပြီ ၁၁ ရက်တွင် ရန်ကုန်မှစတင်ထွက်ခွာပြီး ဧပြီ ၁၉ ရက်တွင် လပွတ္တာမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ရန်ကုန်-မော်ကျွန်း (ငှား)ခရီးစဉ်ကို ဧပြီ ၁၂ ရက်တွင် ရန်ကုန်မှထွက်ခွာပြီး ဧပြီ ၁၇ ရက်တွင် မော်ကျွန်းမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ရန်ကုန်-လပွတ္တာ (အတွင်း/ ငှား) ခရီးစဉ်ကို ဧပြီ ၉ ရက်တွင် ရန်ကုန်တွင်ထွက်ခွာပြီး ဧပြီ ၁၈ ရက်တွင် ကြာကန်မှပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ခေါက်တိုပြေးဆွဲမှုအနေဖြင့် ဧပြီ ၁၂ရက်မှ ၁၇ ရက်အထိ ရန်ကုန်-ပန်းဆိုးတန်းဒလခရီးစဉ်တွင် မူလ တစ်ရက်လျှင် ၄၆ ခေါက်ပြေးဆွဲရာမှ ယခု ၂၆ ခေါက်လျှော့ချပြေးဆွဲမည်ဖြစ်ပြီး၊ ရန်ကုန်-ခနောင်တို ခရီးစဉ်တွင် ဗလအမျိုးအစားရေယာဉ်ကို ရပ်နား၍ တီ/အက်စ်အမျိုးအစား ရေယာဉ်များဖြင့် မူလတစ်ရက်ရှစ်ခေါက်မှ ယခု လေးခေါက်လျှော့ချပြေးဆွဲမည် ဖြစ်ကာ (ရန်ကုန်) ဝါးတန်း-ဒလ ခရီးစဉ်တွင်ရိုးရိုး ၂-၃-၄ ရေယာဉ်အမျိုးအစားဖြင့် သင်္ကြန်အကြိုနေ့နှင့် နှစ်ဆန်း တစ်ရက်နေ့များတွင်သာ ပြေးဆွဲမည်ဖြစ်ပြီး မူလကိုးခေါက်မှ လေးခေါက်လျှော့ချပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

# တိုက်ပွဲရှောင်ပြည်သူများအား နေရပ်သို့ ပြန်လည်ပို့ဆောင်

**ဘားအံ ဧပြီ ၁**

မြန်မာ-ထိုင်းနယ်စပ် မယ်ဒါမိုဒေသမှ တိုက်ပွဲရှောင်ရောက်ရှိလာပြီး ကရင်ပြည်နယ် ဘားအံမြို့ ရဲသာကျေးရွာ ခေတ္တနေထိုင်လျက်ရှိသော ပြည်သူ



များအား မတ် ၃၀ ရက်က နေရပ်ဌာနေသို့ ပြန်လည်ပို့ဆောင်ပေးကြကြောင်း သိရသည်။

အဆိုပါနေရပ်ဌာနေသို့ ပို့ဆောင်ရန်အတွက် သံတောင်ကြီးမြို့နယ်အတွင်းမှ ၄၄ ဦး၊ ဘောဂလိမြို့အတွင်းမှ ၁၁ ဦးတို့အား ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ ပြည်နယ်လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူများသည် ၎င်းတို့၏နေရပ်ဆွေမျိုးများရှိသော သံတောင်ကြီးမြို့နှင့် ဘောဂလိမြို့ဒေသများသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တိုက်ပွဲရှောင်ပြည်သူများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လာရောက်ကြည့်ရှုအားပေးကာ ဆန် ၁၀ အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ပိဿာ ၂၀၊ ကြက်ဥနှင့်ခေါက်ဆွဲခြောက်များ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# သုံးခွမြို့သို့ ရေသယ်ယာဉ်ငါးစီးရောက်ရှိ

**သုံးခွ ဧပြီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေရှားပါးပြတ်လတ်မှု မရှိစေရေးအတွက် သောက်သုံးရေအခက်အခဲရှိသော ရပ်ကွက်၊ ကျေးရွာများသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်လှူဒါန်းနိုင်ရန် စေတနာရှင်၊ အလှူရှင်ပြည်သူများက လှူဒါန်းသော ဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ်ငါးစီးကို သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့ မတ်လနောက်ဆုံးပတ်က ရောက်ရှိလာကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# ဗုဒ္ဓဘာသာနီးနော့ဖလှယ်ပွဲသင်တန်းဆင်း

**ဖယ်ခုံ ဧပြီ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဗုဒ္ဓဝေယျာဝစ္စအသင်းက ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် ဗုဒ္ဓဘာသာနီးနော့ဖလှယ်ပွဲသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၀ ရက်က သဒ္ဓမ္မသိဒ္ဓိစာသင်တိုက်၌ ကျင်းပသည်။ ဗုဒ္ဓဘာသာနီးနော့ဖလှယ်ပွဲသင်တန်းဆင်းပွဲတွင် ဗုဒ္ဓဝေယျာဝစ္စအသင်း ဥက္ကဋ္ဌ ဦးထွန်းခင်နှင့် အတွင်းရေးမှူး ဒေါ်အေးချိုစိန်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဆရာမများအား ဂါဝရပြုပစ္စည်းလက်ဆောင်များပေးအပ်ကြရာ သင်တန်းနည်းပြဆရာများကိုယ်စား ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က မုဒိတာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ဖယ်ခုံမြို့နယ် ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကယန်းလူငယ် ၇၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မတ် ၂၆ ရက်မှ ၃၀ ရက်ထိ ၅ ရက်ကြာခဲ့ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# မြို့နယ်ပညာရေးဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်

**မံစီ ဧပြီ ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်အတွင်း ကျေးရွာ ၃၄ ရွာရှိ ပညာရေးဝန်ထမ်း ဆရာ ဆရာမများ နေထိုင်ရေးအဆင်ပြေစေရန်အတွက် တန်ဖိုးနည်းအိမ်ရာ ၆၉ လုံးကို စံလွန်ဘွမ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ထိုသို့ အဆောက်အအုံတည်ဆောက်ရာတွင် အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးနိုင်ရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က မတ်လနောက်ဆုံးပတ်က ဆောက်လုပ်ရေးတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြေယာမဲ့တောင်သူများအား ယာယီမြေပေးမိန့်များ မိုးနဲမြို့၌ပေးအပ်

**မိုးနဲ ဧပြီ ၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် မြေယာမဲ့ဖော်ထုတ်ရေးကော်မတီက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေ ကျပ်သိန်း ၆၆၀ နှင့် စိုက်ပျိုးမြေ ၄၄ ဧကဖော်ထုတ်ပေးခဲ့ပြီး မြေယာမဲ့တောင်သူများအား ယာယီမြေပေးမိန့်ထုတ်ပေးခြင်းအခမ်းအနားကို မြို့နယ်ကမ္ဘောဇခန်းမ၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်မြေယာမဲ့ဖော်ထုတ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကျော်က မြေယာများဖော်ထုတ်မှု၊ ယာယီမြေပေးမိန့်များ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး ဒေသခံမြေယာမဲ့တောင်သူများအား စိုက်ပျိုးမြေ ၄၄ ဧကအတွက် မဲနှိုက်ခွဲဝေပေးပြီး ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ပြုမိန့်များကို တောင်သူများလက်ဝယ်သို့ တာဝန်ရှိသူများကပေးအပ်ခဲ့ပြီး အဆိုပါ ယာယီစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိသော တောင်သူများအနေဖြင့် တရားဝင်စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုမိန့် ပုံစံ(၇) ရရှိရေးအတွက် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားများက (OSS)ရုံး တိုးမြှင့်ဖွင့်လှစ်ပေးရန် တောင်းဆို

**တာချီလိတ် ဧပြီ ၁**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့၌ မတ် ၃၁ ရက်က ပန်းရောင်ကတ်ကိုင်ဆောင်ထားသော မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် မြန်မာနိုင်ငံမှ ထုတ်ပေးသည့် သက်သေခံစာရွက်စာတမ်း၊ ထောက်ခံစာများ လက်ဝယ်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများက One Stop Service Centers (OSS) ဖွင့်လှစ်ရက် တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ကြသည်။

"ကျွန်တော်တို့က ချင်းရိုင်က လာပြီး နေထိုင်ခွင့်သက်တမ်းတိုးတာပါ။ မတ် ၃၁ ရက် ဒီနေ့ OSS ရုံးပိတ်မယ်ဆိုတော့ နောက်ထပ်သက်တမ်းတိုးလုပ်မယ့်သူတွေ သောင်းဂဏန်းအထိရှိပါတယ်။ ရနောင်းမှာသွားလုပ်ရင် ခရီးစရိတ်လည်းကုန်တယ်။ အချိန်လည်းပေးရတယ်။ တချို့ဆိုရင် ငါးရက်လောက်အိပ်ပြီး စောင့်ယူရတယ်။ ကျွန်တော်တို့ မသွားချင်ဘူး။ တပ်ခ်ခရိုင် မဲဆောက်မြို့နဲ့ ရနောင်းခရိုင်မှာ ဇွန် ၂၉ ရက်အထိ ဆောင်ရွက်ပေးပြီး မယ်ဆိုင်မှာ မတ် ၃၁ ရက် ပိတ်မယ်ဆိုတော့ ဒီကိုလာလုပ်တဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် နစ်နာပါတယ်။ ဒါ့ကြောင့်ထိုင်းတာဝန်ရှိသူတွေအနေနဲ့ သက်ညှာသောအားဖြင့် မယ်ဆိုင်မှာ ရုံးဖွင့်ပေးပါလို့ ကျွန်တော်တို့ စုပေါင်းပြီးတောင်းဆိုကြတာပါ"ဟု ချင်းရိုင်မှ ရွှေ့ပြောင်းအလုပ်သမားများက ပြောသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြုလုပ်သော ထိုင်းနိုင်ငံအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိကြသော မြန်မာ-လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းအလုပ်သမားများအား ဒေသအလိုက်ဖွင့်လှစ်ထားပေးမည့် One Stop Service Centers(OSS) များတွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်နေ့မှ ဇူလိုင် ၂၉ ရက်အတွင်း မြန်မာ၊ လာအိုနှင့်ကမ္ဘောဒီးယားနိုင်ငံများမှ ရွှေ့ပြောင်း အလုပ်သမားများအား ကိုယ်တိုင်လာရောက် ဆောင်ရွက်ကြရန် အကြောင်းကြားခဲ့ကြောင်း သိရသည်။

"ထိုင်းနိုင်ငံ အစိုးရအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့မှာ လာရောက်လုပ်သူနည်းလို့ မတ် ၃၁ ရက်အထိ သတ်မှတ်ပြီး တပ်ခ်ခရိုင် မဲဆောက်မြို့နဲ့ ရနောင်းခရိုင်တို့မှာ လာရောက်သက်တမ်းတိုးသူ ရွှေ့ပြောင်းအလုပ်သမားများရဲ့ လိုအပ်ချက်အရ ဇွန် ၂၉ ရက်အထိ တိုးမြှင့်ဆောင်ရွက်ပေးတာပါ။ အလုပ်သမားများ တောင်းဆိုချက်အရ (OSS) တာဝန်ရှိသူတွေနဲ့ ထိုင်း-မြန်မာ နယ်ခြားကော်မတီက တာဝန်ရှိသူတွေ၊ ဆွေးနွေးပြီး ထိုင်းနိုင်ငံအစိုးရအဖွဲ့ကို အကြောင်းကြားထားပါတယ်။ အခုလက်ရှိတော့ အခြားနေရာတွေနည်းတူ နောက်ထပ်ရက်ပေါင်း ၉၀ တိုးမြှင့်ပေးဖို့ နှုတ်မိန့်ရထားပါပြီ။ မကြာမီ သတင်းထုတ်ပြန်ပေးပါမယ်"ဟု တာဝန်ရှိသူက ပြောသည်။

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ OSS ရုံးမှ ၂၀၁၄ ခုနှစ် မတ် ၇ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ အလုပ်သမားသက်သေခံကတ်ပြား (စမတ်ကတ်) များကို ၃၉၀၆၅ ဦးအထိ ထုတ်ပေးထားကြောင်း OSSရုံး မြန်မာတာဝန်ခံထံမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေဝေဒေသ ထိန်းသိမ်းကြ

**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

ရေဝေဒေသဟုဆိုလိုက်လျှင် ပြည်သူအများစုက မိမိတို့နှင့်မသက်ဆိုင်ဘဲ အလှမ်းဝေးသောဒေသတစ်ခုအဖြစ် ထင်မြင်လေ့ရှိကြသည်။ အမှန်တကယ်အားဖြင့် ကမ္ဘာ့အရပ်ဒေသ အသီးသီးရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်များထဲသို့ စီးဝင်ရောက်ရှိလာသည့် ရေများစတင်အခြေပြုရာ နေရာမှစ၍ ဖြတ်သန်းစီးဆင်းလာရာ မြေပြင်ဒေသတစ်လျှောက်လုံးကို ရေဝေဒေသဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် သဲကန္တာရများမှလွဲ၍ ကျန်မြေပြင်ဒေသများအားလုံးသည် မိုးရွာသွန်းသည့်အခါ မိုးရေများ အနည်းနှင့်အများဆိုသလို ဖြတ်သန်းစီးဆင်းပြီး မြစ်၊ ချောင်း၊ အင်း၊ အိုင်များထဲသို့ စီးဝင်ကြရသည့် အားလျော်စွာ ကမ္ဘာ့မြေမျက်နှာပြင် အားလုံးနီးပါးသည် ရေဝေဒေသများသာလျှင် ဖြစ်ကြသည်။ သဲကန္တာရများ၌မူ မိုးရွာသွန်းမှုလုံးဝမရှိသဖြင့် အဆိုပါနေရာများသည် ရေဝေဒေသ ဖြစ်မလာနိုင်တော့ပေ။

ကမ္ဘာပေါ်တွင် ရေဝေဒေသများသည် အချင်းချင်း အပြန်အလှန်ချိတ်ဆက်ကာ ဆက်စပ်ပတ်သက်မှုရှိနေကြသည်။ လူနေရပ်ကွက်များအတွင်းရှိ မြောင်းငယ်ကလေးများအတွက် ရေများဖြတ်သန်းစီးဆင်းလာရာ လမ်းတစ်လျှောက်သည် ထိုမြောင်းငယ်၏ ရေဝေဒေသပင်ဖြစ်သည်။ ထိုမှတစ်ဆင့် မြောင်းငယ်၏ ရေဝေဒေသသည် မြောင်းကြီး၏ ရေဝေဒေသ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာရသည်။ မြောင်းကြီး၏ ရေဝေဒေသကလည်း ချောင်း၏ရေဝေဒေသအစိတ်အပိုင်းတစ်ရပ် ဖြစ်လာရပြန်သည်။

ထို့အတူ ချောင်း၏ ရေဝေဒေသသည် မြစ်ငယ်တစ်စင်း သို့မဟုတ် မြစ်လက်တက်တစ်ခု၏ ရေဝေဒေသ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာသလို . . . မြစ်ငယ်နှင့်မြစ်လက်တက်တို့၏ ရေဝေဒေသများကလည်း မြစ်ကြီး၏ ရေဝေဒေသ အစိတ်အပိုင်းတစ်ရပ် ဖြစ်လာရသည်။ ထို့ကြောင့်ပင် မြစ်ကြီးတစ်စင်း၏ ရေဝေဒေသထဲ၌ မြစ်ဖျားခံရာနေရာများအပါအဝင် မြစ်ငယ်၊ ချောင်းငယ်၊ မြောင်းကြီး၊ မြောင်းငယ်စသည်တို့၏ ရေဝေဒေသများ အားလုံးစုပေါင်းပါဝင်လျက်ရှိနေကြသည်။

ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်မှုကိုခံရသော သန့်ရှင်းသည့် ရေဝေဒေသများသည် အညစ်အကြေးကင်းစင်သော ရေများ စီးဆင်းသည့် မြစ်ချောင်းများကို ဖြစ်ပေါ်လာစေသည်။ ဂေဟစနစ် ကောင်းစွာဖြစ်ထွန်းလျက်ရှိသော သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည် တစ်နည်းအားဖြင့် ရေဝေဒေသများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်သည်။ လူတို့မှအပ ကျန်ဇီဝမျိုးစုံမျိုးကွဲများ အားလုံးတို့သည် ဂေဟစနစ်ကြီးကို ဟန်ချက်ညီစေရန် ထိန်းကျောင်းလျက်ရှိနေကြပြီး ယင်းသို့ ဂေဟစနစ်ကို ဟန်ချက်ညီအောင် ထိန်းကျောင်းနေခြင်းကြောင့်လည်း သဘာဝပတ်ဝန်းကျင်ကြီး မပျက်စီးဘဲ အဓွန့်ရှည်တည်တံ့နေခြင်းဖြစ်သည်။

အသိဉာဏ်မြင့်မားသောလူတို့သည် လွန်ခဲ့သောနှစ်ပေါင်း တစ်သောင်းခန့်က စိုက်ပျိုးရေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့ကြသည်။ တောရိုင်းမြေများကို ခုတ်ထွင်ရှင်းလင်းပြီး အလိုရှိရာအပင်များကို သီးသန့်ရွေးချယ်၍ စတင်စိုက်ပျိုးခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းခန့်မှစ၍ ဂေဟစနစ်ပျက်ယွင်းပြီး သဘာဝပတ်ဝန်းကျင်ကြီးလည်း စတင်ပျက်စီးလာခဲ့သည်။



ကမ္ဘာ့စက်မှုတော်လှန်ရေး စတင်ဖြစ်ထွန်းခဲ့သည့် အချိန်ကာလမှစ၍ လူတို့၏ အတ္တအကျိုးစီးပွားကြောင့် ဂေဟစနစ်ပျက်ယွင်းမှုများမှာ သိသာစွာ မြန်ဆန်လာပြီး၊ သဘာဝပတ်ဝန်းကျင်ကြီးကိုပါ ဆိုးဆိုးရွားရွားထိခိုက်လာစေခဲ့သည်။ လူတို့၏လျစ်လျူရှုထားခြင်းကို ခံရသော သဘာဝပတ်ဝန်းကျင်ကြီးသည် ဇီဝမျိုးစိတ်တို့၏ ရှင်သန်ပေါက်ပွားမှုကို အပြည့်အဝအထောက်



အပံ့မပြုနိုင်တော့သည့်အတွက် ဇီဝမျိုးစုံမျိုးကွဲအားလုံးတို့ကလည်း ဂေဟစနစ်ကို ဟန်ချက်ညီအောင် ထိန်းကျောင်းနိုင်ခြင်း မရှိတော့ပေ။

ဤသို့ဖြင့် လူတို့၏ပယောဂကြောင့်ဖြစ်ရသော ဂေဟစနစ်ပျက်ယွင်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု သံသရာချားရဟတ်ကြီးလည်ပတ်နေခြင်းကြောင့် ရေဝေဒေသများအပေါ်၌ပါ ကြီးမားသောသက်ရောက်မှုကြီးများကို ဖြစ်ပေါ်လာစေတော့သည်။ လူတို့ဖန်တီးသည့် ရုပ်ဝတ္ထုဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်တာများကြောင့် ကမ္ဘာ့အရပ်ဒေသအများစု၌ ရေဝေဒေသညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိနေပြီး၊ အကျိုးဆက်အဖြစ် ရေဆိုးရေညစ်များ စီးဆင်းနေသော မြစ်၊ချောင်းများကို ဖြစ်ပေါ်လာစေသည်။

ရေဝေဒေသများကို ညစ်ညမ်းမှု ဖြစ်စေသည့် အကြောင်းတရားများစွာရှိနေသည်။ လမ်းများနှင့် မြေပြင်ပေါ်သို့ရွာချသော မိုးရေများ ဖြတ်သန်းစီးဆင်းရာ လမ်းတစ်လျှောက်တွင် အညစ်အကြေးများ တင်နေခြင်း၊ ရေဆိုးများကို လမ်းပေါ်နှင့် မြောင်းများအတွင်းသို့ စွန့်ပစ်ခြင်း၊ မိလ္လာကန်များ ပေါက်နေခြင်း နှင့် ယိုယွင်း ပျက်စီးနေခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ဖြန့်ကြဲထားသော မြေပြင်ကိုဖြတ်သန်းစီးဆင်းလာခြင်းနှင့် ပါဝင်ရောနှော စီးဆင်းလာခြင်း စသည်တို့သည် ရေဝေဒေသကို ညစ်ညမ်းမှုဖြစ်စေသော အကြောင်းရင်းများပင် ဖြစ်ကြသည်။

ရေဝေဒေသများ၏ အတိုင်းအတာပမာဏကို သာမန်အားဖြင့် သတိပြုမိလေ့မရှိကြသော်လည်း၊ ရေဝေဒေသများသည် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ကြီးမားကျယ်ပြန့်လှသည်။ လူနေရပ်ကွက်အတွင်းရှိ လမ်းများနှင့် လူနေအဆောက်အအုံများ တည်ရှိရာ မြေကွက်များမှသည် နိုင်ငံတစ်ဝန်းလုံးထိတိုင် တစ်နံတစ်လျား ရှည်လျား ကျယ်ပြန့်လှသည့် ရေဝေဒေသတို့၏ အကြောင်းကို စိတ်ဝင်တစားရှိသည့် လူဦးရေမှာ ကမ္ဘာ့လူဦးရေစုစုပေါင်းနှင့် နှိုင်းယှဉ်လျှင် ပမာဏအားဖြင့် အလွန်နည်းပါးလျက်ရှိသည်။

ကမ္ဘာ့ရေဝေဒေသ အချို့တွင် ဖြစ်ပေါ်လျက်ရှိနေသော ညစ်ညမ်းမှုများသည် မြစ်ရေချောင်းရေများကိုပါ ညစ်ညမ်းစေပြီး ရေနေသတ္တဝါတို့၏ ရှင်သန် ပေါက်ပွားမှုကို များစွာထိခိုက်စေလျက်ရှိသည်။ ထို့ပြင် ဂေဟစနစ်ကိုပါ ပျက်စီးစေလျက်ရှိပြီး မြစ်ရေကိုသောက်သုံးနေကြရသည့် လူတို့၏ ကျန်းမာရေးကိုပါ ထိခိုက်စေလျက်ရှိသည်။

မြို့ပြ စည်ပင်ဖွံ့ဖြိုးရေးကို အကြောင်းပြုပြီး သဘာဝအလျောက်ပေါက်ရောက် တည်ရှိနေကြသော သစ်ပင်ကြီးငယ်အသွယ်သွယ်တို့ကို ခုတ်လှဲဖြိုဖျက်ကာ ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းများ ဖောက်လုပ်ခြင်း၊ ကွန်ကရစ် ခင်းထားသည့် ဧရာမကွင်းပြင်ကျယ်ကြီးများ တည်ဆောက်ပြုလုပ်ခြင်းတို့သည် ရေဝေဒေသများ၏ ဧရိယာကိုကျုံ့သွားစေသော လုပ်ရပ်များဖြစ်ကြသည်။ ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းများကြောင့်လည်းကောင်း၊ ကွန်ကရစ်ခင်းထားသော ကွင်းပြင်ကျယ်ကြီးများကြောင့်လည်းကောင်း၊ ရွာချသော မိုးရေများနှင့်စီးဆင်းလာသော ရေအမျိုးမျိုးတို့သည် သဘာဝမြေသားထဲသို့ စိမ့်ဝင်ခြင်းမပြုနိုင်တော့သည့် အတွက် အဆိုပါနေရာများတွင် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည်။

မြန်မာနိုင်ငံအတွင်းရှိ ဧရာဝတီမြစ်ကြီး၏ ရေဝေဒေသသည် နိုင်ငံကုန်းမြေဧရိယာ၏ လေးပုံတစ်ပုံခန့်ရှိနေသည်ကို မြန်မာနိုင်ငံသား တို့က သတိမပြုမိကြပေ။ အလားတူပင် ဂင်္ဂါမြစ်ကြီး၏ ရေဝေဒေသထဲ၌ လည်း အိန္ဒိယနိုင်ငံ၏ ကုန်းမြေဧရိယာ စတုရန်းကီလိုမီတာထောင်ပေါင်း များစွာ ပါဝင်နေသလို . . . မြစ်ဝါမြစ်ကြီး၏ ရေဝေဒေသထဲ၌လည်း တရုတ်နိုင်ငံ ကုန်းမြေဧရိယာဟက်တာပေါင်း သိန်းနှင့်ချီ၍ ပါဝင်လျက်ရှိနေသည်။ အချုပ်အားဖြင့်ဆိုရသော် မြစ်ကြီးတစ်စင်း၏ ဖြတ်သန်းစီးဆင်းရာ လမ်းကြောင်းရှည်လျားလေ . . . ထိုမြစ်ကြီး၏ ရေဝေဒေသများကလည်း ကြီးမားကျယ်ပြန့်လေပင်ဖြစ်သည်။

အများပြည်သူတို့က အမှတ်တမဲ့ဖြစ်နေစေကာမူ . . . ဘဝတစ်လျှောက်လုံးတွင် လူတို့သည် ရေဝေဒေသထဲ၌ မွေးဖွားလာခဲ့ကြပြီး ရေဝေဒေသထဲ၌ပင် ရှင်သန်ဖွံ့ဖြိုးအရွယ်ရောက်ကာ အဆုံးတစ်နေ့၌လည်း ရေဝေဒေသထဲ၌ပင် လူ့ဘဝကို ကျောခိုင်းစွန့်ခွာသွားကြရသည်သာဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာ့လူသား အားလုံးတို့သည် မိမိတို့ကို မွေးဖွားရာ၊ မိမိတို့ ရှင်သန်ဖွံ့ဖြိုးရာ၊ မိမိတို့၏ ဘဝနိဂုံးကမ္ပအဆုံးသတ်ရာ ဖြစ်သော ရေဝေဒေသများကို မပျက်စီးမတိမ်ကောသွားရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်သည်။

ရေဝေဒေသ တစ်လျှောက်တွင် အညစ်အကြေးများ၊ ရေဆိုးရေညစ်များ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ စက်မှုလုပ်ငန်း ဘေးထွက်ပစ္စည်းများ၊ ဓာတုဓာတ်ကြွင်းပစ္စည်းများ စသည်တို့ ကင်းစင်အောင် စီမံလုပ်ဆောင်ခြင်းသည် ရေဝေဒေသများကို တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်ပေသည်။



## ငဖဲမြို့လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကျင်းပ

**ငဖဲ ဧပြီ ၁**

ငဖဲမြို့ မြို့မရပ်ကွက် မဟာသမယာမပရိယတ္တိကျောင်းသစ်ကျောင်း၌ ငဖဲမြို့ပေါ်နှင့် နီးစပ်ရာကျေးရွာများမှ ကလေးငယ်များ၊ကျောင်းသားကျောင်းသူများ ဘာသာရေးဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ မျိုးဆက်သစ် သားငယ်သမီးငယ်များအတွက် တတိယအကြိမ်မြောက် ငဖဲမြို့လုံးဆိုင်ရာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၃၀ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ယဉ်ကျေးလိမ္မာသင်တန်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ကုန်းမြင့်ရတနာတိုက်ကျောင်း ဆရာတော် ဦးသောမစာရက သင်တန်းနှင့်စပ်လျဉ်း၍ ဩဝါဒစကားမိန့်ကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က ဘာသာရေး၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များ တင်ပြလျှောက်ထားပြီး ကံသာတိုက်ကျောင်းဆရာတော် ဦးကောသလ္လက သင်တန်းနှင့်ဆက်စပ်၍ လိုအပ်သည်များကို ရှင်းလင်းမိန့်ကြားသည်။

အဆိုပါသင်တန်းသို့ ကျောင်းသားကျောင်းသူ၂၁၂ ဦး တက်ရောက်ခဲ့ပြီး မတ် ၃၀ ရက်မှ ဧပြီ ၄ ရက်အထိ ၁၁ ရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ထိုင်းနိုင်ငံဒုက္ခသည်စခန်းမှ မြန်မာနိုင်ငံတိုင်းရင်းသားများ နေရပ်သို့ ပို့ဆောင်

**ဘားအံ မေ ၁**
ထိုင်းနိုင်ငံ မယ်စလီးယားမြို့နယ် မယ်ဒါမိုဒုက္ခသည် စခန်း၌ သွားရောက်နေထိုင်ကြသော မြန်မာနိုင်ငံ တိုင်းရင်းသားများအား နေရပ်ဌာနေဖြစ်သော ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းရှိ သံတောင်ကြီးမြို့နယ်နှင့်ဘောဂလိမြို့တို့သို့ တာဝန်ရှိသူများပို့ဆောင်ပေးရာ သံတောင်မြို့ အမှတ်(၄)ရပ်ကွက်၊ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး မတ် ၃၁ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံကာ နေထိုင် စားသောက်ရေး အဆင်ပြေစေရန်အတွက် အသုံးအဆောင်ပစ္စည်းများနှင့် စားရေရိက္ခာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ထိုင်းနိုင်ငံ မယ်စလီးယားမြို့နယ် မယ်ဒါမို ဒုက္ခသည်စခန်း၌ သွားရောက်နေထိုင်ခဲ့ကြပြီး မိမိတို့ မြန်မာနိုင်ငံ ဆွေမျိုးများရှိရာ အရပ်ဒေသများသို့ဆန္ဒအရ ပြန်လည်ရောက်ရှိလာကြသော မြန်မာနိုင်ငံတိုင်းရင်းသား ၆၈ ဦးသည် မတ် ၂၄ ရက်က ဘားအံမြို့ ရဲသာကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာရှိ AGAPE HALL ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ခေတ္တနေထိုင်လျက်ရှိသည်။ အဆိုပါ ၆၈ ဦးမှ ၁၃ဦးသည် ရဲသာကျေးရွာ၌ အခြေချနေထိုင်ပြီး ၅၅ ဦးသည် သံတောင်ကြီးမြို့နယ်နှင့် ဘောဂလိမြို့အတွင်းရှိ သပြေညွန့်ကျေးရွာတွင် နေထိုင်မည်ဖြစ်ရာ မတ် ၃၀ ရက်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းဦးဆောင်ကာ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးတို့သည် မှန်လုံယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးကြကြောင်း သိရသည်။ ထိုသို့ပို့ဆောင်ပေးရာတွင် မတ် ၃၁ ရက် နံနက် ၉ နာရီက ခေတ္တရောက်ရှိရာ သံတောင်မြို့ အမှတ် (၄) ရပ်ကွက် အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းသို့ စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတိုင်းမှူးက နှုတ်ဆက်စကားပြောကြားပြီး နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆန် ၁၀ အိတ်၊ ကြက်ဥအလုံး ၅၀၀၊ ခေါက်ဆွဲခြောက်များကိုလည်းကောင်း၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့ ပူးပေါင်း၍ အိမ်ထောင်စုဝင်များအလိုက် အသုံးအဆောင်များ၊ တစ်ဦးချင်းအလိုက် အဝတ်အထည်များ၊ အသက် ၁၈ နှစ်ပြည့် အမျိုးသား အမျိုးသမီးငယ်များအား အသုံးအဆောင်ပစ္စည်းအစုံတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်ဦးစီးမှူးများနှင့် သံတောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ပေးအပ်ရာ တစ်ဦးချင်း လက်ခံယူကြကြောင်းနှင့် သက်ဆိုင်ရာအရပ်ဒေသများသို့ ဆက်လက်ပို့ ဆောင်ပေးသွားမည်ဖြစ်ပြီး ဆွေမျိုး မိသားစုဝင်များကလည်း လာရောက်ကြိုဆိုကြကြောင်း သိရသည်။ **နေမျိုးလွင် (ပြန်/ဆက်)**



# (၁၃)ကြိမ်မြောက် စာအုပ်လှူဒါန်းပွဲ အမေရိကန်စင်တာ၌ ကျင်းပမည်

**ရန်ကုန် မေ ၁**
အမေရိကန်သံရုံး ပြည်သူ့ရေးရာဌာနနှင့် အာရှဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ (၁၃)ကြိမ်မြောက် စာအုပ်များလှူဒါန်းမည့်အခမ်းအနားကို မေ ၅ ရက် ညနေ ၃ နာရီတွင် ဒဂုံမြို့နယ်တော်ဝင်လမ်းရှိ အမေရိကန်စင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စာအုပ်လှူဒါန်းပွဲတွင် စာအုပ်ပေါင်း ၁၆၆၅၆ အုပ်ကို ပြည်တွင်းရှိတက္ကသိုလ်များ၊ ကောလိပ်များ၊ စာကြည့်တိုက်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

လှူဒါန်းမည့် စာအုပ်အမျိုးအစားများမှာ နိုင်ငံရေးစာပေများ၊ နိုင်ငံတကာရေးရာ စာပေများ၊ အမေရိကန်ပြည်ထောင်စုသမိုင်းကြောင်း စာပေများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာပေများ၊ လူမှုရေးစာပေများ၊ ဘာသာစကားနှင့်သက်ဆိုင်သော စာပေများ၊ ဒဿနိကဗေဒဆိုင်ရာစာပေများ၊ စိတ်ပညာ၊ စီးပွားရေးနှင့် စာရင်းအင်း၊ ဆေးပညာ၊ အင်ဂျင်နီယာပညာ၊ ဘာသာရေး၊ ဂီတအနုပညာ၊ ကွန်ပျူတာသိပ္ပံ၊ ကလေးစာပေများနှင့် ဆယ်ကျော်သက်များအတွက် စာပေများ စသည်ဖြင့် စာအုပ်အမျိုးအစားပေါင်း ၁၃၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာအုပ်လှူဒါန်းခြင်း အစီအစဉ်ကို အမေရိကန်သံရုံး ပြည်သူ့ရေးရာဌာနနှင့် အာရှဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ၂၀၀၇ ခုနှစ်မှ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ရာ ယခုအချိန်အထိ စာအုပ်ပေါင်း ၁၈၃၀၀၀ အုပ်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ပုလဲ မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ ပုလဲရတနာခန်းမ၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်သိန်းစိုးက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် မြို့နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်နှစ်တိုက်၊ ကျေးရွာစာကြည့်တိုက် ၄၈ တိုက်နှင့် ကျောင်းစာကြည့်တိုက် ၁၀ တိုက်အတွက် တစ်တိုက်လျှင် အုပ် ၁၀၀ နှုန်းဖြင့် လှူဒါန်းသော သုတရသ စာအုပ်စာစောင်များကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းများမှ စာကြည့်တိုက်မှူးများထံ ပေးအပ်ခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက အုပ်စု ငါးအုပ်စုခွဲ၍ စာငှားသူ၊ စာဖတ်သူ တိုးပွားလာအောင် ဆောင်ရွက်နည်း၊ စာကြည့်တိုက်က ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအတွက် ဝန်ဆောင်မှုပေးမည့်ပုံစံ၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်မည့်နည်းလမ်းများ၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်နည်းလမ်းများ၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရန်နည်းလမ်းများ စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးကလည်း စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေးအတွက် ကူညီဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# လှိုင်းဘွဲ့မြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စတင်

**လှိုင်းဘွဲ့ မေ ၁**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်ခြင်းဖွင့်ပွဲကို လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဝန်ဆောင်မှုစုပေါင်းရုံး(OSS)ခန်းမ၌ မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဆောင်ရွက်ရာတွင် မေ ၁ ရက်မှစ၍ ကျေးရွာ ၁၀၃ ရွာ၌ စာသင်ဝိုင်း ၂၂၇ ဝိုင်းဖြင့် စာသင်သားဦးရေ ၁၇၅၄ ဦးတို့အား သင်ကြားမည်ဖြစ်ကြောင်း၊ ဘားအံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၂၇ ဦး၊ ကြီးကြပ်ဆရာ ဆရာမ ၂၃ ဦးနှင့် လှိုင်းဘွဲ့မြို့နယ် အခြေခံပညာကျောင်း ၁၀၃ ကျောင်းမှ ဆရာ ဆရာမ ၂၂၇ ဦး၊ ကြီးကြပ် ဆရာ ဆရာမ ၂၃ ဦးတို့က အဖွဲ့ ၂၃ ဖွဲ့ခွဲ၍ ကွင်းဆင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မေ ၁ ရက်မှ မေ ၁၅ ရက်အထိ တစ်ရက်လျှင် သုံးနာရီနှုန်းဖြင့် နာရီပေါင်း ၁၂၀ သင်ကြားပေးသွားမည်ဖြစ်သည့်အတွက် စာတတ်မြောက်ရေးလှုပ်ရှားမှု ပြီးဆုံးပါက စာသင်သားများအနေဖြင့် စာရေးစာဖတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆောင်ရွက်စဉ် စာသင်ဝိုင်းများတွင် အသုံးပြုရမည့် မြေဖြူ ခဲတံ၊ ဘောပင်၊ ခဲဖျက်၊ ဗလာစာအုပ်များနှင့် သင်ကြားရန် မြန်မာစာ၊ သင်္ချာစာအုပ်များကို ပညာရေးဝန်ကြီးဌာန အခြေခံပညာရေးဦးစီးဌာနက စာသင်ဝိုင်းများသို့ ပေးပို့ထားပြီး လုပ်အားပေးသင်ကြားပြသပေးမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို တစ်ရက်လျှင် ၃၀၀၀ ကျပ်နှုန်းနှင့် အသွားအပြန်စရိတ်များကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး ဘားအံတက္ကသိုလ် စီမံ/ဘဏ္ဍာဌာနမှူး ဦးမြင့်ဦးနှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်တို့က စာတတ်မြောက်ရေးလှုပ်ရှားမှုလုပ်ငန်းဆိုင်ရာများကို ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း ဝင်ခွင့်စာမေးပွဲပြုလုပ်

**လှိုင်ကော် မေ ၁**
အခြေခံပညာကဏ္ဍ အခြေခံပညာမူလတန်းတွင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး သင်ကြားရေးစွမ်းရည်မြင့်မားသော မူလတန်းပြဆရာ ဆရာမများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) အမှတ်စဉ်(၃/၁၆) သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၃၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစာမေးပွဲတွင် လွိုင်ကော်ခရိုင်မှ ၁၇၈ ဦး ဝင်ရောက်ဖြေဆိုကြပြီး ခရိုင်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောအယ်ဒိုဝါးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ စာမေးပွဲတွင် အင်္ဂလိပ်စာဘာသာရပ်နှင့် အထွေထွေဗဟုသုတများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ ဘော်လခဲခရိုင်၌ ပြုလုပ်သည့် စာမေးပွဲတွင်လည်း ၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

လုပ်ငန်းခွင်အကြို မူလတန်း ဆရာအတတ်ပညာသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် သင်တန်းအမှတ်စဉ် (၁/၁၄)နှင့် ၂၀၁၅ခုနှစ်တွင် သင်တန်းအမှတ်စဉ် (၂/၁၅)တို့ကို ဖွင့်လှစ်လေ့ကျင့်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ၂၀၁၆ ခုနှစ်တွင် သင်တန်းအမှတ်စဉ် (၃/၁၆)ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်၍ သင်တန်းသား ၅၇၁၁ ဦးကို ဇွန် ၁၆ ရက်မှ အောက်တိုဘာ ၁၉ ရက်ထိ မူလတန်းဆရာ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်၍ ရေးဖြေစာမေးပွဲများကို တစ်နိုင်ငံလုံးတွင် ပြုလုပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲနောင်(လွိုင်ကော်)**

# မန္တလေးကျုံးပတ်လည်၌ မဏ္ဍပ်များ စတင်တည်ဆောက်နေ

**မန္တလေး ဧပြီ ၁**
မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့တွင် စည်ကားစွာ ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား လုပ်ငန်းရှင်များက ရေကစားမဏ္ဍပ်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တည်ဆောက်လျက်ရှိပြီး ယခုအခါ မန္တလေးကျုံးပတ်လည်တွင် ရေကစားမဏ္ဍပ်များ အပြိုင်အဆိုင် တည်ဆောက်နေကြပြီဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ မန္တလေးမဟာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့်တိုင်းရင်းသားလုပ်ငန်းရှင်များကလည်း သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရေကစားမဏ္ဍပ်များ တည်ဆောက်မည်ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး နယ်နိမိတ်လမ်းများဖြစ်သော ကျုံးတောင်ဘက် ၂၆ လမ်းတွင် ရေကစားမဏ္ဍပ် ၁၀ ခု၊ ကျုံးအရှေ့ဘက် ၆၆ လမ်းတွင် ရေကစားမဏ္ဍပ် ၁၁ ခု၊ ကျုံးအနောက်ဘက် လမ်း ၈၀ တွင် ရေကစားမဏ္ဍပ် ရှစ်ခုနှင့် ကျုံးမြောက်ဘက် ၁၂ လမ်းတွင် ရေကစားမဏ္ဍပ် လေးခုရှိ၍ စုစုပေါင်းကျုံးပတ်လည်တစ်လျှောက် ရေကစားမဏ္ဍပ် ၃၃ ခုနှင့်အတူ မန္တလေးမြို့တွင်း၌ အလှပြမဏ္ဍပ် သုံးခုနှင့် ရေကစားမဏ္ဍပ် ငါးခုရှိရာ မန္တလေးမြို့၌ ရေကစားမဏ္ဍပ် စုစုပေါင်း ၄၁ ခု ရှိကြောင်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ သိရသည်။

မန္တလေးမဟာသင်္ကြန်ကို နိုင်ငံကျော် အဆိုကျော်များဖြစ်သော လေးဖြူ အငဲ၊ မျိုးကြီး၊ ဝိုင်းဝိုင်းတို့က (Iron Cross) တေးဂီတအဖွဲ့နှင့် လည်းကောင်း၊ (Luck Hand) တေးဂီတအဖွဲ့နှင့်အတူ ဝိုင်းစုခိုင်သိန်း၊ ချစ်ကောင်း၊ မေခလာ၊ အောင်ထက်၊ ဂရေဟမ်တို့ကလည်းကောင်း၊ ဖိုးကာ၊ ဟန်ထွန်း၊ လင်းလင်း၊ ဟဲလေး၊ ခန့်စည်သူ၊ ကောင်းမြတ်၊ နန္ဒစိုင်း၊ မြင့်မြတ်၊ ထွန်းအိန္ဒြာဗိုလ်၊ နီနီခင်ဇော်၊ ချမ်းချမ်း၊ ချစ်သုဝေ၊ ခင်လေးနွယ်၊ သက်မွန်မြင့်၊ နန်းခင်ဇေယျာ စသည့်နိုင်ငံကျော် ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များကပါ လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမဏ္ဍပ်တည်ဆောက်နေစဉ်။

# ကွမ်းခြံပိုင်ရှင်များက ဝယ်ယူအသုံးပြုသောကြောင့် အုန်းခြံပိုင်ရှင်များ အုန်းလက်ဈေးကောင်းရ

**ကျောက်ဆည် ဧပြီ ၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပေါက်ကုန်းကျေးရွာမှ အုန်းခြံပိုင်ရှင်များအနေဖြင့် ကွမ်းစိုက်တောင်သူကြီးများက ကွမ်းခြံများတွင် အမိုးမိုးရန် အုန်းလက်များကို ဝယ်ယူကြသဖြင့် အပိုဝင်ငွေရရှိနေကြကြောင်း သိရသည်။

အုန်းလက်တစ်ခုလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ဝယ်ယူကြောင်း၊ အုန်းပင်ကြီးတစ်ပင်လျှင် အုန်းလက် ၁၅ လက်မှ ၂၅ လက်ထိ ထွက်ရှိကြောင်း၊ ကွမ်းပင်တစ်ထောင်ဆံ့ ကွမ်းခြံတစ်ခြံလျှင် အုန်းလက် ၆၀၀ ခန့် မိုးပေးရကြောင်း၊ ကွမ်းခြံဘေးမှ ငှက်ပျောရွက်များ ကာရံပေးကြောင်း၊ ပလတ်စတစ်များ မိုးကာခြင်းဖြင့် ပလတ်စတစ်အပူစုပ်သောကြောင့် စိုက်ခင်းအတွင်း အပူရှိန်မြင့်တက်ပြီး အပင်ဖြစ်ထွန်းမှု အားနည်းသလို မိုးရွာလျှင်လည်း ပလတ်စတစ်ပေါ်မှ ဖြတ်ပါလာသောမိုးရေသည် အေးမြမှုမရှိသောကြောင့် အရွက်နှင့်အမြစ်များတွင် ရောဂါပိုးများဝင်ရောက်တတ်သဖြင့် အုန်းလက်ဖြင့်သာ မိုးရကြောင်း၊ အုန်းလက်များဖြင့်မိုး၍ ငှက်ပျောရွက်များဖြင့် ကာရံပေးခြင်းဖြင့် သဘာဝပစ္စည်းများက စိုက်ခင်းအတွင်း ရာသီဥတုထိန်းညှိပေးသောကြောင့် အထွက်နှုန်းကောင်းစေကြောင်း၊ မြေတစ်ဧကလျှင် ကွမ်းပင် ၄၀၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း ပေါက်ကုန်းရွာမှ ကွမ်းစိုက်တောင်သူကြီး ဦးသန်းလှိုင်က ရှင်းပြသည်။ ကွမ်းခြံများက အုန်းလက်များဝယ်ယူသဖြင့် အုန်းခြံပိုင်ရှင်များ အပိုဝင်ငွေရနေပြီး ကွမ်းခြံများတွင် အုန်းလက်များမိုးရာ၌ တစ်ခါမိုးထားလျှင် ခြောက်လခန့် အသုံးခံကြောင်း သိရသည်။ **အောင်မင်း(စဥ့်ကိုင်)**

# မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး စစ်တွေမြို့၌ ဆွေးနွေး

**စစ်တွေ ဧပြီ ၁**
ရခိုင်ပြည်နယ် စစ်တွေမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီများက စီမံခန့်ခွဲရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းစဉ်များ၊ နံ့သာသွေးပြိုင်ပွဲ ကျင်းပနိုင်ရေး၊ ဘုရားရေသပ္ပာယ်ရေး၊ ဖိတ်ကြားရေး၊ ဗဟိုမဏ္ဍပ် ဖွင့်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပရေး၊ ဗဟိုမဏ္ဍပ်တွင် ရခိုင်အဆိုတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်နိုင်ရေးနှင့် မဟာသင်္ကြန်ပွဲတော် ကျင်းပမှုကို Sky net ရုပ်သံလိုင်းမှ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်နိုင်ရေး စသည့်အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော်တွင် နံ့သာသွေးပြိုင်ပွဲ၊ ဘုရားနံ့သာရေသပ္ပာယ်ခြင်း၊ ရခိုင်ရိုးရာ ယိမ်းအကပြိုင်ပွဲများကို ရခိုင်ရိုးရာစဉ်လာမပျက်ထည့်သွင်းဆင်နွှဲကာ သင်္ကြန်ရက်နောက်ဆုံးနေ့တွင် သက်ကြီးဘိုးဘွားများကို ပူဇော်ကန်တော့ပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ခရိုင်ပြန်/ဆက်)**

# တံတားပျက်စီးယိုယွင်းနေ၍ ဒေသခံပြည်သူများ နေ့စဉ်အခက်အခဲဖြစ်နေ

**မိတ္ထီလာ ဧပြီ ၁**
မိတ္ထီလာမြို့နယ် ရွှေစစ်သည်-ရွာတန်းရှည်-အုံတုံ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားချောင်းကူးတံတားပျက်စီးယိုယွင်းနေ၍ ယင်းတံတားပေါ်မှ ဖြတ်သန်းသွားလာနေရသည့် ဒေသခံပြည်သူများမှာ နေ့စဉ် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

"တံတားရဲ့ ခံနိုင်ဝန်က ယာဉ်နဲ့ကုန်ပေါင်း ၁၃ တန်ဆိုပေမယ့် ဒီတံတားပေါ်က သဲ၊ကျောက်သယ်တဲ့ မော်တော်ယာဉ်တွေနဲ့ ဈေးပတ်မော်တော်ယာဉ်တွေ မကြာခဏဖြတ်သန်းသွားလာတာမို့ ဒီတံတားက အချိန်မတန်ဘဲ ပျက်စီးယိုယွင်း သွားတာ။ တံတားမှာ ခင်းထားတဲ့ သစ်တွေကလည်း ဖွာလန်ကျဲပျက်စီးနေပြီး တံတားဘေးနှစ်ဘက် လက်ရမ်းဘောင်တွေကလည်း ယိုင်နဲ့နေတယ်။ နွေရာသီလို အချိန်မှာတောင် တံတားပေါ်က ဖြတ်သန်းသွားလာသူတိုင်း သတိကြီးကြီးထားပြီး သွားနေရတယ်။ မိုးရာသီဆို ဒီထက်ပိုဆိုးလိမ့်မယ်။ တံတားပေါ်ကနေ မော်တော်ဆိုင်ကယ်စီးပြီး ဖြတ်သန်းသူတွေနဲ့ လမ်းလျှောက်ဖြတ်သန်းသွားသူတွေအတွက် နေ့စဉ်လမ်းသွားလမ်းလာ အခက်တွေ့နေရတယ်။ ရွှေစစ်သည်-ရွာတန်းရှည်-အုံတုံ ၁၃ မိုင် ၆ ဖာလုံ ကျောက်ချောလမ်းခင်းပေးထားလို့ လမ်းကကောင်းပေမယ့် ချောင်းကူးတံတားပျက်စီးနေလို့ ဒေသခံတွေ သွားလာရေးအခက်တွေ့နေတယ်။ ဒါကြောင့် တာဝန်ရှိတဲ့သူတွေအနေနဲ့ ဒီချောင်းကူးတံတားပျက်စီးနေတာကို မိုးမကျမီ ပြုပြင်ပေးစေချင်တယ်"ဟု ယင်းတံတားပေါ်မှ နေ့စဉ်ဖြတ်သန်း သွားလာနေရသော သဲတောလေးကျေးရွာမှ ပြည်သူတစ်ဦးက ပြောသည်။

ရွှေစစ်သည်၊ ရွာတန်းရှည်၊ အုံတုံ၊ ကျိုကုန်း၊ ပျော်ဘွယ်လေး၊ သဲတောလေး၊ ရွာသစ် စသည့်ကျေးရွာများမှ ဒေသခံများအနေဖြင့် မိတ္ထီလာမြို့တွင်းနှင့် မြို့မဈေးကြီးသို့ ကျေးရွာထွက်သီးနှံကုန်စည်များ ရောင်းချဝယ်ယူခြင်းအပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများကို ဆောင်ရွက်ရန် သွားလာရာ၌ ယင်းချောင်းကူးတံတားကို အားကိုးအားထားပြုကာ နေ့စဉ်ဖြတ်သန်းသွားလာနေရကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ပိုလီယိုကာကွယ်ဆေးပြောင်းလဲတိုက်ကျွေးမည့်အစီအစဉ် ရှင်းလင်း

**ထီးလင်း ဧပြီ ၁**
ပိုလီယိုရောဂါပိုးအမျိုးအစား သုံးမျိုးကိုကာကွယ်သည့် (topv) ကာကွယ်ဆေးတိုက်ကျွေးနေခြင်းမှ ပိုလီယိုရောဂါပိုးနှစ်မျိုးကို ကာကွယ်သည့်(bopv) ကာကွယ်ဆေးပြောင်းလဲတိုက်ကျွေးခြင်းနှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို ဂန့်ဂေါခရိုင် ထီးလင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန၌ မတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်ပိုက ဧပြီလအတွင်း ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေးတိုက်ကျွေးရာတွင် နှစ်မျိုးပါ ကာကွယ်ဆေးကို ပြောင်းလဲအသုံးပြုတိုက်ကျွေးမည့် အစီအစဉ်များနှင့် အသုံးပြုပြီး ကာကွယ်ဆေးများကို စနစ်တကျဖျက်ဆီးရမည့် အစီအမံများ၊ ဆေးတိုက်ကျွေးမှုတွင် ကျန်းမာရေးဦးစီးဌာနနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထီးလင်းမြို့နယ်တွင် ကလေးငယ်များ၏ ကျန်းမာရေးအတွက် ပုံမှန်ကာကွယ်ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်းများကိုလည်း မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၁၀၁)**



# မိတ္ထီလာမြို့နယ် မင်္ဂလာရပ်ကွက်၌ မင်္ဂလာရာမစာကြည့်တိုက်ဖွင့်

**မိတ္ထီလာ ဧပြီ ၁**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မင်္ဂလာရပ်ကွက်၌ မင်္ဂလာရာမစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၃၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ စာကြည့်တိုက်ကို မင်္ဂလာရာမဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ အလျား ၂၈ ပေ၊ အနံ ၁၂ ပေရှိ နံကပ်၊ သွပ်မိုးအဆောက်အအုံအဖြစ် ကျပ်သိန်း ၄၀ အကုန်ကျခံဆောက်လုပ်ခဲ့ပြီး ဝန်ဇင်း(၂) မင်္ဂလာဦးရပ်နေ ဦးအောင်မြင့်မိသားစုက ဆောက်လုပ်လှူဒါန်းကြောင်း၊ စာကြည့်တိုက်တွင် စာအုပ်စာစောင်များတိုးပွားရေးအတွက် ဇော်ဆေးရုံပိုင်ရှင် ဒေါက်တာခင်မောင်မြင့်မိသားစုက လစဉ် ငွေကျပ်တစ်သောင်းနှင့် စာအုပ်စင်သုံးစင်ကို ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် စာကြည့်တိုက်သစ်ကို မင်္ဂလာရာမကျောင်းတိုက်ဆရာတော်၊ ဇော်ဆေးရုံပိုင်ရှင် ဒေါက်တာခင်မောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်း၊ မြို့မသွားဆေးခန်းမှ ဦးတင်ဝင်းနှင့် ရပ်မိရပ်ဖ ဦးကျော်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နှင်းရီက စာအုပ်စာစောင် ၅၀ ကို စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ ထိပ်တိုက်တိုးပြီ

**မိုးမြင့်လင်းလက်**

**လာလီဂါပွဲစဉ် (၃၁)ကို ဧပြီ ၂ ရက်ညနဲ့ ၃ ရက်တွေမှာ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီပွဲမှာ စိတ်ဝင်စားစရာကောင်းမယ့်ပွဲစဉ်ကတော့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ပွဲစဉ်ပဲ ဖြစ်ပါတယ်။ အစဉ်အလာအရ ပြိုင်ဘက်ကောင်းတွေ တွေ့ဆုံတဲ့ပွဲဖြစ်တာမို့ ကမ္ဘာတစ်ဝန်းက ဘောလုံးပရိသတ်တွေအတွက် ပွဲကြီးပွဲကောင်းပါပဲ။ ကမ္ဘာကျော်တိုက်စစ်မှူးတွေရဲ့ အားပြိုင်မှုတွေက ပြိုင်ပွဲရလဒ်ကိုဘယ်လောက်ထိပြောင်းလဲနိုင်မလဲဆိုတာလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ငွေကုန်ကြေးကျမြောက်မြားစွာနဲ့တည်ဆောက်စုဖွဲ့ထားတဲ့ ကမ္ဘာ့အကောင်းဆုံးအသင်းနှစ်သင်းရဲ့ ရင်ဆိုင်တွေ့ဆုံမှုက ပရိသတ်စိတ်နှလုံးကို ဆွဲကိုင်လှုပ်ရှားနေဦးမှာဖြစ်နေတာတော့ အမှန်ပါပဲ။**



**ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်**

ဒီနှစ်လာလီဂါဖလားကို ရယူဖို့ လက်တစ်ကမ်းအလိုကို ရောက်လာပြီဖြစ်တဲ့ ဘာစီလိုနာဟာ အိမ်ကွင်းလည်းဖြစ်တာမို့ နေရာစုံမှာ အကောင်းဆုံး အခင်းအကျင်းနဲ့ ရီးရဲမက်ဒရစ်ကို ရင်ဆိုင်ပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တို့ကလည်း ဒီနှစ်လာလီဂါဖလားရရှိဖို့ မသေချာတော့ပေမယ့် ဂုဏ်သိက္ခာအရ အဝေးကွင်းမှာ နိုင်ပွဲမှတ်တမ်းကောင်းရေးထိုးနိုင်ဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ဘာစီလိုနာက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားတာမို့ ဒီပွဲမှာ အကောင်းဆုံးဗျူဟာနဲ့ ရီးရဲမက်ဒရစ်ကို ပညာပေးဖို့ ဦးတည်မှာဖြစ်ပါတယ်။ လာလီဂါသမိုင်းမှာ ဒီနှစ်သင်းတွေ့ဆုံခဲ့မှုကိုကြည့်ရင် ဘာစီလိုနာက ၆၈ ပွဲနိုင်ပြီး ရီးရဲမက်ဒရစ်တို့က ၇၁ ပွဲနိုင်ကာ သရေပွဲ ၃၂ ပွဲ ဖြစ်ခဲ့ပါတယ်။ ဘာစီလိုနာရဲ့ လတ်တလော ကစားအားကိုကြည့်ရင် ဂီတာဖေးကို ခြောက်ဂိုးပြတ်နိုင်ပြီး အာဆင်နယ်ကို သုံးဂိုး-တစ်ဂိုးနဲ့နိုင်ကာ ဗီလာရီးရဲကို နှစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ရီးရဲမက်ဒရစ်တို့ကတော့ ရိုးမားကို နှစ်ဂိုးပြတ်နိုင်ပြီး လက်စ်ပယ်မက်စ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ ဆက်တိုက်နိုင်ကာ ဆီဗီလာကို လေးဂိုးပြတ်နဲ့အောင်ပွဲခံထားခဲ့ပါတယ်။ လောလောဆယ် ခြေစွမ်းပိုင်းမှာ ရီးရဲမက်ဒရစ်တို့ကတော့ ကောင်းမွန်နေပေမယ့် အိမ်ကွင်းမှာ ဘာစီလိုနာတို့ နိုင်ပွဲရယူသွားပါလိမ့်မယ်။

**အက်သလက်တီကိုနှင့် ဘက်တစ်**

ရမှတ်လိုအပ်နေတဲ့ အက်သလက်တီကိုတို့က ဒီပွဲကိုအခွင့်အရေးကောင်းအဖြစ် အပြည့်အဝအောင်ပွဲခံနိုင်ရေး အားထုတ်ပါလိမ့်မယ်။ ဘာစီလိုနာတို့က ရီးရဲမက်ဒရစ်နဲ့ ထိပ်တိုက်တွေ့ချိန်မှာ အမှတ်ပြည့်သိမ်းပိုက်စုဆောင်းနိုင်ရေးအတွက် အက်သလက်တီကို ဖိအားပေးပြီး ဂိုးသွင်းနိုင်ရေး ကြိုးစားမှာပါ။ ဒီနှစ်သင်းတွေ့ဆုံမှုနောက်ဆုံးသုံးပွဲကိုကြည့်ရင် အက်သလက်တီကိုတို့ချည်းနိုင်ပွဲတွေရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် လာလီဂါမှာ ဒီနှစ်သင်းဆုံတွေ့မှုကိုကြည့်ရင် အက်သလက်တီကိုက ၄၇ ပွဲနိုင်ပြီး ဘက်တစ်တို့က ၂၇ပွဲနိုင်ကာ သရေပွဲ ၂၁ပွဲ ဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အက်သလက်တီကိုကွင်းမှာ ဘက်တစ်တို့နိုင်ပွဲ ပျောက်ဆုံးတတ်တာမို့ အခုပွဲမှာ အိမ်ရှင်တို့ သုံးမှတ်ရယူပါလိမ့်မယ်။

**လက်စ်ပယ်မက်စ်နှင့် ဗလင်စီယာ**

ခြေစွမ်းပိုင်းကွာဟမှုမရှိတဲ့ နှစ်သင်းမို့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ပွဲကောင်းတစ်ပွဲအဖြစ် အားပေးရဦးမှာဖြစ်ပါတယ်။ ဗလင်စီယာတို့ရဲ့ လက်ရှိခြေစွမ်းကလည်း အားရစရာမရှိတာမို့ လက်စ်ပယ်မက်စ်တို့ အခွင့်အရေးယူနိုင်မလား ကြည့်ရမှာပါ။ ဗလင်စီယာရဲ့ သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုက ဒီပွဲမှာ အနိုင်ရလဒ်ပြန်ရှာဖွေနိုင်မလားဆိုတာ အကဲခတ်ရမှာဖြစ်ပါတယ်။ လက်စ်ပယ်မက်စ်က အိမ်ကွင်းအားထုတ်မှု ကောင်းတာမို့ ဒီပွဲဟာ သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဗယ်လီကာနိုနှင့် ဂီတာဖေး**

ဂီတာဖေးရဲ့ လက်ရှိအနေအထားက တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ အားကုန်ထုတ်မယ့် အခြေအနေဖြစ်ပါတယ်။ ဂီတာဖေးဟာ ဗယ်လီကာနိုနဲ့ ကစားတိုင်း နိုင်ပွဲရအောင်အားထုတ်တတ်တဲ့ အစဉ်အလာရှိပါတယ်။ ဒါပေမယ့် ဗယ်လီကာနိုတို့က လောလောဆယ် အိမ်ကွင်းခြောက်ပွဲကစားခဲ့ရာမှာ ရှုံးပွဲတစ်ပွဲသာ ရှိခဲ့တာမို့ အခုပွဲမှာ နှစ်သင်းစလုံး ခြေကုန်ထုတ်ကြပါလိမ့်မယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပြီး ဂီတာဖေးတို့လည်း တစ်မှတ်တော့ မျှော်လင့်နိုင်ပါတယ်။

**ဆယ်လ်တာဗီဂိုနှင့် ဒီပို့တီဗို**

ခြေစွမ်းပိုင်းနဲ့ အားထုတ်မှုတွေ တူညီနေတဲ့ ဒီနှစ်သင်းရဲ့ပွဲကလည်း အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဒီပို့တီဗိုရဲ့ လောလောဆယ် အဝေးကွင်းရလဒ်တွေကို ကြည့်ရင်တော့ ရှုံးပွဲများနေတာမို့ အားရစရာတော့ မရှိပါဘူး။ ဒီနှစ်သင်းရဲ့ ပထမအကျော့ တွေ့ဆုံမှုမှာ ဆဲလ်တာဗီဂိုတို့ နှစ်ဂိုးပြတ်နဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ ရှုံးကြွေးပြန်ဆပ်ဖို့ ကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဆယ်လ်တာဗီဂိုတို့နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဆဲလ်တာဗီဂိုတို့ နိုင်ပွဲရအောင်ကစားပါလိမ့်မယ်။ ။



## အာဆင်နယ် ပစ်မှတ်ထားနေတဲ့ ဂရန်းနစ်ဇာကာ

မွန်ချန်ဂလာဘတ်ကွင်းလယ်ကစားသမား ဂရန်းနစ်ဇာကာကို အာဆင်နယ်က ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်က ပေါင် ၃၅ သန်းထိပေးပြီး ခေါ်ယူသွားဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ အာစင်ဝင်းဂါးအနေနဲ့ ကွင်းလယ်ကစားသမား ဇာကာကို ခေါ်ယူဖို့ လွန်ခဲ့တဲ့ ၁၂ လကတည်းက စိတ်ဝင်စားနေတာလို့ ဆိုပါတယ်။ အာဆင်နယ်နဲ့ မွန်ချန်ဂလာဘတ် တာဝန်ရှိသူတွေအနေနဲ့ ကနဦးဆွေးနွေးမှုတွေ ပြုလုပ်ပြီးသွားပြီလို့ ဆိုပါတယ်။ လာမည့်သီတင်းပတ်များအတွင်း စာချုပ်ဖွယ်ရှိနေပါတယ်။ ဇာကာဟာ လက်ရှိဥရောပအကောင်းဆုံးကွင်းလယ်ကစားသမားတွေထဲမှာ အကောင်းဆုံးတစ်ဦးလို့ ဆိုပါတယ်။ နည်းပြဝင်းဂါးအနေနဲ့ ခံစစ်ကိုရောကွင်းလယ်ကစားကွက်ပါ အကောင်းဆုံးကစားနိုင်တဲ့ ကွင်းလယ်ကစားသမားမျိုးကို ရှာဖွေနေတာပါ။ ဇာကာကတော့ အကောင်းဆုံး ဖြစ်လာဖွယ်ရှိနေပါတယ်။

## မန်ယူ ပစ်မှတ်ထားလာတဲ့ ရေနာဒိုဆန်ချက်

မန်ယူဟာ ပေါ်တူဂီလူငယ်ကွင်းလယ်ကစားသမား ရေနာဒိုဆန်ချက်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ မန်ယူဟာ လူငယ်ကွင်းလယ်ကစားသမားကို ပေါင် ၄၆ သန်းပေးပြီး ခေါ်ယူဖို့ ပစ်မှတ်ထားနေတာပါ။ ဘယ်လ်ဂျီယံနဲ့ ပေါ်တူဂီတို့ပွဲမှာ လူစားအဖြစ် ဝင်ကစားတဲ့ ဆန်ချက်ကို မန်ယူတာဝန်ရှိသူတွေက စောင့်ကြည့်ခဲ့ကြပါတယ်။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ ရေနာဒိုဆန်ချက်ကို ဇန်နဝါရီလတုန်းက ခေါ်ယူဖို့ ဘင်ဖီကာနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဆန်ချက်ရဲ့ခြေစွမ်းကို လစ္စဘွန်းနဲ့ကစားတဲ့ပွဲမှာလည်း မန်ယူတာဝန်ရှိသူတွေက အနီးကပ်စောင့်ကြည့်ခဲ့ကြတာပါ။ ဘင်ဖီကာက ပေါင်သန်း ၆၀ အထိရဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဘင်ဖီကာနဲ့ ဆန်ချက်တို့ဟာ ၂၀၂၁ ခုနှစ်အထိ စာချုပ်ထားပါတယ်။ သို့ပေမယ့် မန်ယူနဲ့ စေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်နေပါတယ်။ မန်ယူကတော့ ပေါင် ၄၆ သန်းအထိပဲ ပေးခေါ်နိုင်မယ်လို့ ဆိုပါတယ်။ မန်ယူနည်းပြဖြစ်လာမယ့် မော်ရင်ဟိုလက်ထက်မှာ ရေနာဒိုဆန်ချက်ဟာ မန်ယူက အဓိကထားခေါ်ယူမယ့် ကစားသမားဖြစ်လာဖွယ် ရှိနေပါတယ်။





## ဗီလာနည်းပြဖြစ်လာဖို့ ရေပန်းစားနေတဲ့ မိုယက်စ်

ရေမီဂါဒီဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလက အက်စ်တွန်ဗီလာအသင်းကို လွှဲပြောင်းရယူခဲ့တာပါ။ ပြင်သစ်နည်းပြ ဂါဒီဟာ အက်စ်တွန်ဗီလာအသင်းကို ကိုင်တွယ်ရာမှာ နှစ်ပွဲသာ အနိုင်ရခဲ့ပါတယ်။ အက်စ်တွန်ဗီလာ အသင်းဟာ တန်းဆင်းဇုန်အတွင်းကိုရောက်ဖို့ သေချာနေတာပါ။ ဂါဒီရဲ့ လက်ထောက်အဲရစ်ဘေလက်က အက်စ်တွန်ဗီလာအသင်းကို ရာသီကုန်အထိ တာဝန်ယူမှာ ဖြစ်ပါတယ်။ ဒေးဗစ်မိုယက်စ်ကတော့ ဂါဒီနေရာမှာ နည်းပြဖြစ်လာဖို့ ရေပန်းစားနေသူဖြစ်ပါတယ်။ အသက် ၅၂ နှစ်အရွယ်ရှိပြီးဖြစ်တဲ့ ဒေးဗစ်မိုယက်ဟာ အရည်အချင်းပြည့်ဝတဲ့ နည်းပြကောင်းတစ်ဦးဖြစ်ပြီး မန်ယူကို ကိုင်တွယ်ခဲ့တဲ့ နည်းပြလည်း ဖြစ်ပါတယ်။ ဗီလာတာဝန်ရှိသူတစ်ဦးက ရီးရဲဆိုစီဒက်ကို ကိုင်တွယ်နေတဲ့ ဒေးဗစ်မိုယက်စ်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ပြင်သစ် နည်းပြ ဂါဒီဟာ အက်စ်တွန်ဗီလာအသင်းကို ပွဲ ၂၀ အထိ ကိုင်တွယ်ခဲ့ပေမယ့် ပွဲအနည်းငယ်သာ အနိုင်ကစားနိုင်ခဲ့ပါတယ်။ တန်းဆင်းဇုန်လွတ်မြောက်ရေးကြိုးစားနေရတဲ့ အက်စ်တွန်ဗီလာအသင်းကို ဒေးဗစ်မိုယက်စ်က ဘယ်လိုအောင်မြင်မှုတွေ ပြန်လည်ရရှိအောင်ကြိုးစားမယ်ဆိုတာ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# နွေရာသီပူပြင်းချိန် မြင်းခြံချည်ထည်များ အရောင်းသွက်

**မြင်းခြံ မေ ၁**

ပူးပြင်းခြောက်သွေ့သော နွေရာသီကာလသို့ သိသိသာသာရောက်ရှိလာပြီဖြစ်သဖြင့် ပေါ့ပါးအေးမြပြီး သက်သောင့်သက်သာ ဝတ်ဆင်နိုင်သည့် မြင်းခြံမြို့ထွက် ချည်ထည်အဝတ်အထည်များကို မြန်မာနိုင်ငံဒေသ အနှံ့အပြားမှ မှာယူနေသောကြောင့် လက်မလည်အောင် ချုပ်လုပ်တင်ပို့ရောင်းချနေရကြောင်း လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။



မြင်းခြံချည်ထည်များမှာ အင်္ကျီ၊ လုံချည်၊ ဘောင်းဘီ၊ ညအိပ်ဝတ်စုံ စသည်ဖြင့် မိမိကြိုက်နှစ်သက်ရာကို ဝယ်ယူရရှိနိုင်ပြီး အမျိုးအစားစုံ၊ သစ်လွင်ဆန်းသစ်သော ဒီဇိုင်းမျိုးစုံတို့ ရှိနေသည့်အပြင် ဈေးနှုန်းများမှာလည်း ကလေးဝတ်ကျပ် ၁၂၀၀ မှ ၂၀၀၀၊ အမျိုးသား အမျိုးသမီး လူကြီးဝတ် ကျပ် ၁၈၀၀ မှ ၃၈၀၀ အထိသာရှိနေသဖြင့် ဈေးသက်သာပြီး နွေရာသီကာလတွင် ဝတ်ဆင်ရသည်မှာ အလွန်အဆင်ပြေသောကြောင့် မှာယူဝတ်ဆင်သူများပြားနေကြောင်း သိရသည်။

မြင်းခြံမြို့နယ် နွားပျင်းကျေးရွာနှင့် ဝမ်းတွင်းမြို့တို့မှ ထွက်ရှိလာသော ချည်ထည်ပိတ်အုပ်များကို သက်ဆိုင်ရာချုပ်လုပ်ပေးနေသည့် ချုပ်စက်အိမ်များသို့ လုပ်ငန်းရှင်ဆိုင်များမှ ဒီဇိုင်းပုံစံပေး၍လည်းကောင်း၊ ချုပ်လုပ်သူများမှ အသစ်အဆန်းဒီဇိုင်းများ တီထွင်ဖော်ထုတ်၍လည်းကောင်း ချုပ်လုပ်နေကြသဖြင့် မြင်းခြံချည်ထည်များမှာ ဝတ်ဆင်သူတို့အကြိုက် ဒီဇိုင်းများ အမြဲဆန်းသစ်လျက်ရှိနေကြောင်း သိရသည်။

မြင်းခြံမြို့၌ ချည်ထည်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦး၏ လက်အောက်တွင် ချုပ်လုပ်ပေးနေသည့် အပ်ချုပ်စက်အလုံးပေါင်း ၁၀၀ ကျော်ရှိနေပြီး အများဆုံးမှာ လေးအိမ်တန်းရွာ၊ တောင်ရှေ့ရွာ၊ ဖိုးတုပ်ဖြူရွာ၊ သဲဖြူဝရွာဖြစ်ကြ၍ ချုပ်လုပ်သူများအနေဖြင့်လည်း ဝတ်စုံတစ်စုံလျှင် ချုပ်ခလုပ်အားခကျပ် ၄၀၀ မှ ၆၅၀ အထိရရှိနေသဖြင့် တစ်ရက်လျှင် ပျမ်းမျှပုံမှန်နှုန်းဖြင့် တစ်ဦးလျှင် ဝတ်စုံ ၁၀ စုံပြီးစီးနေသောကြောင့် နေ့စဉ်ဝင်ငွေ ကျပ် ၄၀၀၀ မှ ၆၅၀၀ အထိ အိုးမကွာအိမ်မကွာ နေရပ်ထဲတွင်ရရှိလျက်ရှိနေကြောင်း သိရသည်။

သို့သော်လည်း ယခုအချိန်သည် နွေကာလအော်ဒါမှာယူသူများနှင့် ဝယ်ယူဝတ်ဆင်သူများပြားနေချိန်တွင် ချုပ်လုပ်နေသူများအနေဖြင့်လည်း ပွင့်လင်းရာသီဖြစ်သဖြင့် မိသားစုဘုရားဖူးထွက်ခြင်း၊ အလှူမင်္ဂလာပွဲများ ကျင်းပပြုလုပ်ခြင်း၊ နွေရာသီရေရှားချိန် သောက်သုံးရေကို အဓိကဦးစားပေး အချိန်ယူစောင့်ဆိုင်းခပ်ယူသုံးစွဲနေရသဖြင့် အထည်ချုပ်လုပ်ငန်းတွင် လုပ်သားအင်အားနည်းပါးသွားသဖြင့် လုပ်ငန်းရှင်တို့အတွက် ပစ္စည်းမလောက်မငနှင့် မှာယူဝတ်ဆင်ရောင်းချနေသူတို့အပေါ်တွင် စိတ်တိုင်းကျဝန်ဆောင်မှုပေးရန် အခက်အခဲဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့၌ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အမှတ်(၂)ရပ်ကွက်၊ မြို့သစ်(၂)နှင့် မြို့သစ်(၃)ရပ်ကွက်များမှ အန္တရာယ်ရှိသော သံဓာတ်တိုင်အဟောင်းများကို ကွန်ကရစ်ဓာတ်တိုင်များနှင့် အစားထိုးလဲလှယ်ခြင်းကို New Ever Light ကုမ္ပဏီနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်း၍ မတ် ၃၁ ရက်က ဆောင်ရွက်နေစဉ်။** (ဓာတ်တိုင်များ လဲလှယ်ခြင်းနှင့်အတူ ၁၁/၀. ၄ ကေဗွီ၊ (၃၁၅)ကေဗွီအေ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွင် ယခင် HDBC-နံပါတ်(၆) နှင့် နံပါတ်(၈)ကြိုး မှ HDBC နံပါတ်(၄) ကြေးကြိုးများကိုလည်း ပြောင်းလဲတပ်ဆင်ပေးခဲ့ကြောင်းသိရသည်။)

**စိုးကျော်သူထွေး(မတ္တရာ)**

# ရေပြတ်လပ်နေသောကျေးရွာသို့ စမ်းရေသယ်ယူပေးလျက်ရှိ

**ငပုတော မေ ၁**

ငပုတောမြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော ငါးပြေမကျေးရွာအုပ်စု ဖိုးရွှေပုကျေးရွာရှိ အိမ်ထောင်စု ၄၄ စုအတွက် ကျေးရွာမှ ၆ မိုင်ခန့်ကွာဝေးသော တောင်ခြေရှိစမ်းရေကို ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေ့စဉ် သယ်ယူပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် သောက်သုံးရေပြတ်လပ်မှု ကြုံတွေ့နေရသဖြင့် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် မတ် ၉ ရက်မှစ၍ ထော်လာဂျီဖြင့် တစ်ရက်လျှင် လေးခေါက် သယ်ယူပို့ဆောင်ပေးနေခြင်းဖြစ်ကြောင်း၊ တစ်အိမ်အတွက် ၂၅ ဂါလန် နှုန်းဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ သောက်သုံးရေများ သယ်ယူဖြန့်ဝေပေးနေမှုကို ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ မတ် ၃၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



ရေယူရန် စောင့်ဆိုင်းနေသော ကျေးရွာနေပြည်သူများ။

# လူထုအခြေပြု ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး စီမံချက်ဆိုင်ရာများ ဆွေးနွေး

**မြစ်ကြီးနား မေ ၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြှင့်တင်ခြင်း စီမံချက်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြစ်ကြီးနားမြို့ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံး အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်)ရုံးချုပ်၊ ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်လှက စီမံကိန်းပြုလုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့ပြီး ကချင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး(ပထမတန်း) ဦးဂဲနက်စ်က စီမံကိန်းဆောင်ရွက်မည့် ကျေးရွာများရွေးချယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"ယခုအချိန်မှာ ရာသီဥတုတွေဖောက်ပြန်နေတယ်။ ဒီလိုဖြစ်လာတာနဲ့အမျှ မြန်မာနိုင်ငံ အပူပိုင်းဒေသတွေမှာ ရေရှားပါးမှုတွေ ဖြစ်လာတယ်။ အပူချိန်မြင့်တက်လာတာနဲ့အမျှ ခြင်တွေလည်း ပေါများလာတဲ့အတွက်ကြောင့် ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်သက်ပြီး ပြဿနာတွေ ကြုံတွေ့လာရတယ်။ အဲဒါကြောင့် ဒီစီမံချက်ကို အပူပိုင်းဒေသဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နဲ့ ကချင်ပြည်နယ်အပါအဝင် မြို့နယ်လေးခုမှ ကျေးရွာလေးရွာ၊ စီမံချက်တစ်ခုလုံးကို ရွာ ၅၀ မှာ ပြုလုပ်သွားဖို့ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ ၂၀၁၅ ခုနှစ်ကစတင်ပြီး စီမံချက်တွေ စတင်ဆောင်ရွက်နေပါပြီ။ မြစ်ကြီးနားမြို့နယ်အတွင်းမှာတော့ မတ် ၃၁ ရက်ကစပြီး ရေမှတစ်ဆင့်ကူးစက်တဲ့ရောဂါများ ဖြစ်ပွားမှုများခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မစင်စွန့်မှုစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုအလေ့အကျင့် အားနည်းတဲ့ ကျေးရွာနှစ်ရွာမှာ စီမံကိန်းတွေ ပြုလုပ်သွားမယ်။ ဒီစီမံကိန်းထဲမှာ ကျေးရွာအတွက် ရေကောင်းရေသန့်ရရှိဖို့ ရေတွင်းရေကန်များတူးဖော်ခြင်းနဲ့၊ မစင်စွန့်ဖို့အတွက် အိမ်သာကွန်ကရစ်ကျင်း၊ ပုံစံခွက်ပိုက်တွေကို တပ်ဆင်ပေးသွားမယ့်အပြင် ကျန်းမာရေး အသိပေးသင်တန်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာပေးခြင်းတွေကို အဓိကထားပြုလုပ်သွားမှာပါ။ သုံးနှစ်အတွင်း စီမံကိန်းတစ်ခုလုံးအတွက် ဆွစ်ဇာလန်နိုင်ငံသုံးငွေ CHF ခုနစ်သိန်းခွဲခန့် သုံးစွဲသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်)ရုံးချုပ်မှ ရေသန့်ကျွမ်းကျင် ဦးရန်နိုင်ထွန်းက ပြောသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်)ရုံးချုပ်နှင့် ကချင်ပြည်နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရက်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး မဏ္ဍပ်များစတင်ဆောက်လုပ်လျက်ရှိ

**မုံရွာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ အစဉ်အလာနှင့်အညီ ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရန်အတွက် သင်္ကြန်မဏ္ဍပ်များ စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"မုံရွာမှာ ဒီနှစ်သင်္ကြန်မှာ ဗဟိုမဏ္ဍပ်နဲ့ ဌာနမဏ္ဍပ်ကြီးခုနစ်ခုဖြစ်တဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန(ပြည်ထဲရေး)မဏ္ဍပ်က ခရိုင်စုပေါင်းရုံးရှေ့၊ ရုံးကြီးရပ် ရုံးကြီးလမ်း ဆည်မြောင်းရုံးရှေ့မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန(လယ်/ဆည်)မဏ္ဍပ်၊ ဗိုလ်ချုပ်လမ်းမပေါ် မဟာမြိုင်အရှေ့မှာ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနမဏ္ဍပ်၊ ကမ်းနားလမ်း ပဆင်ရုံးရှေ့မှာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန မဏ္ဍပ်၊ တမာတန်းလမ်းဆုံ တိုင်းဒေသကြီးလျှပ်စစ်ရုံးရှေ့မှာ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန မဏ္ဍပ်၊ ဗိုလ်ချုပ်လမ်းမပေါ် ချင်းတွင်းရတနာဈေးရှေ့မှာ စည်ပင်သာယာရေးဝန်ကြီးဌာနမဏ္ဍပ်နှင့် ဗိုလ်ချုပ်လမ်းမပေါ် အလက(၂)အနီးမှာ ဘဏ္ဍာရေးနှင့် လူမှုရေးဝန်ကြီးဌာန မဏ္ဍပ်တွေနဲ့ ကျင်းပသွားမှာပါ။ လက်ရှိအချိန်မှာ တိုင်းဒေသကြီးအတွင်းက မြို့နယ်ကိုယ်စားပြု အလှပြယာဉ်တွေအဖြစ် ပါဝင်ယှဉ်ပြိုင်ဖို့ ခုနစ်စီး လာရောက်စာရင်းပေးသွင်းထားပါတယ်"ဟု တိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မုံရွာမြို့အတွင်း ဆောက်လုပ်နေသော မဏ္ဍပ်တစ်ခု။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် မုံရွာမြို့၌ ဌာနကိုယ်စားပြုမဏ္ဍပ် ခုနစ်ခုအပြင် ပုဂ္ဂလိကရေကစားမဏ္ဍပ်များလည်းရှိရာ မြို့နယ်နှင့် ရပ်ကွက်ကိုယ်စားပြု အလှပြယာဉ်များလည်း ပါဝင်၍ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# သင်္ကြန်ကာလအတွင်း ပြည်တွင်းရေကြောင်း၏ မြစ်ဝကျွန်းပေါ်သွားခရီးရှည်နှင့် ခေါက်တိုသင်္ဘောခရီးစဉ်အချို့ လျှော့ချပြေးဆွဲသွားမည်



ခေါက်တိုပြေးဆွဲနေသော ပန်းဆိုးတန်း–ဒလ ကူးတို့ရေယာဉ်တစ်စင်း။

**ရန်ကုန် မေ ၁**

မကြာမီကျရောက်တော့မည့် ၂၀၁၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလ မတိုင်မီနှင့် သင်္ကြန်ရက်များအတွင်း ပြည်တွင်းရေကြောင်းက လက်ရှိပြေးဆွဲနေသော မြစ်ဝကျွန်းပေါ်သွား ခရီးရှည်အချို့နှင့် ခေါက်တိုသင်္ဘောခရီးစဉ်အချို့ကို လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ(ရန်ကုန်)မှ သိရသည်။

သင်္ကြန်ကာလ မေပြီ ၁၂ ရက်မှ ၁၇ ရက်အထိ မြစ်ဝကျွန်းပေါ်ဌာနခွဲ သင်္ဘောခရီးစဉ်ပြေးဆွဲမှုအနေဖြင့် ရန်ကုန်-လပွတ္တာ(အပြင်/ဌား)၊ ရန်ကုန်-မော်ကျွန်း(ဌား) နှင့် ရန်ကုန် - လပွတ္တာ(အတွင်း/ဌား) ခရီးစဉ်များကို ပြေးဆွဲမည်ဖြစ်သည်။ ရန်ကုန်-ကျုံမငေး သင်္ဘောခရီးစဉ်ကို ဧပြီ ၉ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာပြီး ရေယာဉ်ခရီးစဉ်အဆုံးတွင် ညအိပ်ရပ်နားကာ ဧပြီ ၁၈ ရက်တွင် ကျုံမငေးမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ရန်ကုန်-လပွတ္တာ(အပြင်/ဌား)ခရီးစဉ်ကို ဧပြီ ၈ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာပြီး ရေယာဉ်ခရီးစဉ်အဆုံးတွင် ညအိပ်ရပ်နားကာ ဧပြီ ၁၈ ရက်တွင် လပွတ္တာမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ဧပြီ ၁၁ ရက်တွင် ရန်ကုန်-လပွတ္တာ ခရီးစဉ်ကို ရန်ကုန်မှ စတင်ထွက်ခွာပြီး ဧပြီ ၁၉ ရက်တွင် လပွတ္တာမှ ပြန်လည်ထွက်ခွာလာမည်ဖြစ်သည်။ ဧပြီ ၁၂ ရက်တွင် ရန်ကုန်-မော်ကျွန်း(ဌား)ခရီးစဉ်ကို ရန်ကုန်မှ စတင်ထွက်ခွာပြီး ဧပြီ ၁၇ ရက်တွင် မော်ကျွန်းမှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ ရန်ကုန်-လပွတ္တာ(အတွင်း/ဌား )ခရီးစဉ်ကို ဧပြီ ၉ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာပြီး ဧပြီ ၁၈ရက်တွင် ကြာကန်မှ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲ (ရန်ကုန်) ၏ ခေါက်တိုပြေးဆွဲမှုများကိုလည်း လျှော့ချမည်ဖြစ်ရာ သင်္ကြန်ကာလ ဧပြီ ၁၂ ရက်မှ ၁၇ ရက်အတွင်း ရန်ကုန်ပန်းဆိုးတန်း-ဒလ ပြေးဆွဲသော ချယ်ရီကူးတို့ရေယာဉ်ခရီးစဉ်ကို ယခင်က တစ်ရက်လျှင် ၄၆ ခေါက်ပြေးဆွဲရာမှ ၂၆ ခေါက်သို့ လျှော့ချပြေးဆွဲမည်ဖြစ်သည်။ ရန်ကုန်-ခနောင်တို ခရီးစဉ်တွင် လက်ရှိပြေးဆွဲနေသော ဗလ အမျိုးအစားရေယာဉ်ကို သင်္ကြန်ရက်များအတွင်း ရပ်နားထားပြီး T/S အမျိုးအစားရေယာဉ်ဖြင့် မူလတစ်ရက်လျှင်ရှစ်ခေါက် ပြေးဆွဲရာမှ လေးခေါက်သို့ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်ဝါးတန်း-ဒလ ပြေးဆွဲသော ခရီးစဉ်ကိုလည်း သင်္ကြန်အကျနေ့မှ အတက်နေ့အထိ ရပ်နားထားပြီး သင်္ကြန်အကြိုနေ့နှင့် နှစ်ဆန်းတစ်ရက်နေ့များတွင် သာ ရိုးရိုး (၂)၊(၃)၊(၄) ရေယာဉ်အမျိုးအစားဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း၊ မူလက တစ်ရက်လျှင် ကိုးခေါက်ပြေးဆွဲရာမှ လေးခေါက်သို့ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲ(ရန်ကုန်)ရုံးမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေပြတ်လပ်မှု မဖြစ်စေရေးအတွက် မြို့နယ်အဆင့်ကြီးကြပ်မှုကော်မတီဖွဲ့၍ လူမှုကူညီရေးအသင်းများနှင့် ပူးပေါင်းဆောင်ရွက်နေ

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သည် မြန်မာပြည်အလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းတွင် ကျရောက်ပြီး နွေရာသီကာလရောက်တိုင်း သဘာဝရေအရင်းအမြစ်များမှ ရေရရှိမှုနည်းပါးသဖြင့် ယခင်ကသောက်သုံးရေ ခက်ခဲပြတ်လပ်မှုများ ဖြစ်ပေါ်လေ့ရှိသည်။ ယခုအခါ သောက်သုံးရေခက်ခဲပြတ်လပ်မှု ကြုံတွေ့ရလေ့ရှိသည့် ကျေးရွာများတွင် အဝီစိစက်ရေတွင်းများ တူးဖော်ပေးခြင်း၊ မြေသားမိုးရေလှောင်ကန်များပြုပြင်ခြင်း၊ အသစ်တူးဖော်ပေးခြင်း စသည်တို့ကို နိုင်ငံတော်အစိုးရနှင့်တိုင်းဒေသကြီးအစိုးရတို့၏ အစီအစဉ်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့က ကြီးကြပ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ မြို့နယ်မှာ နွေရာသီကာလရောက်တိုင်း အမြဲတမ်း သောက်သုံးရေခက်ခဲပြတ်လပ်မှုဖြစ်ပေါ်လေ့ရှိတဲ့ ရွာပေါင်း ၁၇ ရွာ ရှိပါတယ်။ မနှစ်ကဆိုရင် အဲဒီရွာတွေကို ဧပြီ ၁၇ ရက်ကစပြီး မီးသတ်ဌာနက ရေဘောက်ဆာတွေ၊ စည်ပင်သာယာက ရေသယ်ကားတွေကို အကူအညီတောင်းပြီး မိုးမကျခင် မေလပထမပတ်အထိ ကျွန်မတို့ ရေလုံလောက်အောင် ဖြန့်ဝေပေးခဲ့ပါတယ်။ ဒီနှစ်လည်း အဲဒီ ၁၇ ရွာအပြင်ကို ဘယ်ရွာတွေကပဲ အကူအညီတောင်းတောင်း ဖြန့်ဝေပေးဖို့ အဆင်သင့်ရှိပါတယ်။ ကျွန်မတို့အနေနဲ့ကတော့ မြို့နယ်ထွေ/အုပ်ရုံးမှာ လဝက်အစည်းအဝေးလုပ်တဲ့အချိန်နဲ့ လပိတ်အစည်းအဝေးနေ့တိုင်းမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေနဲ့ တွေ့ဆုံပြီး ရေခက်ခဲပြတ်လပ်မှုဖြစ်ပေါ်ရင် အကူအညီ တောင်းခံကြဖို့ မှာကြားထားပြီး ဆက်သွယ်ရမယ့်ဖုန်းနံပတ်တွေကိုလည်း ဖြန့်ဝေပေးထားပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး) က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကာလရှည်ပူပြင်းခြောက်သွေ့ခြင်းနှင့် နောက်ဆက်တွဲပြဿနာများအဖြစ် သောက်သုံးရေခက်ခဲပြတ်လပ်မှုနှင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာခြင်းမရှိစေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက် ဦးဆောင်၍ အဖွဲ့ဝင် ၂၉ ဦးနှင့် ရပ်ကွက်အသီးသီးရှိ လူမှုကူညီရေးအသင်းအဖွဲ့များ စုပေါင်းပါဝင်သော မြို့နယ်အဆင့် ကြီးကြပ်မှုကော်မတီကိုလည်း ဖွဲ့စည်းထားသည်။ အဆိုပါ ကြီးကြပ်မှုကော်မတီအောက်တွင် အရေးပေါ် ဆက်သွယ်ရေးကော်မတီနှင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ အလေအလွင့်မရှိ အကျိုးရှိစွာ သုံးစွဲနိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီတို့ပါဝင်၍ ကျေးရွာများ ရေပြတ်လပ်မှုမရှိစေရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိကာ ကျေးရွာများသို့ကွင်းဆင်း၍ ပညာပေးဟောပြောမှုများကိုလည်း အဆိုပါကော်မတီနှစ်ခုက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အယ်နီညိုနဲ့ပတ်သက်ပြီး စီမံချက်ရေးဆွဲပြီးဆောင်ရွက်နေပါတယ်။ တကယ်လို့ မြို့နယ်အတွင်းမှာ ရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်လာပြီဆိုရင် ရေအရင်းအမြစ်တွေဖြစ်တဲ့ ဆည်ပေါက်ကျေးရွာက စက်ရေတွင်းရှစ်တွင်းနဲ့ အင်တောကျေးရွာက စက်ရေတွင်းတွေကရေကို သယ်ယူဖြန့်ဝေပေးသွားဖို့ စီစဉ်ထားပါတယ်။ အဲဒါတွေနဲ့ မလုံလောက်ဘူးဆိုရင်တောင် ကျွန်တော်တို့ ကြက်မောက်တောင်ဆည်မှာ ရေဧကပေ ၅၀၀၀ ကျော် ရှိပါသေးတယ်။ မြို့ပေါ်က ပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရသမျှရေသယ်ယာဉ်တွေနဲ့ လုံလောက်အောင် ဖြန့်ဝေပေးသွားမှာပါ။ ဒီအယ်နီညိုရာသီဥတုအတွက် အရေးပေါ်သုံးစွဲဖို့ ဆီဂါလန် ၃၀၀ နဲ့ ငွေကျပ်သိန်း ၂၁၀ ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ လက်ခံရရှိပြီးဖြစ်ပါတယ်။ ဒါတွေကိုလည်း မြို့နယ်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီသုံးရပ်နဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး လိုအပ်တဲ့နေရာတွေမှာ စနစ်တကျ သုံးစွဲသွားဖို့ရှိပါတယ်။ အခုလည်း ကျွန်တော်တို့မြို့နယ်က လူမှုရေးအသင်းအဖွဲ့တွေက ရွာတွေကိုလိုက်ပြီး လှူနေကြပါတယ်။ ကျွန်တော်တို့မြို့နယ်အပြင် ချောက်မြို့နယ်က ကျေးရွာတွေနဲ့ ညောင်ဦးမြို့နယ်ဘက်က ကျေးရွာတွေအထိသွားပြီး လှူနေကြတာပါ။ ကျွန်တော်တို့မြို့နယ်တစ်ခုလုံးအနေနဲ့ကတော့ အခုထိ ကြီးကြီးမားမား ပြဿနာ မရှိသေးပါဘူး။ ဘာလို့လည်းဆိုတော့ ရေနဲ့ပတ်သက်လို့ ပြဿနာရှိရင် ချက်ချင်းအကြောင်းကြားဖို့ ကျွန်တော့်ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ စာရေးဝန်ထမ်းတွေကို မှာကြားထားပြီးဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က မြို့နယ်အတွင်း စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းပြသည်။



ကျေးရွာရေရရှိရေး စက်ရေတွင်းတူးဖော်နေစဉ်။

ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာများ၌ ရေပြတ်လပ်မှု မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ၃၀ တွင် လက်တူးတွင်းနှစ်တွင်း၊ စက်ရေတွင်း ၁၃ တွင်း၊ ရေကန်အသစ်တူးဖော်ခြင်း ၁၃ ကန်၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း တစ်ခုနှင့် အခြားရေရရှိရေးလုပ်ငန်း တစ်ခုကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပြီး နှစ်စဉ်ရေခက်ခဲပြတ်လပ်မှုဖြစ်ပေါ်လေ့ရှိသည့် ကျေးရွာ ၁၇ တွင်လည်း ရေလှောင်ကန်များဆောက်လုပ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ယခုအချိန်တွင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များက မိမိတို့အစီအစဉ်ဖြင့် ကုသိုလ်ရှင်များရှာဖွေပြီး ရေခက်ခဲပြတ်လပ်မှုရှိကြောင်း အဆိုပြုတောင်းခံလာသည့်ကျေးရွာများသို့ နယ်စည်းမခြား လိုက်လံပေးပို့လှူဒါန်းလျက်ရှိကြောင်းလည်း သိရသည်။

**သတင်းဆောင်းပါး–နေအောင်(ပြန်/ဆက်)**

# မိုဘိုင်းဖုန်းသုံးစွဲသူများ အခွန်ငါးရာခိုင်နှုန်းပေးဆောင်ရမည့်ကိစ္စ ပြည်သူများ အသေးစိတ်သိရှိလို

မိုဘိုင်းဖုန်းသုံးစွဲသူများ ဧပြီ ၁ ရက်မှစတင်၍ ပေးဆောင်ရတော့မည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းနှင့်ပတ်သက်၍ ဖုန်းအသုံးပြုသူ ပြည်သူများအနေဖြင့် ဝေဖန်ပြောဆိုမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရပြီး အများစုမှာ ပေးဆောင်ရမည့်ပုံစံနှင့် အခွန်ငွေများကို မည်သို့ပြန်လည်အသုံးပြုမည်ကို သိရှိလိုကြောင်း ပြောဆိုလျက်ရှိသည်။

"ကုန်သွယ်လုပ်ငန်းခွန်ဆိုတာဘာလဲ။ စီးပွားရေးကို ဆိုလိုတာလား။ ဖုန်းသုံးစွဲနေတဲ့ ပြည်သူအများစုကတော့ လူမှုရေးအရသော်လည်းကောင်း၊ ကျန်းမာရေးအရသော်လည်းကောင်း သုံးနေကြတာဖြစ်ပါတယ်။ တကယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်ဖြစ်တဲ့ အော်ပရေတာများကသာ တာဝန်ယူဖြေရှင်းပေးသင့်ပါတယ်။ ဒါမှသာ ပြည်သူလူထု အကျိုးပြုရာရောက်ပါမယ်" Ko Ko အမည်ဖြင့် အသုံးပြုသူတစ်ဦးက ဖေ့စ်ဘုတ်တွင် ဝေဖန်ရေးသားထားသည်။

သို့ရာတွင် အဆိုပါ အခွန်ငွေပေးဆောင်ရမှုနှင့် ပတ်သက်၍ အသုံးပြုသူများဘက်မှ ပေးဆောင်ရသော ငါးရာခိုင်နှုန်းမှာ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုန်သွယ်လုပ်ငန်းအနေဖြင့် ပေးဆောင်ရခြင်းမဟုတ်ဘဲ စားသောက်ဆိုင်များတွင် စားသုံးသူဘက်မှ ပေးဆောင်ရသော အခွန်ကဲ့သို့ ပေးဆောင်ရခြင်းဖြစ်ကြောင်း၊ အော်ပရေတာများအနေဖြင့် ပေးဆောင်ရသော ကုန်သွယ်လုပ်ငန်းခွန်မှာလည်း သီးသန့်ရှိကြောင်း အော်ပရေတာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းနှင့် ပတ်သက်၍ အသုံးပြုသူများအနေဖြင့် ပေးဆောင်ရန်မသင့်ဘဲ အော်ပရေတာများဖြစ်သော မြန်မာ့ဆက်သွယ်ရေး၊ တယ်လီနောနှင့် အူရီဒူးတို့ကသာ ပေးဆောင်သင့်ကြောင်း ဝေဖန်ကြသူများရှိနေသလို အချို့မှာ ပေးဆောင်လိုက်သည့် အခွန်များကို အော်ပရေတာများက ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနသို့ မည်သို့မည်ပုံလွှဲပြောင်းပေးမည်ဆိုသည်ကို သိရှိလိုကြပြီး အချို့က အဆိုပါ ကောက်ခံထားသောအခွန်ငွေများဖြင့် ဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်ရေးအတွက် မည်သို့အသုံးပြုမည်ကို သိရှိလိုကြောင်း ဝေဖန်ပြောဆိုနေကြသည်။

မိုဘိုင်းဖုန်းအသုံးပြုသူတစ်ဦးက "ဒီဥပဒေကို ပြန်စဉ်းစားစေလိုတယ်။ ပြည်သူတွေအတွက် အခက်အခဲဖြစ်စေနိုင်ပါတယ်။ ပြည်သူတွေတိုင်းလိုလို ဖုန်းသုံးစွဲကြပါတယ်။ ဆင်းရဲချမ်းသာမရွေးပေါ့။ ဆင်းရဲသူ တစ်နေ့လုပ်တစ်နေ့စားတွေက ဆက်သွယ်ရေးအတွက် သုံးနေကြတာပါ။ ခုလိုကောက်ခံမယ်ဆိုတော့ ဆင်းရဲသားပြည်သူတွေအတွက် အခက်အခဲဖြစ်စေနိုင်ပါတယ်။ အဲဒီအခွန်တွေကို ဘယ်နေရာမှာအသုံးပြုမှာလဲ။ သက်သေခိုင်ခိုင်လုံလုံနဲ့ ရတဲ့အခွန်တွေကို ဘယ်နေမှာဘယ်လိုအသုံးချမယ်လို့ ပြပါ။ အဲဒါဆိုရင် ပြည်သူ့အကျိုးအတွက်ဆိုရင် ပေးဆောင်ရတာ ကျေကျေနပ်နပ် လက်ခံပေးနိုင်မယ်လို့ ယူဆမိတယ်။ ဒါပေမယ့် ဆင်းရဲသားပြည်သူတွေကို ထည့်ပြီး ပြန်စဉ်းစားစေလိုပါတယ်"ဟု ပြောသည်။

အော်ပရေတာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက အဆိုပါ အခွန်ကောက်ခံခြင်းမှာ ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ကောက်ခံမှုတွင် မိုဘိုင်းအော်ပရေတာများက ကြားမှဝန်ဆောင်၍ကောက်ခံပေးခြင်းသာဖြစ်ကြောင်း၊ အခွန်ကောက်ခံသည့် အစီအစဉ်အရ ကောက်ခံထားသည့်ငွေများကို အော်ပရေတာများအနေဖြင့် ပြည်တွင်းအခွန်ဦးစီးဌာနသို့ လစဉ်ပေးဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ပေးဆောင်မည့်ပုံစံ အသေးစိတ်ကို ပြည်တွင်းအခွန်ဦးစီးဌာနဘက်သို့သာ ဆက်သွယ်မေးမြန်းစေလိုကြောင်း ပြောသည်။




ယခုရက်ပိုင်းတွင် အဆိုပါ အခွန်ကောက်ခံမည့် ကိစ္စနှင့်ပတ်သက်၍ "ပြည်ထောင်စုအခွန်ဥပဒေအရ မိုဘိုင်းဖုန်းသုံးစွဲသူများအားလုံးသည် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကိုပေးဆောင်ရန် လိုအပ်ကြောင်း၊ ထို့အတွက်ကြောင့် အော်ပရေတာအားလုံးသည် သုံးစွဲသူများ မိုဘိုင်းဖုန်းသုံးစွဲသည့်အခါတိုင်းတွင် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို ကျသင့်ငွေများတွင် ထည့်သွင်းကောက်ခံသွားမည်ဖြစ်ကြောင်း၊ အခွန်ငွေများကို သုံးစွဲသူများ၏ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင်ရှိသော ပြည်တွင်းအခွန်များဦးစီးဌာနသို့ လစဉ်ပေးသွင်းသွားမည်ဖြစ်ကြောင်း" ဟု အသုံးပြုသူများထံသို့ အော်ပရေတာများက မက်ဆေ့များပေးပို့၍ အသိပေးလျက်ရှိသလို ၎င်းတို့၏ ဝက်ဘ်ဆိုက်များ၊ ဖေ့စ်ဘုတ်စာမျက်နှာများတွင်လည်း အသိပေးကြေညာထားလျက်ရှိသည်။

မိုဘိုင်းဖုန်းသုံးစွဲသူများထံမှ အခွန် ငါးရာခိုင်နှုန်းကောက်ခံမည့်ဥပဒေကို ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အတည်ပြုခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ကောက်ခံရန်စီစဉ်ခဲ့ရာမှ ပြည်သူများ၏ ဝေဖန်မှုနှင့် တောင်းဆိုမှုများကြောင့် တစ်နှစ်နောက်ဆုတ်ပြီးမှ ကောက်ခံရန် ဆုံးဖြတ်ခဲ့ရာ ယခု ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်တွင် နောက်ဆုတ်ထားသောရက် တစ်နှစ်ပြည့်သဖြင့် စတင်ကောက်ခံခြင်းဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# နည်းပညာသစ်ဖြင့် Top-mounted ရေခဲသေတ္တာကို ဆမ်ဆောင်းမိတ်ဆက်

**ရန်ကုန် ဧပြီ ၁**

ရာသီဥတု ပူပြင်းနေချိန်တွင် ပိုမိုသက်သောင့်သက်သာရှိသော လူနေမှုဘဝကိုဖန်တီးပေးနိုင်ရန်နှင့် ခေတ်မီသော လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရန်အတွက် ဒီဇိုင်းပြုလုပ် ဖန်တီးထားသည့် Top-mounted freezer (TMF) refrigerator (RT7000) ကို ပြည်တွင်းဈေးကွက်၌ ဆမ်ဆောင်းက မိတ်ဆက်ခဲ့သည်။

အဆိုပါ Top Mounted Freezer Refrigerator တွင် ကမ္ဘာ့ပထမဆုံး ထူးခြားသည့်နည်းပညာဖြစ်သော Twin Cooling Plus နည်းပညာကို ထည့်သွင်းထားကာ ယခင်ရေခဲသေတ္တာများနှင့်မတူဘဲ compressor တစ်လုံး၊ Evaporator နှစ်လုံး ထည့်သွင်းတီထွင်ထုတ်လုပ်ထားသဖြင့် ရေခဲခန်းနှင့် အအေးခန်းကို သီးသန့်အအေးလည်ပတ်မှုပေးပြီး အခန်းတွင်းသိမ်းဆည်းထားသော ဟင်းသီးဟင်းရွက်၊ အစားအစာနှင့် အသားငါးများကို ယခင်ထက် ၇၀ ရာခိုင်နှုန်း ပိုမိုထိန်းသိမ်းပေးနိုင်မည်ဖြစ်ကာ အစားအစာများနှင့် ဟင်းသီးဟင်းရွက်များကို အနံ့ရောနှောမှုလည်း ကင်းဝေးစေမည်ဖြစ်ကြောင်း သိရသည်။

RT7000 Top Mounted Freezer သည် အရွယ်အစားအနေဖြင့်လည်း ဟင်းသီးဟင်းရွက်၊ အစားအစာများ ပိုမိုကျယ်ဝန်းစွာ သိမ်းဆည်းထားနိုင်ရန် လီတာ ၆၂၀ အရွယ်အစားအထိ ပြုလုပ်ထားသဖြင့် မိသားစုတစ်ခုအတွက် တစ်ပတ်စာ အစားအသောက်များကို လုံလောက်စွာသိမ်းဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် Twin Cooling Plus နည်းပညာအသစ်သည် သုံးစွဲသူများ၏ လိုအပ်ချက်အပေါ်မူတည်၍ ရေခဲခန်း(freezer)ကို လိုအပ်လျှင် အအေးခန်း(fridge)အဖြစ်သို့ ပြောင်းလဲခြင်း၊ ခရီးရှည်သွားရန် လိုအပ်ပါက အအေးခန်း(fridge) ကို သီးသန့်ပိတ်သွားခြင်း စသည့် လုပ်ဆောင်ချက်များကို ရရှိနိုင်မည့် Freezer-Fridge, Energy Saving, Vacation, Fridge Max, နှင့် Mini mode စသည့် လုပ်ဆောင်ချက်ငါးမျိုးလည်း ပါဝင်ကြောင်း သိရသည်။

ဆမ်ဆောင်း RT7000 Top Mounted Freezer ကို မတ် ၂၅ ရက်တွင် စတင်မိတ်ဆက်၍ မြန်မာနိုင်ငံရှိ ဆမ်ဆောင်းဆိုင်ခွဲများတွင် ရောင်းချနေပြီဖြစ်ရာ မတ် ၂၅ ရက်မှ ၂၇ ရက်အတွင်း အထူးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သွန်းဝသန်**



# New Product

# Apple iphone SE

Apple iphone SE ဟာ အရင်တုန်းက ထွက်ခဲ့တဲ့ iphone တွေလို အရွယ်အစားသေးငယ်တဲ့ပုံစံနဲ့ ပြန်ထွက်လာတဲ့ မော်ဒယ်အသစ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လကုန်ပိုင်းမှာမှ နိုင်ငံတကာဈေးကွက်မှာ စတင်မိတ်ဆက်ခဲ့တာမို့ ပြည်တွင်းဈေးကွက်ကို မဝင်ရောက်သေးပါဘူး။

Apple iphone SE ဟာ အရင်က ထွက်ခဲ့တဲ့ အိုင်ဖုန်းတွေလို မျက်နှာပြင် အရွယ်အစား လေးလက်မပဲရှိပြီး Resolution က 640x1136 pixels ရှိပါတယ်။ စက်လည်ပတ်တဲ့စနစ်အနေနဲ့ iphone တွေရဲ့ နောက်ဆုံးထွက်စနစ်ဖြစ်တဲ့ iOS 9.3 ကို အသုံးပြုထားပါတယ်။ CPU က Dual-core 1.84 GHz Twister ကို အသုံးပြုထားပြီး RAM က 2GB ပါဝင်ပါတယ်။ အင်တာနယ် မင်မိုရီကတော့ 16 GB နဲ့ 64 GB နှစ်မျိုးထွက်ထားပြီး မင်မိုရီကတ် ထပ်စိုက်သုံးလို့ မရပါဘူး။



ကင်မရာပိုင်းမှာတော့ နောက်ကျောဘက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ်ရှိပြီး phase detection, autofocus, dual-LED (dual tone), geo-tagging, face/smile detection, HDR (photo/panorama)စတဲ့ လုပ်ဆောင်ချက်တွေများစွာပါဝင်ပါတယ်။ iphone ကင်မရာတွေရဲ့ ထုံးစံအတိုင်း မဂ္ဂါပစ်ဇယ်ဟာ အန်းဒရွိုက်ဖုန်းတွေထက် နည်းပေမယ့် ရုပ်ထွက်ပိုင်းမှာတော့ စိတ်ကျေနပ်စရာကောင်းအောင် ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဗီဒီယိုကိုလည်း 4K အရည်အသွေးအထိ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ကင်မရာကတော့ ၁ ဒသမ ၂ မဂ္ဂါပစ်ဇယ်ပဲ ရှိပါတယ်။

Apple iphone SE ဟာ နောက်ဆုံးထွက် မော်ဒယ်မြင့်ဖုန်းဖြစ်တာကြောင့် Finger print, Apple Pay, Siri နဲ့ iCloud စတဲ့ လုပ်ဆောင်ချက်တွေကိုလည်း အသင့်သုံးနိုင်မယ့်အနေအထား ပါဝင်ထားပြီးဖြစ်ပါတယ်။

မိုဘိုင်းဖုန်းနက်ဝပ်ကတော့ GSM ဖြစ်ပြီး အင်တာနက်အတွက် 2G, 3G နဲ့ 4G LTE အထိ ထောက်ပံ့ပေးထားပါတယ်။ ဘက်ထရီပိုင်းမှာတော့ Li-Po 1642 mAh ဘက်ထရီကို အသုံးပြုထားလို့ 3G စနစ်မှာ အသင့်ထားရင် ၁၀ ရက်လောက်အထိ ထားနိုင်မှာဖြစ်ပြီး ၁၄ နာရီလောက်ဆက်တိုက် ဖုန်းပြောနိုင်မှာဖြစ်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ လှပတဲ့ အရောင်လေးမျိုး ရနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ၃၉၉ ဒေါ်လာနဲ့ စတင်မိတ်ဆက်ထားလို့ ပြည်တွင်းဈေးကွက်ကို ဝင်ရောက်ချိန်မှာ ကျပ်လေးသိန်းခွဲခန့်သာ ရှိနိုင်မှာဖြစ်ပြီး တန်ဖိုးအားဖြင့်လည်း မများတဲ့အတွက် Apple iphone SE ဟာ iphone ကြိုက်သူတွေ နှစ်သက်ကြဦးမယ့် ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။ **သူရဖြိုး**

# စွန့်ဦးတီထွင်လုပ်ငန်းများအတွက် အထောက်အကူပြုမည့် Accelerate Program ကို တယ်လီနောမှပြုလုပ်

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံ၏ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုအားပေးဆောင်ရွက်နိုင်ရန်အတွက် Telenor Accelerate အစီအစဉ်ကို တယ်လီနောမြန်မာက မတ် ၃၀ ရက်က စတင်ကြေညာခဲ့သည်။

အဆိုပါအစီအစဉ်အရ စွန့်ဦးတီထွင် လုပ်ငန်းများအနေဖြင့် မိမိတို့၏ စီးပွားရေးအိုင်ဒီယာအသစ်များကို Telenor Accelerate အစီအစဉ်သို့ တင်ပြပြီး ရွေးချယ်ခံရသော မြန်မာ startup ကုမ္ပဏီများကို ထိုင်းနိုင်ငံမှ Dtac၊ မလေးရှားနိုင်ငံမှ Digi အစရှိသည့် တယ်လီနော၏ ဒေသတွင်းဆိုင်ရာကုမ္ပဏီများနှင့် လက်တွဲကာ Telenor Accelerate မှ နည်းပြလမ်းညွှန်မှုများပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ကူညီထောက်ပံ့ပေးခြင်း အပါအဝင် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀၀ အထိ ထောက်ပံ့မှုများပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် အချိန်လေးလကြာမြင့်မည့် boot-camp တွင် ထိုင်းနှင့် မလေးရှားနိုင်ငံတို့မှ startup ကုမ္ပဏီများနှင့်အတူ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အဆင့်မြှင့်တင်နိုင်မည့်အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း၊ ထိုနေရာတွင် ပါဝင်ခွင့်ရသူများသည် Silicon Valley မှ ကျွမ်းကျင်ပညာရှင်များက ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ဒေသတွင်းမှ အရည်အချင်းပြည့်ဝပြီး အောင်မြင်နေသည့် startup စွန့်ဦးတီထွင်သူများ၏ လမ်းပြညွှန်ကြားပေးမည့် အတွေ့အကြုံများ ရရှိမည့်အပြင် အလားအလာရှိသော စီးပွားရေးလုပ်ငန်းများကို တယ်လီနောမြန်မာ၊ တယ်လီနောအဖွဲ့တို့နှင့် ဆောင်ရွက်နိုင်မည့် အခွင့်အရေးများ စသည်တို့ကိုလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Telenor Accelerate အနေဖြင့် နည်းပညာနယ်ပယ်ရှိ အတွေးအမြင်အသစ်တင်ပြနိုင်သော startup ကုမ္ပဏီများမှ လျှောက်လွှာများကို လက်ခံနေပြီး အလားအလာရှိသော ကုန်ပစ္စည်းဖြစ်စေ၊ ရှေ့ပြေးပုံစံအကြမ်းထည်ပစ္စည်းဖြစ်စေ ရှိသည့် မည်သူမဆို အသုံးပြုသူအနည်းငယ် ကြိုတင်ရရှိထားပြီးလျှင်လည်း ပါဝင်လျှောက်ထားရန် အားပေးကြောင်း၊ ဤအစီအစဉ်ကို စိတ်ပါဝင်စားသူများအနေဖြင့် လျှောက်လွှာများကို ဧပြီ ၂၀ ရက်မတိုင်မီ Dtac ဝက်ဘ်ဆိုက် http://accelerate.dtac.co.th/en/Submission တွင် တင်သွင်းလျှောက်ထားနိုင်ပြီး ဆန်ခါတင် ရွေးချယ်ခံရသောအဖွဲ့များကို ဧပြီ ၂၅ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# MECTel မှ မြန်မာနှစ်သစ်ကူး ကံစမ်းမဲအစီအစဉ် ပြုလုပ်

**ရန်ကုန် ဧပြီ ၁**

MECTel ဆင်းကတ်များကို အသုံးပြုနေသူတိုင်းနှင့် ဆင်းကတ်အသစ် စတင်အသုံးပြုသူတိုင်းအတွက် မြန်မာနှစ်သစ်ကူးကံစမ်းမဲအစီအစဉ်ကို မတ် ၃၁ ရက်မှ ဧပြီ ၂၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ကံစမ်းမဲဆုမဲများအနေဖြင့် ဆမ်ဆောင်း Galaxy Note4 ၁၆ လုံး၊ ဆမ်ဆောင်း Tab A ရှစ်လုံး၊လက်မ ၄၀ ဆိုနီတီဗွီ လေးလုံး၊ တစ်ကျပ်သား ရွှေဒင်္ဂါး ဆု ၃၀၊ သုံးထောင်ကျပ်တန် ငွေဖြည့်ကတ် ၇၄၄၂ ကတ်၊ စုစုပေါင်း ဆု ၇၅၀၀ ပါဝင်မည်ဖြစ်ကာ MECTel ဆင်းကတ်အသစ် စတင်အသုံးပြုသူတိုင်း သို့မဟုတ် ၃၀၀၀ ကျပ်နှင့်အထက် ငွေဖြည့်တိုင်း သို့မဟုတ် MECTel ဆင်းကတ်အချင်းချင်း ဖုန်းပြောဆိုမှု တစ်မိနစ်တိုင်းအတွက် ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကံစမ်းမဲအစီအစဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်များကို MECTel Call Center နံပါတ် ၁၂၁၂ သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။ **သူရဖြိုး**


telenor
တယ်လီနော
အပိုဆု
အချိန်အခါ
ဧပြီလ(၁)ရက် မှ (၅)ရက်နေ့ အတွင်း
ဖုန်းငွေဖြည့်ပြီး အပိုဆု တွေကို ရယူလိုက်ပါ။
ဖုန်းငွေဖြည့်ကတ်
E-Load
အပိုဆု
၅၀% - ၅,၀၀၀ကျပ်
အပိုဆု
၂၀% - ၁,၀၀၀ကျပ်
အပိုဆု
၁၀% - ၃၀၀ကျပ်
အပိုဆု
၁၀,၀၀၀ကျပ် နှင့်အထက် ၅၀%
အပိုဆု
၅,၀၀၀မှ ၉,၉၉၉ကျပ်အထိ ၂၀%
အပိုဆု
၃,၀၀၀မှ ၄,၉၉၉ကျပ်အထိ ၁၀%
ဖုန်းငွေဖြည့် အပိုဆုများ ဖြင့် မည်သည့်ပြည်တွင်းဖုန်းကိုမဆို ခေါ်ဆိုခြင်း၊ မက်ဆေ့ချ် နှင့် ပုံမှန်အင်တာနက် သုံးစွဲခြင်းတို့ကို ၂၀၁၆၊ ဧပြီလ (၂၀)ရက်နေ့ အထိ အသုံးပြု နိုင်ပါသည်။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင် ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

# "ဝမ်းမြောက်ကြည်နူး အထူးကျေးဇူးတင်ပါသည်"

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ရှမ်းစုရပ်၊ ပြည်လမ်းမပေါ်ရှိ မဟာအတုလဝေယံဘုံသာတိပိဋကရွှေပါရမီကျောင်းတော်ကြီးအတွင်း၌ (၂၄.၃.၂၀၁၆)မှ (၂၇.၃.၂၀၁၆)အထိ ကျင်းပပြုလုပ်ခဲ့သော နဝမမြောက်ရွှေစင်တိပိဋကဓရဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ သက်တော် (၄၈)နှစ်ပြည့်မွေးနေ့အလှူတော်မင်္ဂလာနှင့် အတုလပါရမီရွှေစေတီတော်၊ အတုလမင်္ဂလာရွှေစေတီတော်များ၊ ရွှေထီးတော်အထွဋ်တင်လှူခြင်း၊ မဟာအတုလဝေယံဘုံသာတိပိဋကရွှေပါရမီကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာအလှူတော်မင်္ဂလာ၊ ဆွမ်းပဒေသာပင် ကျပ်သိန်း (၁၅၀၀) စိုက်ထူခြင်းနှင့် သိက္ခာထပ်ရဟန်းခံရှင်ပြု နားသအလှူတော်မင်္ဂလာပွဲတော်ကြီးသို့ မေတ္တာတရားကြီးမားစွာဖြင့် ကြွရောက်ချီးမြှင့်တော်မူ၍ တရားဒေသနာများဟောကြား ချီးမြှင့်ပေးတော်မူကြပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဇန်းမေ် ဆရာတော်ဘုရားကြီး၊ ကျေးဇူးတော်ရှင် သီတဂူဆရာတော် ဘုရားကြီး၊ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ဘုရားကြီးများနှင့် ကြွရောက်ချီးမြှင့်တော်မူကြပါသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီးများ၊ တိပိဋကဓရဆရာတော်များ၊ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒ၊ အင်္ဂလန်အောက်စဖို့ဒ် ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိနှင့် ဆရာတော်သံဃာတော်များ၊ မေတ္တာဖြင့်ကြွရောက် ချီးမြှင့်အားပေးကြပါသော အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟ ဒကာ ဒကာမများ၊ Forever Media Group MRTV-4, Sky Net, မြဝတီရုပ်သံများ၊ သီတဂူမောင်မောင်အဖွဲ့နှင့် New Image အဖွဲ့များ၊ အလှူတော်ပွဲကြီးအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကာဝေယျာဝစ္စဆောင်ရွက်ပေးကြပါသော တပည့် သံဃာ၊ ဒကာ ဒကာမများ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့များ၊ မိုးသောက်ရေသန့်ဝန်ထမ်းများ၊ ဝေယျာဝစ္စအဖွဲ့များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲဝမ်းသာ အထူးကျေးဇူးတင်ပါကြောင်း ဘဝတစ်သက်မမေ့အပ်စရာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

"ပိဋကတ်သာသနာ, ဤကမ္ဘာ, နေရောင်အခန့်ပြန့်စေသော်"
"ပိဋကတ်လမင်း, ကမ္ဘာတွင်း, ထိန်းလင်းသာယာရှိစေသော်"
"ပိဋကတ်အလင်း, အမှောင်ခွင်း, အလင်းအသိ ရစေသော်"
"ပိဋကတ်တရေး, ကိုယ်စီပွါး, တရားတွေ့သိ ငြိမ်းစေသော်"

ရွှေစင်တိပိဋကဓရ ဆရာတော်နှင့်
ကျောင်းအကာကြီး (ဦးထွဋ်လတ်) + ကျောင်းအမကြီး သုဓမ္မသိင်္ဂီဒေါ်မြရွှေ
သားသမီးမြေးတစ်စု
မိုးသောက်ရေသန့်နှင့် ပြည့်စုံချမ်းသာစီးပွားရေးလုပ်ငန်းစု
ရန်ကုန်မြို့။

## ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန
## ပြည်ခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပြည်ခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လမ်းခင်းကျောက်ရွယ်စုံနှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၉-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ ပြည်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်မြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ ပြည်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပြည်မြို့တွင် ၇-၄-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**ပြည်ခရိုင်၊ ပြည်မြို့၊**
**ဖုန်း-၀၅၃-၂၄၂၄၂၊ ၀၅၃-၂၄၁၀၄**

## ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန
## သာယာဝတီခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သာယာဝတီခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လမ်းခင်းကျောက်ရွယ်စုံနှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၉-၄-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ သာယာဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သာယာဝတီမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ သာယာဝတီခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သာယာဝတီတွင် ၇-၄-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**သာယာဝတီခရိုင်၊ သာယာဝတီမြို့၊**
**ဖုန်း-၀၅၅-၃၀၀၇၃**

## ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန
## ပဲခူးခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပဲခူးခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လမ်းခင်းကျောက်ရွယ်စုံနှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၉-၄-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန(အစည်းအဝေးခန်းမ)၊ ပဲခူးခရိုင်၊ ပဲခူးမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ ပဲခူးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပဲခူးမြို့တွင် ၇-၄-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**ပဲခူးခရိုင်၊ ပဲခူးမြို့**
**ဖုန်း-၀၅၂-၂၂၂၁၄၉၄၊ ၀၅၂-၂၂၂၁၀၁၉**

## CLAIMS DAY NOTICE
## M.V VIKING CORAL VO Y:NO(1)

Consignees of cargo carried by M.V VIKING CORAL VOY:NO(1) are here by notified that the vessel will arrive of about 3-4-16 and cargo will be discharged into the premises on Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ်ရှိ ဆိုင်ခန်းများနှင့် လေ့ကျင့်ရေးအထက်ကျောင်း ကမာရွတ်နယ်မြေနှင့် လှိုင်နယ်မြေရှိ ဆိုင်ခန်းများအား တစ်နှစ်ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင် ရယူပြီး ၃၀-၄-၂၀၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်ပညာရေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်း-၅၂၇၀၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန
## တောင်ငူခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တောင်ငူခရိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် လမ်းတံတားလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော လမ်းခင်းကျောက်ရွယ်စုံနှင့် အထွေထွေလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၉-၄-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ တောင်ငူခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ငူမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ တောင်ငူခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ငူမြို့တွင် ၇-၄-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**တောင်ငူခရိုင်၊ တောင်ငူမြို့**
**ဖုန်း-၀၅၄-၂၃၇၂၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊တည်ဆောက်ရေးအဖွဲ့(၄)
## သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းတွင် တပ်ဆင်အသုံးပြုရမည့် သံမဏိသံပေါင်နှင့် ဆက်စပ်ပစ္စည်းများကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC သံမဏိစက်ရုံနှင့် J & M သံမဏိစက်ရုံ သာကေတတို့မှ သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သယ်ယူလိုပါသည်။ သယ်ယူပို့ဆောင်ခအား မြန်မာကျပ်ငွေဖြင့် ပေးချေပါမည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၄-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၄-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁-၄-၂၀၁၆ ရက်မှ ၂၅-၄-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းရုံး၊ ဖုန်း-၀၅၇-၂၃၃၄၁၊ ကျိုက်မုပွန်ဘုရားအနီး မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ (၃)မိုင်၊ ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်(၉၅၂)၊ အလျားပေ ၅၀၊ အနံပေ ၁၀၀ရှိ ဒေါက်တာမြင့်ကြည် ၁၄/မအန(နိုင်)၀၂၁၈၈၅ ဗန်းမော်မြို့ အမည်ပေါက်မြေကို ဒေါ်ပိုက်ပိုက်မြင့်သိန်း ၁/ဗမန(နိုင်)၀၄၁၈၃၀ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ ဒေါ်ပိုက်ပိုက်မြင့်သိန်းအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ဒေါ်ပိုက်ပိုက်မြင့်သိန်း**
**မင်းကုန်းရပ်၊ ဗန်းမော်မြို့**
**ဖုန်း-၀၉-၄၇၀၁၇၉၃၆**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ (၃)မိုင်၊ ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်(၉၃၆)၊ အလျားပေ ၅၀၊ အနံပေ ၁၀၀ရှိ ဗိုလ်ကြီးအောင်မြင့် ၁၃/နစန(နိုင်)၀၀၁၂၇၆ ဗန်းမော်မြို့ အမည်ပေါက်မြေကို ဒေါ်ချောချောငွေ ၁/ဗမန(နိုင်)၀၀၀၂၈၀၈ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ ဒေါ်ချောချောငွေအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ချောချောငွေ**
**ညောင်ပင်ရပ်၊ ဗန်းမော်မြို့၊**
**ဖုန်း-၀၉-၄၇၀၁၆၆၅၈**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ (၃)မိုင်၊ ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်(၈၅၁)၊ အလျားပေ ၅၀၊ အနံပေ ၁၀၀ရှိ ဒုအရာခံဗိုလ်မျိုးအောင် ၁၄/မအပ(နိုင်)၀၂၀၉၂၇ ဗန်းမော်မြို့ အမည်ပေါက်မြေကို ဦးမိုးမြင့်ကျော် ၅/ရဘန(နိုင်)၀၄၇၂၈၇ က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါသည်။ ဦးမိုးမြင့်ကျော်မှ ဒေါ်ပိုက်ပိုက်မြင့်သိန်း ၁/ဗမန(နိုင်)၀၄၁၈၃၀ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါကအရောင်းအဝယ်အမည်ပြောင်း မြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ပိုက်ပိုက်မြင့်သိန်း မင်းကုန်းရပ်၊**
**ဗန်းမော်မြို့၊ ဖုန်း-၀၉-၄၇၀၁၇၉၃၆**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်**

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ (၃)မိုင်၊ ရွှေပြည်သာကွက်သစ်၊ အကွက်အမှတ်(၉၄၀)၊ အလျားပေ ၅၀၊ အနံပေ ၁၀၀ရှိ ဒေါ်ဒေါ်ငနန်း ၁/ဗမန(နိုင်)၀၃၅၂၅၃ ဗန်းမော်မြို့ အမည်ပေါက်မြေကို ဒေါ်ချောချောငွေ ၁/ဗမန(နိုင်)၀၀၀၂၈၀၈ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါ၍ ဒေါ်ချောချောငွေအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ချောချောငွေ**
**ညောင်ပင်ရပ်၊ ဗန်းမော်မြို့**
**ဖုန်း-၀၉-၄၇၀၁၆၆၅၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)မှ အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အမျိုးအမည် |
|---|---|
| (က) | ရုံးသုံးစာရေးကိရိယာပစ္စည်းများ |
| (ခ) | လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများ |

၂။ တင်ဒါပိတ်မည့်ရက်နှင့် အချိန်- ၂၉-၄-၂၀၁၆ ရက်၊ မွန်းတည့် ၁၂ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**နည်းပညာတက္ကသိုလ်(သန်လျင်)**
**ဖုန်း-၀၉-၇၉၇၅၉၂၃၄၀၊ ၀၉-၄၂၀၁၂၆၂၃၆**

## နည်းပညာတက္ကသိုလ်(သန်လျင်)
## Huawei (HCNA-HNTD)
## သင်တန်းသားများလျှောက်လွှာခေါ်ယူခြင်း

နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် Huawei Technologies(Yangon)Co.,Ltdတို့ ပူးပေါင်း၍ Huawei Certified Network Associate-Huawei Networking Technology and Device (HCNA-HNTD) သင်တန်းများကို နည်းပညာတက္ကသိုလ်(သန်လျင်)၊ Huawei Authorized Information and Network Academyတွင် အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

**သင်တန်းအမှတ်စဉ် (၁)**

သင်တန်းကာလ ၂-၅-၂၀၁၆ ရက်မှ ၂၀-၅-၂၀၁၆ ရက်ထိ (3 weeks၊ 90hr course)
သင်တန်းချိန် တနင်္လာမှ သောကြာ (နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ)

**သင်တန်းအမှတ်စဉ် (၂)**

သင်တန်းကာလ ၆-၆-၂၀၁၆ ရက်မှ ၅-၈-၂၀၁၆ ရက်ထိ (9 weeks၊ 90hr course)
သင်တန်းချိန် တနင်္လာမှ သောကြာ (ညနေ ၄ နာရီမှ ညနေ ၆ နာရီအထိ)

(က) Computer ကျွမ်းကျင်စွာအသုံးပြုတတ်ပြီး IT အခြေခံရှိသူ မည်သူမဆို လျှောက်ထားနိုင်ပါသည်။ (B.Tech.(IT),B.Tech.(EC)/B.E.(IT),B.E. (EC)/ B.C.Tech ဘွဲ့တစ်ခုခုရရှိပြီးသူများအတွက် ပိုမိုအထောက်အကူဖြစ်နိုင်ပါမည်။
(ခ) လူတွေ့နှုတ်ဖြေစစ်ဆေးမှု ဖြေဆိုရမည်။
(ဂ) သင်တန်းပြီးဆုံးပါက Training Completion Certificate ပေးအပ်မည် ဖြစ်ပါသည်။
(ဃ) ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူနှစ်စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူနှစ်စုံ၊ လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရပါမည်။
(င) လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(သန်လျင်)၊ သင်တန်းရေးရာဌာနတွင် ရုံးချိန်အတွင်း ရယူနိုင်ပြီး သင်တန်းအမှတ်စဉ်(၁)အတွက် ၂၅-၄-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပြီး သင်တန်းအမှတ်စဉ်(၂) အတွက် ၂၇-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပါသည်။
(စ) အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ဌာနမှူး(သင်တန်းရေးရာ) | ဖုန်း-၀၉-၂၆၄၈၃၃၃၉၃၊ ၀၉-၈၆၀၂၀၅၃ |
| ဌာနမှူး(စီမံ) | ဖုန်း-၀၉-၂၆၄၈၃၃၃၉၁၊ ၀၉-၄၄၈၀၅၃၉၆၄ |
| သင်တန်းမှူး | ဖုန်း-၀၉-၇၉၇၉၂၆၀၇၀ |
| HR ဌာနမှူး | ဖုန်း-၀၉-၇၉၉၂၂၄၆၁၂ |

**ဌာနမှူး(သင်တန်းရေးရာ)**
**နည်းပညာတက္ကသိုလ်(သန်လျင်)**

## ချင်းပြည်နယ်
## နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများ ခန့်ထားရေးအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ချင်းပြည်နယ်အတွင်း ဆရာလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အသိအမှတ်ပြု တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခုခုမှ-
(၁) Ph.D ဘွဲ့ရရှိသူများ [အသက်(၄၀)နှင့်အောက်]
(၂) Master မဟာဘွဲ့ရရှိသူများ [အသက်(၃၅)နှစ်နှင့်အောက်]
(၃) (Bachelor) ဘွဲ့ရရှိသူများ [အသက်(၃၀)နှင့်အောက်]

၂။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ဘွဲ့ရကြောင်း ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မိတ္တူပူးတွဲတင်ပြရမည်။ (အသက်ကန့်သတ်ချက်ကို ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်ဖြင့် တွက်ချက်သည်။)

၃။ နေ့စားမူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ချင်းပြည်နယ်အတွင်း ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၄။ နေ့စားဆရာ၊ ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မူလတန်းပြဆရာအတတ်ပညာ(စာပေးစာယူ) သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး ယင်းသင်တန်းအောင်မြင်ပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးတွင် ၁-၄-၂၀၁၆ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏လျှောက်လွှာများကို ၂၂-၄-၂၀၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သော မြို့နယ်ပညာရေးမှူးရုံးများသို့ ပြန်လည်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၃၀-၄-၂၀၁၆ ရက်တွင် သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်တွင် ကျင်းပမည်။ အင်္ဂလိပ်စာ၊ သင်္ချာ၊ အထွေထွေဗဟုသုတဆိုင်ရာ ၁ နာရီ မေးခွန်းဖြေဆိုရမည်။

၇။ ၁၀-၅-၂၀၁၆ ရက်တွင် လူတွေ့ဖြေဆိုခွင့်ရရှိသူများစာရင်းကို လျှောက်လွှာတင်သွင်းခဲ့သော မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

၈။ ၁၄-၅-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီတွင် သက်ဆိုင်ရာမြို့နယ်များ၌ လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၉။ ၂၅-၅-၂၀၁၆ ရက်တွင် ခန့်ထားရမည့်သူများစာရင်းကို မြို့နယ်ပညာရေးမှူးရုံးများတွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို ချင်းပြည်နယ်ပညာရေးမှူးရုံးနှင့် ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ပညာရေးမှူးရုံး**
**ချင်းပြည်နယ်၊ ဟားခါးမြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးအေးဝင်း ၁၁/ပဏတ(နိုင်)၀၂၉၉၆၁ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် Passport အမှတ် A.436937 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၈၇၁၀၈၈**

# တိုင်းပြည်အတွက် အစိုးရတာဝန်စယူတဲ့ ရက်ပေါင်း ၁၀၀ အတွင်းမှာ သိသာထင်ရှားတဲ့အလုပ်တွေ ကြိုးစားလုပ်မယ်။ နောက်ပြီးတော့ ခြောက်လ၊ တစ်နှစ်အပြစ် ဦးစားပေးဆောင်ရွက်မယ်။ ဌာနတိုင်းပြင်ဆင်တာတွေ ရှိနေပါပြီ

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်နှင့် တွေ့ဆုံမေးမြန်းခြင်း

သတင်းအဖွဲ့



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းထိန်။ (သတင်းစဉ်)

**ပထမအကြိမ်အသွင်ကူးပြောင်းရေးမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သမ္မတကြီး ဦးသိန်းစိန်ကို လွှဲတာ၊ သူတို့တုန်းက အဆင်ပြေတယ်။ ဒါက မဆန်းဘူး။ ဘာကြောင့်လဲဆိုရင် သမ္မတ ဦးသိန်းစိန်ကိုယ်တိုင်က ဗိုလ်ချုပ်ကြီးဟောင်း၊ ပါဝင်တဲ့ ပုဂ္ဂိုလ်တော်တော်များများကလည်း တပ်မတော်ကဆိုတော့ သိပ်မထူးဆန်းဘူး။ ဒါပေမယ့် ပြည်သူလူထု အဆုံးအဖြတ်နဲ့ ရွေးကောက်ပွဲအောင်နိုင်တဲ့ ကျွန်တော်တို့ကို ဦးသိန်းစိန် ဦးဆောင်တဲ့အစိုးရက တာဝန်လွှဲတဲ့အခါကျတော့ အရပ်သားအစိုးရကို တာဝန်လွှဲတာ၊ သမိုင်းဝင်တဲ့ဖြစ်ရပ်ပါ။**

ပြောင်းလဲချိန်တန်ပြီဆိုသည့်စကားသည် ပြောင်းလဲတိုးတက်မှုကို လိုလားလျက်ရှိသော ပြည်သူ့အတွက်၊ မြန်မာ့ဒီမိုကရေစီပြောင်းလဲမှုအတွက် သမိုင်းတွင်သည့် စကားရပ်ဖြစ်ခဲ့သည်။

ဒုတိယအကြိမ် လွှတ်တော်နှင့် အစိုးရအဖွဲ့များကို ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒများနှင့် ကိုက်ညီစွာ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။

မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကိုလည်း ကျင်းပနိုင်ခဲ့သည်ကို ပြည်သူအားလုံး သိရှိကြပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတတာဝန် အောင်အောင်မြင်မြင်လွှဲပြောင်းနိုင်ခဲ့မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်အား တာဝန်လွှဲပြောင်းမှုတွင် ပါဝင်ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် အခြေအနေများကို သတင်းအဖွဲ့က ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

*စာမျက်နှာ ၇ ကော်လံ ၁* ✻



၂၂-၃-၂၀၁၆ ရက်က နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းရေး အခမ်းအနားကျင်းပရေးနှင့် အသွင်ကူးပြောင်းမှုချောမွေ့ရေး ပဥ္စမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

## မိုးကြိုကာလ လေပြင်းတိုက်ခတ်နိုင်

**နေပြည်တော် ဧပြီ ၁**

မြန်မာနိုင်ငံအရပ်ရပ်၌ အနောက်တောင်မုတ်သုံရာသီမကျရောက်မီ မိုးကြိုကာလအတွင်း နေ့အပူချိန်များမြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီမကျရောက်မီ မိုးကြိုကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

